# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၂)


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)

# နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က
(၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့
ပေးပို့သည့်သဝဏ်လွှာ
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်

ချစ်ကြည်လေးစားအပ်ပါသော ကချင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-

ယနေ့ ဇန်နဝါရီလ(၁၀)ရက်နေ့သည် ကချင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ နေ့ထူးနေ့မြတ်ဖြစ်သော (၇၂) နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် တောင်တန်းနှင့် ပြည်မဒေသကို ခွဲခြား၍ တိုင်းရင်းသားအချင်းချင်းကြား သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်က လွတ်လပ်ရေးတောင်းဆိုခဲ့ရာ ကိုလိုနီနယ်ချဲ့တို့က တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြိုးစားခဲ့ကြပါသည်။ သို့သော် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် တောင်တန်းဒေသများအပါအဝင် တစ်နိုင်ငံလုံးအတူတကွ လွတ်လပ်ရေးရယူလိုကြောင်း သဘောတူညီမှုရရှိအောင် တောင်တန်းဒေသများမှ ခေါင်းဆောင်များနှင့် ရှမ်းပြည်နယ်ပင်လုံမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြရာ ကချင်တိုင်းရင်းသား ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြပါသည်။ ပင်လုံဆွေးနွေးပွဲတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့မှုကြောင့် ပြည်မ၊ တောင်တန်းမခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိခဲ့ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာ အောင်သူ၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊

*စာမျက်နှာ ၄ ကော်လံ ၁* ❄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့တော်ခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

သတင်းစဉ်






# ပြည်ထောင်စုဆိုသည့်ဆန္ဒ

မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် တစ်ပြည်ထောင်စနစ်မဟုတ်ဘဲ ပြည်နယ်များ၊ ဒေသများ စုစည်း၍ ပြည်ထောင်စုအဖြစ် ဖွဲ့စည်းထားသော နိုင်ငံများ အများအပြားရှိကြပြီး မိမိတို့၏ ပြည်တွင်းအခြေအနေများ၊ ဖြတ်သန်းခဲ့ရသည့် သမိုင်းရေးအခြေအနေများနှင့် ကိုက်ညီသော ပြည်ထောင်စုစနစ်များကို ကျင့်သုံးနေကြခြင်း ဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် ပြည်နယ် ၅၀ ကို စုစည်းထားသည့် ပြည်ထောင်စုနိုင်ငံကြီးဖြစ်ပြီး အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ စကော့တလန်၊ အိုင်းရစ်၊ ဝေးလ်၊ ဒတ်ချ်၊ ရုရှား စသည့် ဥရောပသားများ၊ အာဖရိကန်များ၊ အာရှနွယ်ဖွားများ၊ သမုဒ္ဒရာကျွန်းသားများ စသည့် လူမျိုးပေါင်းစုံတို့ နေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယူကေခေါ် ယူနိုက်တက်ကင်းဒမ်းသည်လည်း အင်္ဂလိပ်၊ ဝေးလ်၊ စကော့နှင့် မြောက်ပိုင်းအိုင်ယာလန်တို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုပင်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းဖြစ်သော အိန္ဒိယနိုင်ငံသည် ပြည်နယ် ၂၈ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ကိုးခုတို့ စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံပင်ဖြစ်သည်။ ယင်းသို့လျှင် အမျိုးမျိုးသောပုံစံများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံများမှာ အာရှ၊ အာဖရိက၊ အမေရိက၊ ဥရောပ စသည့် ကမ္ဘာ့ဒေသအသီးသီးမှာ တည်ရှိနေကြပြီး စုစည်းညီညွတ်သော အားများဖြင့် ကမ္ဘာ့အလယ်၌ ရပ်တည်နေကြခြင်း ဖြစ်သည်။

မတူကွဲပြားသည့်လူမျိုးများကို စုစည်းကာ ပြည်ထောင်စုအဖြစ် ရပ်တည်ကြရခြင်းမှာ ပထဝီနိုင်ငံရေးအတွက် လိုအပ်ချက်ဖြစ်သော အင်အားအတွက်ပင် ဖြစ်သည်။ လက်ညှိုး၊ လက်ခလယ်၊ လက်သန်း၊ လက်မ စသည့် လက်တစ်ချောင်းစီတွင် အင်အားနည်းပါးမည်ဖြစ်သော်လည်း ယင်းလက်များကို ကျစ်လျစ်စွာ ဆုပ်ထားသည့် လက်သီးမှာမူ ခုခံကာကွယ်နိုင်သည့် အင်အားတစ်ရပ်ဖြစ်လာသကဲ့သို့ပင် ဖြစ်သည်။ စည်းလုံးညီညွတ်စွာ ရပ်တည်နေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံများမှာ ပထဝီနယ်မြေအရ ကျယ်ဝန်းသလို လူမျိုးအရလည်း အင်အားတောင့်တင်းလာရသည်။ အခြားကမ္ဘာ့နိုင်ငံများက လေးစားကြရသည်။ ဆန့်ကျင်ဘက်အားဖြင့်မူ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖို့ စည်းလုံးညီညွတ်မှု အားနည်းလာသည်နှင့်အမျှ တစ်စတစ်စ ချည့်နဲ့ယိမ်းယိုင်ကာ ပြိုကွဲသည့်ဘဝသို့ ကျရောက်သွားနိုင်ပြီး ကမ္ဘာ့အသိုင်းအဝိုင်းက နှိမ့်ချရှုမြင်မှု၊ မထီမဲ့မြင်ပြုမှုတို့ကို ခံစားကြရမည်ဖြစ်သည်။ သို့ဖြစ်သည့်အတွက် ပြည်ထောင်စုနိုင်ငံတိုင်းမှာ စည်းလုံးညီညွတ်ရေးသည် ယင်းနိုင်ငံ၏ နှလုံးသည်းပွတ်သဖွယ်ပင်ဖြစ်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ စည်းလုံးညီညွတ်ရေးတို့ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကြရခြင်း ဖြစ်သည်။

"နိုင်ငံတစ်နိုင်ငံဖြစ်ဖို့၊ နိုင်ငံတစ်နိုင်ငံအနေနဲ့ စည်းစည်းလုံးလုံး၊ ခိုင်ခိုင်မာမာရပ်တည်ဖို့ဆိုတာ လူမျိုးတစ်မျိုးတည်းဖြစ်ဖို့ လိုသလား၊ မလိုပါဘူး။ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုဆိုတာဟာ လူမျိုးပေါင်းစုံနဲ့ ထူထောင်ထားတဲ့နိုင်ငံပါ။ သူတို့ ဒီလူမျိုးပေါင်းစုံ၊ ကိုးကွယ်တဲ့ ဘာသာပေါင်းမျိုးစုံကို စုစည်းပြီးတော့ အင်မတန်မှ ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတစ်ခုကို သူတို့ ထူထောင်နိုင်ခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့လည်း ဒီလိုပြည်ထောင်စုမျိုး မထူထောင်နိုင်စရာမရှိပါဘူး။ အဓိကကတော့ ဆန္ဒရှိရေးပဲ ဖြစ်ပါတယ်။ ကျွန်မတို့ တကယ်ပဲ ကျွန်မတို့ရဲ့ အသည်းနှလုံးထဲမှာ ပြည်ထောင်စုဆိုတဲ့ ဆန္ဒရှိရဲ့လားဆိုတာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းက စိစစ်ဖို့ လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုစဉ်းစားသလဲ။ ကိုယ့်ကိုယ်ကိုယ် ငါက ကချင်၊ ငါက ဗမာ၊ ငါက ရှမ်းဆိုပြီးတော့ စဉ်းစားသလား။ ငါက ပြည်ထောင်စုသားတစ်ယောက်ဆိုပြီးတော့ စဉ်းစားသလားဆိုတာ အားလုံးကနေပြီးတော့ ဒါကို အလေးထားစေချင်ပါတယ်" ဟူ၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့လူထုတွေ့ဆုံပွဲ၌ ပြောကြားခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်းပါ ပြောကြားချက်မှာ မိမိတို့နိုင်ငံ၏ ပစ္စုပ္ပန်ကာလအတွက် ပကတိလိုအပ်ချက်ကို ညွှန်ပြထားခြင်းပင်ဖြစ်သည်။ လူမျိုးတစ်မျိုးချင်း၏ ကိုယ်ပိုင်လက္ခဏာများမှာ အလေးထားရမည်ဖြစ်သော်လည်း တစ်မျိုးတစ်စားတည်း၊ တစ်သွေးတစ်သားတည်းဖြစ်သည်ဟူသော ပြည်ထောင်စုသားတစ်ယောက်အဖြစ် ခံယူနိုင်ရန်မှု အဓိကဖြစ်သည်။

မိမိတို့နိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးကို မြန်မြန်ဆန်ဆန် တည်ဆောက်နိုင်ရန် လိုအပ်နေသည်။ ကမ္ဘာဦးလူသားတို့ နေနှင့် လကို အလိုရှိကြသကဲ့သို့ပင် ထာဝရငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံးက မျှော်လင့်နေကြသည်။ နေနှင့်လတို့ တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိသကဲ့သို့ပင် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကလည်း အပြန်အလှန် ဆက်စပ်နေသည်။ ငြိမ်းချမ်းလိုသည့် ဆန္ဒနှင့် စည်းလုံးညီညွတ်လိုသည့် ဆန္ဒတို့ လူတိုင်းလူတိုင်းမှာ ခိုင်မာရင့်သန်လာသည်နှင့်အမျှ အေးချမ်းသာယာဝပြော သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မြန်သည်ထက်မြန်စွာ တည်ဆောက်နိုင်မည်မလွဲဟု ယုံကြည်ပါကြောင်း။ ။



ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အာနန္ဒာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၉ ရက်က မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များနှင့် ကိုရင်သာမဏေ အပါး ၂၀၀၀ ခန့်အား လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ဆွမ်းသပိတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ပွဲ ကျင်းပစဉ်။
(အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် ပြာသိုလဆန်း ၈ ရက်မှ ပြာသိုလကွယ်နေ့အထိ ပျော်ပွဲရွှင်ပွဲများနှင့် အငြိမ့်ဇာတ်ပွဲသဘင်များ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။) ရဲဝင်းနိုင် (ညောင်ဦး)၊ ဇော်လေး (ညောင်ဦး)

## အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ရှားပါးအထောက်အထားများပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကျင်းပသော ရှားပါးအထောက်အထားများ ပြပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ အမှတ် (၆၀၄၊ ၆၀၈) ကုန်သည်လမ်း (၃၁-၃၂) လမ်းကြား ပန်းဘဲတန်းမြို့နယ် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) တွင် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီခွဲအထိ ပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ကိုလိုနီခေတ် (၁၉၃၈ ခုနှစ်မှ ၁၉၀၁ ခုနှစ် )အတွင်း မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထား အင်္ဂလိပ်-မြန်မာ ရှားပါးစာအုပ်ပေါင်း ၇၀ ကျော်ကို ပြသလျက်ရှိသည်။ **(ယာပေါ်ပုံ)**

ယင်းပြပွဲတွင် ရှေးဟောင်းကျမ်းများ၊ မြန်မာစာပေ၊ မြန်မာရာဇဝင်ကျမ်းများ၊ ဥပဒေဆိုင်ရာ ဘုရားသမိုင်းများ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Books on Myanmar, Language, Dirstrict Gazetter, Report, Census, Ins-criptions စသည့် နှစ်ပေါင်းတစ်ရာကျော်ရှိသော ရန်ကုန်၊ မန္တလေး၊ အမရပူရ၊ ဗန်းမော်မြို့များ၏ မြင်ကွင်းကျယ်ဓာတ်ပုံများ၊ မြန်မာလူမျိုးများ၏ ဝတ်စားဆင်ယင်မှု၊ ယခင်ကာလအတွင်းဝန်ရုံး၊ ရွှေတိဂုံစေတီ၊ ဆူးလေစေတီနှင့် အခြားဓာတ်ပုံများ၊ ကျောက်စာပြခန်းများတွင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ် ကျောက်စာများ၊ ခေါင်းလောင်းစာ၊ စဉ့်ကွင်းစာ၊ ဆင်းတုစာ၊ ကျောက်စာကူးနည်းများကိုလည်း ပြသထားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က "အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဆောက်အအုံကို ပြုပြင်မွမ်းမံပြီးတော့မှ စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ဖို့ ဧပြီလ ပထမပတ်မှာ ဖွင့်လှစ်ဖို့ လျာထားပါတယ်။ အဲဒီမတိုင်ခင်မှာ စာကြည့်တိုက်နဲ့ ပတ်သက်လို့ ပြည်သူလူထုကို အသိပေးချင်တဲ့အတွက်ကြောင့် ဖွင့်ပွဲအကြို အခမ်းအနားတွေအနေနဲ့ ဧပြီလမတိုင်ခင် လစဉ်ကျင်းပသွားဖို့ ရည်ရွယ်တာပါ" ဟု ပြောသည်။

ဝါရင့်သမိုင်းသုတေသီကြီးများ၏ သမိုင်းဆိုင်ရာ သုတေသနအတွေ့အကြုံများကို ဝေမျှပေးခြင်းဖြင့် အများပြည်သူတို့အား အတိုင်းအတာတစ်ခုအထိ အကျိုးဖြစ်ထွန်းစေရန်နှင့် မျိုးဆက်သစ်လူငယ်များ ဗဟုသုတရှာမှီးလိုသူများအတွက် ရှားပါးအထောက်အထားများကို သိမြင်စေရန် ရည်ရွယ်ပြသကြောင်း သိရသည်။

အဆိုပါပြပွဲအပြင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေသော စာအုပ်များအပြင် ကံ့ကော်ဝတ်ရည်၊ နန်းဒေဝီ၊ လောကသရဖူ၊ မိုးကျော်၊ Quality အစရှိသည့် စာအုပ်တိုက်များမှ ပါဝင်ရောင်းချပေးလျက်ရှိပြီး ဇန်နဝါရီ ၁၀ ရက်နေ့တွင် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသော်ကောင်း၊ ဦးထွန်းအောင်ချိန်၊ ဦးစိုင်းအောင်ထွန်းတို့က "New Views , Fresh Finds" သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဝင်းမော်**




အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ပြသသည့် ရှားပါးအထောက်အထားများပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- လှမိုး

## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း (၂၃) ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်မည့် (၂၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ဇန်နဝါရီ ၁၉ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို သွေးလှူဒါန်းနိုင်သည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရ လက်ဆောင်များ (ကြက်ဥ ၁၀ လုံး၊ ခရီးဆောင်အိတ်၊ ပိုက်ဆံအိတ်ငယ်နှင့် နေကာဦးထုပ်) တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း- ၀၉- ၄၄၉၂၅၃၇၆၇၊ ၀၉-၆၉၅၁၃၅၅၁၅ တို့သို့ ဇန်နဝါရီ ၁၇ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ ***ရှေ့ဖုံးမှ***

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးအစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကချင်ပြည်နယ်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်သည် ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီး စသည့် ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားမျိုးနွယ်စုများနှင့် အခြားတိုင်းရင်းသား မျိုးနွယ်စုအပါအဝင် စုစုပေါင်း လူဦးရေ (၁၇)သိန်းခန့် အတူတကွ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် အဖိုးတန်သဘာဝသယံဇာတများဖြစ်သည့် ရွှေ၊ ကျောက်စိမ်း၊ ပယင်း စသည့် အဖိုးတန်သယံဇာတများ ပေါများကြွယ်ဝသကဲ့သို့ အလွန်သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ပိုင်ဆိုင်ထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာ ဒေသတစ်ခုလည်း ဖြစ်ပါသည်။ ယခုကဲ့သို့ သာယာလှပပြီး သယံဇာတများပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်နယ်၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှုမရှိသေးပါ။ နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအမြန်ဆုံးရရှိရန် အလွန်တောင့်တလျက်ရှိကြမည်ဟု ယုံကြည်ပါသည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အစဉ်တစိုက် တောင်းဆိုခဲ့ကြပြီး အလှမ်းဝေးခဲ့ရသော နိုင်ငံရေးဆွေးနွေးပွဲများမှာ ယနေ့အချိန်အခါတွင် သမိုင်းတစ်လျှောက်ကြုံတောင့်ကြုံခဲ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီး ဖြစ်ပါသည်။

**❑ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အစဉ်တစိုက် တောင်းဆိုခဲ့ကြပြီး အလှမ်းဝေးခဲ့ရသော နိုင်ငံရေးဆွေးနွေးပွဲများမှာ ယနေ့အချိန်အခါတွင် သမိုင်းတစ်လျှောက် ကြုံတောင့်ကြုံခဲ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီးဖြစ်**

**❑ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းပြီး စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် သမိုင်းဝင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကို ကျင်းပလျက်ရှိရာ တတိယအစည်းအဝေးအထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ ဘုံသဘောတူညီချက် (၅၁) ချက်ကိုလည်း ရရှိထားပြီးဖြစ်**

နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းပြီး စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် သမိုင်းဝင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကို ကျင်းပလျက်ရှိရာ တတိယအစည်းအဝေးအထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ ဘုံသဘောတူညီချက် (၅၁) ချက်ကိုလည်း ရရှိထားပြီးဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံညီလာခံအစည်းအဝေးများက ရရှိထားသည့် ရရှိလာမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ ဘုံသဘောတူညီချက်များအရ တိုင်းရင်းသားလူမျိုးများအားလုံး မျှော်လင့်တောင့်တလျက်ရှိသည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှအခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိခြင်းဟူသည့် အနှစ်သာရများ ပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စု စိတ်ဓာတ်အရင်းခံကာ စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် ထာဝစဉ်ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် ဤနေ့ထူးနေ့မြတ် အခါသမယတွင် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ)ဝင်းမြင့်

နိုင်ငံတော်သမ္မတ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တောင်ငူပညာရေးကောလိပ် ပညာရေးမိသားစုများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တောင်ငူပညာရေးကောလိပ် ပညာရေးမိသားစုများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ငူပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တောင်ငူပညာရေးကောလိပ် ပညာရေးမိသားစုများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယူနက်စကို (မြန်မာ) Head of Office နှင့် ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တောင်ငူ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာအတတ်သင်ပညာရေးပြုပြင်ပြောင်းလဲမှုဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးတက်မြင့်မားရေး (Strengthening Pre-service Teacher Education in Myanmar) STEM Project ကို ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီပံ့ပိုးပေးသော ဩစတြေးလျနိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရ၊ ဗြိတိသျှအစိုးရ ယူနက် စကို(မြန်မာ) တို့ကို လှိုက်လှဲစွာကျေးဇူးတင်ပါကြောင်း၊ ၂၀၁၄ခုနှစ်မှ စတင်၍ (STEM Project) အစီအစဉ်ဖြင့် မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာအရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်တန်းပို့ချမှုအစီအစဉ်နှင့် ဆရာ ဆရာမများအား ဆန်းစစ်သုံးသပ်၍ လက်မှတ်ပေးအပ်မှုအစီအစဉ်တို့ကို အထောက်အကူပြုပေးမည့် ဆရာအတတ်ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework–TCSF)မူကြမ်းကို ရေးဆွဲနေပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် နှစ်နှစ်သင် ပညာရေးကောလိပ်မှ လေးနှစ်သင်ပညာရေး ဒီဂရီကောလိပ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေး ဗဟိုအဖွဲ့ (Curriculum Core Team–CCT)ကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များမှ ဆရာ ဆရာမများ၊ အငြိမ်းစားပညာရေးပညာရှင်များဖြင့် UNESCO ၏ နည်းပညာအကူအညီ၊ Australia Government, Finland Government, UK Government တို့၏ ငွေကြေးအကူအညီဖြင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်း ကျွမ်းကျင်ပညာရှင်တို့ ပူးပေါင်းကာ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲလျက်ရှိရာ ပထမနှစ်အတွက် ရေးသားပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ကျန်နှစ်များအတွက် သင်ရိုးများကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ သင်ရိုးရေးဆွဲရေးဆိုင်ရာ ကျွမ်းကျင်မှုများရရှိအောင် သင်တန်းများပို့ချပေးခဲ့ပြီး စဉ်ဆက်မပြတ် ကျွမ်းကျင်မှုများရရှိအောင် (Education for Sustainable Development) ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပညာရေးကောလိပ်များတွင် ICT နည်းပညာဖြင့် သင်ကြားသင်ယူမှုစွမ်းရည်တိုးတက်အောင် သင်တန်းများပို့ချပေးခြင်းနှင့် Internet တပ်ဆင်ခြင်း၊ Online Learning Portal အသုံးပြု၍ သင်ကြားမှုနည်းပညာများ ပံ့ပိုးပေးခြင်း၊ ICT အထောက်အကူပြုပစ္စည်းများ (Laptops, Mini pads) များ ပံ့ပိုးဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လေးနှစ်သင် သင်ရိုးသစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Ms.Min Jeong Kim ယူနက်စကို (မြန်မာ) Head of Office၊ တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေး ဗဟိုအဖွဲ့ဝင် (CCT Member) ဆရာမ ဒေါ်မေရီချိုတို့က ဝမ်းမြောက်ကြောင်း အမှာစကားနှင့် နှစ်နှစ်သင်ပညာရေးကောလိပ်မှ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်သို့ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ကျောင်းစာသင်ခန်းများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

◆ ***ကျောဖုံးမှ***

ယင်းခေါင်းလောင်းကြီးကို ကြေးသွန်းလောင်းရန် လွန်ခဲ့သည့် ခုနစ်လကျော်ကစတင်၍ ပြင်ဆင်ခဲ့ရပြီး ခေါင်းလောင်း ချိတ်ဆွဲနိုင်သည်အထိ အချိန်ကာလကို တစ်နှစ်နှင့် နှစ်လ သတ်မှတ်ထားကာ စုစုပေါင်းကျပ်သိန်း ၆၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ရွှေခေါင်းလောင်း ကြေးသွန်းလုပ်ငန်းမှ ကြေးသွန်းပညာရှင် ကိုအောင်သန်းမော်က ပြောသည်။

"ဆရာတော်ကြီးက ဒီခေါင်းလောင်းကြီးကို သူ့မွေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့ သီရိသုမနချောင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာမှာ ထားရှိသွားမှာပါ။ ကျွန်တော်က တန်ခူးလ မတိုင်ခင် ခေါင်းလောင်းကြီးကို အပြီးချိတ်ဆွဲနိုင်ဖို့ သွန်းလောင်းပေးရမှာပါ။ မြန်မာပြည်မှာတော့ လက်ရှိ ပထမအကြီးဆုံးခေါင်းလောင်းကြီးက ကြေးပိဿာချိန် ၅၅၅၅၅ ရှိတဲ့ မင်းကွန်းခေါင်းလောင်းကြီးဖြစ်ပြီး ဒုတိယအကြီးဆုံးအနေနဲ့ ရွှေတိဂုံစေတီတော်က ကြေးပိဿာချိန် ၂၆၀၀၀ ရှိတဲ့ သာယာဝတီမင်းခေါင်းလောင်းဖြစ်ပါတယ်။ အခု ဒီခေါင်းလောင်းကြီးကတော့ မြန်မာနိုင်ငံမှာ တတိယအကြီးဆုံးဖြစ်လာမှာပါ။ ပြာသိုလပြည့်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်ကစပြီး သွန်းလောင်းမှာပါ။ ဒီခေါင်းလောင်းကြီး တစ်ခုလုံးအတွက် ည ၁၂ နာရီမှာ သွန်းလောင်းမှုပြီးစီးမှာပါ"ဟု ၎င်းက ပြောသည်။

ယခုသွန်းလောင်းနေသည့် ကြေးပိဿာချိန် ၁၆၀၀၀ ရှိခေါင်းလောင်းကြီးမှာ အဝအကျယ် ကိုးပေ၊ အမြင့် ၁၅ ပေ ရှိပြီး အဆိုပါရွှေခေါင်းလောင်း ကြေးသွန်းလုပ်ငန်းမှ ၂၀၁၅ ခုနှစ်တွင် ထားဝယ်မြို့၌ ထားရှိသည့် ကြေးပိဿာ ချိန် ၁၂၀၀၀ ရှိ ခေါင်းလောင်းနှင့် ၂၀၁၆ ခုနှစ်တွင် သီတဂူဆရာတော်ကြီး၏ သက်တော် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့ သီတဂူဝိပဿနာရိပ်သာတွင် ထားရှိရန် ကြေးပိဿာချိန် ၈၀၀၀ ရှိ ခေါင်းလောင်းကြီးများ သွန်းလုပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ကချင်ပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ၊ မျိုးနွယ်စုကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

❄ *ရှေ့ဖုံးမှ*

ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက မြစ်ကြီးနားလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကချင်ပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ၊ မျိုးနွယ်စုကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် မြစ်ကြီးနားမြို့ Plam Spring ဟိုတယ်၌ တွေ့ဆုံသည်။

## အလိုအပ်ဆုံးမှာ ငြိမ်းချမ်းရေး

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ပြည်နယ်သို့ မိမိအနေဖြင့် ကချင်ပြည်နယ်နေ့နှင့် တိုက်ဆိုင်သည့်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရာတွင် အရေးအကြီးဆုံးမှာ မိမိကိုယ်ကိုယ်မိမိ ယုံကြည်ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အလိုအပ်ဆုံးမှာ ငြိမ်းချမ်းရေးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

## ဝိုင်းဝန်းကူညီ

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖဦးပေါဦးက ကချင်လူမျိုးများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေခဲ့မှု၊ မြို့မိမြို့ဖ ဒေါက်တာတူးဂျာက IDP စခန်းများပိတ်သိမ်းပြီး မူလနေရာပြန်လည်နေရာချထားနိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများကိစ္စ စနစ်တကျဖြေရှင်းပေးရေးနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလဘန်ဂမ်အောင်က မူးယစ်ဆေးဝါးပြဿနာ ဝိုင်းဝန်းဖြေရှင်းပေးရေး၊ ကလေးပျောက်ဆုံးမှုပြဿနာ ဖြေရှင်းပေးရေးနှင့် စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရေး၊ လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးအားဖူက လီဆူအမည် အမှန်ခေါ်ဝေါ်သုံးစွဲပေးရေး၊ မြို့မိမြို့ဖ ဦးလခရိဇော်ဘောက်က မြစ်ကြီးနား ကလေးဆေးရုံတည်ဆောက်ပေးရေးနှင့် မြစ်ကြီးနားဆေးတက္ကသိုလ် တည်ဆောက်ဖွင့်လှစ်ပေးရေး၊ ကချင်တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်က တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် အသင်းများ အောင်မြင်အောင် ကူညီဆောင်ရွက်ပေးရေး၊ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ကျောင်းအမြန် ဖွင့်လှစ်ပေးရေး၊ ဇိုင်ဝါးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးကွမ်းရှောင်က တိုင်းရင်းသားရေးရာဝန်ကြီးဌာနများအတွက် ရန်ပုံငွေတိုးချဲ့ခွင့်ပြုပေးရေး၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့မှ ဦးယွပ်ဇော်ခေါင်က ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေး ရရှိရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေမှုတို့နှင့်စပ်လျဉ်း၍ တင်ပြကြသည်။

## ငြိမ်းချမ်းရေးလိုအပ်

တင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေး အမှန်တကယ်ရရှိရန်အတွက် ပထမဦးဆုံးဆောင်ရွက်ရမည်မှာ NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန်လိုအပ်ပါကြောင်း၊ IDP စခန်းများ ပိတ်သိမ်းရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းလုပ်သားကိစ္စဖြေရှင်းရာတွင် တတ်နိုင်သမျှဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကလေးပျောက်ဆုံးမှုကိစ္စကို မိဘ၊ဆရာ၊ ရပ်မိရပ်ဖများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စဖြေရှင်းရေးမှာ အစိုးရတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ ပြည်သူလူထု ပါဝင်မှ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်မှာ ငြိမ်းချမ်းရေးလိုအပ်ပါကြောင်း၊ နယ်မြေမငြိမ်းချမ်း၍ ရွေးကောက်ပွဲ မကျင်းပနိုင်ပါက နိုင်ငံသားများ၏ အရေးအကြီးဆုံးအခွင့်အရေး ဆုံးရှုံးနိုင်ပါကြောင်း၊ ကျန်းမာရေးကိစ္စတင်ပြချက်များကိုလည်း စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘာသာရေးခေါင်းဆောင်များ၊ မျိုးနွယ်စုကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့တော်ခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## ဆက်စပ်မှုအမြဲပဲရှိဖို့လို

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် က "ကျွန်မတို့ ဒီကနေ့ မြစ်ကြီးနားမြို့ကိုလာပြီးတော့ ပြည်သူလူထုနဲ့ တွေ့ဆုံနိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူလူထုနဲ့ ကျွန်မတို့ ထိတွေ့မှုအမြဲရှိနေဖို့ဆိုတာ အင်မတန်အရေးကြီးပါတယ်။ အထူးသဖြင့် ကျွန်မတို့နိုင်ငံဟာ ဒီမိုကရေစီပြည်ထောင်စု ထူထောင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှိနေတယ်ဆိုတဲ့အခါကျတော့ ကျွန်မတို့ ပြည်သူနဲ့ ပြည်သူကိုကိုယ်စားပြုတဲ့ အစိုးရအကြားမှာဆိုရင် ဆက်စပ်မှုအမြဲပဲရှိဖို့လိုပါတယ်။

ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်မတို့ရဲ့ ပြည်သူလူထုအားလုံးက အကြမ်းဖျင်းနားလည်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ တချို့ကကျတော့ အခုထက်ထိ သိပ်ပြီးတော့ သဘောမပေါက်သေးဘူး။ သဘောမပေါက်သေးဘူးဆိုတာ ကျွန်မတို့က ဒီမိုကရေစီအကြောင်းပြောရင် တော်တော်များများက ဒီမိုကရေစီမှာ ကိုယ်လုပ်ချင်တာလုပ်လို့ရတယ်လို့ ထင်ကြပါတယ်။ အဲဒီလိုလည်း မဟုတ်ပါဘူး။ လွတ်လပ်ရေးမရခင်ကာလတုန်းကလည်း ဖေဖေလည်း ဒီအတိုင်းပဲ ပြောသွားပါတယ်။ လွတ်လပ်ရေးရတယ်ဆိုတာ ကိုယ်လုပ်ချင်တိုင်း လုပ်လို့ရတာမဟုတ်ဘူး။ လွတ်လပ်ရေးရပြီဆိုမှ တာဝန်တွေကလည်း တိုးလာတယ်။ ဒီတာဝန်တွေကိုလည်း ထမ်းဆောင်ဖို့လိုတယ် ဆိုပြီးတော့ သတိပေးသွားပါတယ်။ ကျွန်မတို့လည်း ဒီမိုကရေစီနဲ့ ပတ်သက်လို့ ထပ်တလဲလဲ သတိပေးရပါတယ်။ အခွင့်အရေးတွေရှိတယ်။ မှန်တယ်။ အခွင့်အရေးနဲ့အတူတူ တာဝန်တွေလည်း ရောက်လာပါတယ်။

## တိုင်းရင်းသား လူမျိုးစုံရှိ

အဲဒီတော့ ကျွန်မတို့ရဲ့ ပြည်ထောင်စုထူထောင်ဖို့ဆိုတာ တာဝန်တွေက အင်မတန်ကြီးပါတယ်။ တချို့နိုင်ငံတွေက ပြည်ထောင်စုနိုင်ငံတွေ မဟုတ်သလို ပြည်ထောင်စုအဖြစ်နဲ့ ထူထောင်ဖို့လိုတဲ့နိုင်ငံတွေလည်း မဟုတ်ပါဘူး။ ဥပမာဆိုရင် လူမျိုးတစ်မျိုးတည်းရှိတဲ့ နိုင်ငံမှာဆိုရင် ကျွန်မတို့နိုင်ငံနဲ့ မတူပါဘူး။ ကျွန်မတို့ နိုင်ငံမှာဆိုရင် တိုင်းရင်းသားလူမျိုးစုံရှိပါတယ်။ အခုကချင်ပြည်နယ်မှာဆိုရင်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံပါပဲ။ ဒီတိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုဆိုတာဟာ စိန်ခေါ်မှုပိုပြီးတော့ များပါတယ်။ စည်းလုံးညီညွတ်မှုကို ကျွန်မတို့တည်ဆောက်ဖို့ဆိုရင် ပိုပြီးတော့ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ အယူအဆတွေမတူကြဘူး။ ပန်းတိုင်တွေမတူကြဘူး။ ပြောတဲ့ဘာသာစကားကအစ မတူကြဘူး။ ဒီလိုကွဲပြားမှုတွေရှိတဲ့အခါကျတော့ နိုင်ငံတစ်နိုင်ငံစည်းစည်းလုံးလုံးဖြစ်အောင်လုပ်ဖို့ဆိုတာဟာ စိန်ခေါ်မှုတွေ အများကြီးရှိနေပါတယ်။ သို့သော်ငြားလည်း ဒီစိန်ခေါ်မှုတွေကို ကျွန်မတို့ ကျော်လွှားနိုင်မယ်ဆိုရင် တခြားနိုင်ငံတွေနဲ့ မတူအောင် စည်းလုံးညီညွတ်မှုကို ရနိုင်ပါတယ်။

## ခိုင်ခိုင်မာမာရပ်တည်

နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ နိုင်ငံတစ်နိုင်ငံအနေနဲ့ စည်းစည်းလုံးလုံး ခိုင်ခိုင်မာမာရပ်တည်ဖို့ဆိုတာ လူမျိုးတစ်မျိုးတည်းဖြစ်ဖို့လိုသလား၊ မလိုပါဘူး။ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုဆိုတာဟာ လူမျိုးပေါင်းမျိုးစုံနဲ့ ထူထောင်ထားတဲ့နိုင်ငံပါ။ သူတို့ဒီလူမျိုးပေါင်းစုံ၊ ကိုးကွယ်တဲ့ဘာသာပေါင်းမျိုးစုံကို စုစည်းပြီးတော့ အင်မတန်မှခိုင်မာတောင့်တင်းတဲ့ နိုင်ငံတစ်ခုကို သူတို့ ထူထောင်နိုင်ခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့လည်း ဒီလိုပြည်ထောင်စုမျိုး မထူထောင်နိုင်စရာမရှိပါဘူး။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ၌ အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာ ခလမ်ဆမ်ဆွမ်၊ အတွင်းရေးမှူး သိက္ခာတော်ရ ဖော်ယောင်တူးမိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

အဓိကကတော့ ဆန္ဒရှိရေးပဲဖြစ်ပါတယ်။ ကျွန်မတို့ တကယ်ပဲ ကျွန်မတို့ရဲ့ အသည်းနှလုံးထဲမှာ ပြည်ထောင်စုဆိုတဲ့ ဆန္ဒရှိရဲ့လားဆိုတာ တစ်ယောက်ချင်း တစ်ယောက်ချင်းက စိစစ်ဖို့လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုစဉ်းစားသလဲ။ ကိုယ့်ကိုယ်ကိုယ် ငါက ကချင်၊ ငါက ဗမာ၊ ငါက ရှမ်းဆိုပြီးတော့ စဉ်းစားသလား၊ ငါက ပြည်ထောင်စုသားတစ်ယောက်ဆိုပြီးတော့ စဉ်းစားသလားဆိုတာ အားလုံးကနေပြီးတော့ ဒါကို အလေးထားစေချင်ပါတယ်။

### ပြည်ထောင်စုဆိုတာ

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အားလုံးက စစချင်း ကိုယ့်ကိုယ်ကိုယ် ဒီပြည်ထောင်စုရဲ့ သားသမီးတွေဆိုပြီးတော့ သတ်မှတ်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့အားလုံးကပြည်ထောင်စုသားချင်းတွေပါ။ ကိုယ့်ကိုယ်ကိုယ် ငါတို့တစ်တွေက အားလုံး ပြည်ထောင်စုသားချင်းတွေဆိုတဲ့ စိတ်ဓာတ်ထားရင် ဒီနိုင်ငံမှာ စည်းလုံးညီညွတ်မှု မရှိစရာ အကြောင်းမရှိပါဘူး။ အစကတည်းက ငါက ဗမာ၊ ငါက ရှမ်း၊ ငါက ကချင်ဆိုရင် ပြည်ထောင်စုက ဘယ်ရောက်သွားပြီလဲ။ ပြည်ထောင်စုက ဒုတိယ ဘယ်တော့မှ ဖြစ်လို့ မဖြစ်ပါဘူး။ ပြည်ထောင်စုဆိုတာ ပထမပဲဖြစ်ရမယ်။ ပထမလည်း ပြည်ထောင်စု၊ ဒုတိယလည်း ပြည်ထောင်စု၊ တတိယလည်း ပြည်ထောင်စု။ ဒီပြည်ထောင်စုအတွင်းမှာမှ ကျွန်မတို့ရဲ့ မတူညီတဲ့လူမျိုးများ၊ မတူညီတဲ့ဘာသာ စကားပြောသူများ၊ မတူညီတဲ့ ကိုးကွယ်တဲ့ဘာသာမတူသူများ ရှိနိုင်မှာဖြစ်ပါတယ်။

### စည်းလုံးညီညွတ်မှုကို အခြေခံ

ကျွန်မက ကချင်ပြည်နယ်ကို မကြာခဏလာချင်ပါတယ်။ မကြာခဏလာချင်တယ်ဆိုတာ ကချင်နဲ့ ရှမ်းမှာ တခြားပြည်နယ်တွေနဲ့ ဘာကွာသလဲဆိုတော့ ကချင်၊ ရှမ်းဟာဆိုရင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါတယ်။ နောက်ပြီး ကျွန်မတို့ပြည်နယ်တွေမှာဆိုရင် ငြိမ်းချမ်းရေး မရသေးပါဘူး။ ငြိမ်းချမ်းရေးမရသေးတဲ့ ကိစ္စနဲ့ ပြည်ထောင်စုကိုဦးတည်တဲ့ ရည်ရွယ်ချက်နဲ့ နှစ်ခုဆိုတာဟာ ဒွန်တွဲနေပါတယ်။ ငြိမ်းချမ်းရေးရမှ ကျွန်မတို့ တကယ်ခိုင်မြဲတဲ့ ပြည်ထောင်စုတစ်ခု ထူထောင်နိုင်မှာပါ။ တကယ်ခိုင်မြဲတဲ့ ပြည်ထောင်စုတစ်ခုထူထောင်နိုင်မှသာလျှင် ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးကို ရေရှည်မှာ ထိန်းသိမ်းထားနိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာဟာ အချင်းချင်းကြားမှာ စည်းလုံးညီညွတ်မှုကို အခြေခံပါတယ်။ အချင်းချင်းကြားမှာ စည်းလုံးညီညွတ်မှုရှိရမယ်ဆိုတော့ အားလုံးက တစ်သဘောတည်း ဖြစ်ရမှာလားဆိုတော့ မဟုတ်ပါဘူး။ စည်းလုံးညီညွတ်မှုဆိုတာဟာ မတူတဲ့သဘောထားတွေကို ညှိနှိုင်းတဲ့အရည်အချင်းအပေါ်မှာ အင်မတန်မှ မူတည်ပါတယ်။ မတူတဲ့သဘောထားတွေကို မြှင့်တင်တယ်ဆိုရင် ကျွန်မတို့ဟာ စည်းလုံးညီညွတ်တဲ့ အသိုက်အဝန်းတစ်ခု ဖြစ်လာမှာပါ။

### မတူတဲ့အမြင်တွေကို အားလုံးညှိ

မိသားစုတစ်ခုထဲမှာ အဖေရှိမယ်၊ အမေရှိမယ်၊ သားသမီးတွေရှိမယ်။ တစ်ယောက်နဲ့ တစ်ယောက်တူမှာ မဟုတ်ဘူး။ မိသားစုထဲမှာဆိုရင်တောင်မှ တစ်ယောက် အမြင် တစ်မျိုးရှိမှာပဲ။ သို့သော်ငြားလည်း မတူတဲ့အမြင်တွေကို အားလုံးညှိပြီးတော့ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်နေနိုင်ရင် ဒီမိသားစုဟာ ပျော်ရွှင်ဖွယ်ရာမိသားစုပဲဖြစ်မှာပါ။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် မတူတဲ့ သဘောထားတွေကို မညှိနိုင်ဘူး။ အဖေကလည်း ငါက အဖေမို့လို့ ငါလုပ်စေချင်သလို အားလုံးလုပ်ရမယ်၊ အမေကလည်း ငါကအမေမို့လို့ ငါလုပ်စေချင်သလို အားလုံးလုပ်ရမယ်၊ သားသမီးတွေကလည်း ကျွန်တော်တို့ ကျွန်မတို့က လူငယ်တွေမို့လို့ ကျွန်တော်တို့သဘောအရ လုပ်ရမယ်ဆိုပြီးတော့ တစ်ယောက်တစ်မျိုးစွဲနေတယ် ဆိုရင်တော့ မိသားစုဟာ ခိုင်မာမှာလည်း မဟုတ်ဘူး။ သာယာမှာလည်း မဟုတ်ပါဘူး။

### ပင်လုံမှာအတည်ပြု

ကျွန်မတို့ရဲ့ တိုင်းရင်းသားများ အားလုံးဟာ ကိုယ့်ကိုယ်ကိုယ် ပြည်ထောင်စုသားချင်းတွေလို့ စိတ်ထဲမှာ မှတ်ထားစေချင်တယ်။ ပြည်ထောင်စုသားချင်းဆိုတဲ့ ဝေါဟာရလေးက မှတ်လို့လည်းလွယ်ပါတယ်။ မခက်ခဲပါဘူး။ ကျွန်မတို့ဟာ အားလုံးသားချင်းတွေပါ။ ဒီပြည်ထောင်စုရဲ့ သားချင်းတွေပါ။ ဒီပြည်ထောင်စုကို ချစ်စေချင်တယ်။ ဒီမြေကိုချစ်စေချင်တယ်။ ဒီပြည်ထောင်စုလို့သတ်မှတ်ထားနိုင်တဲ့အခြေအနေကို မြတ်နိုးစေချင်တယ်။ တန်ဖိုးထားစေချင်တယ်။ ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးဟာ လွယ်လွယ်ကူကူနဲ့ရခဲ့တာ မဟုတ်ပါဘူး။ ဒီလွတ်လပ်ရေးရဖို့ လုပ်တဲ့အထဲမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ပါခဲ့ပါတယ်။ ဒီလိုစုပေါင်းပြီးပါခဲ့လို့ လွတ်လပ်ရေးရခဲ့တာပါ။ ဥပမာဆိုရင် ပြည်ထောင်စုနေ့ဟာ ပင်လုံသဘောတူညီချက်ကို လက်မှတ်ထိုးတဲ့နေ့လို့ အားလုံးသိကြပါတယ်။ တချို့က ဘယ်လိုပြောလဲဆိုရင် ပင်လုံအစ ကချင်ပြည်နယ်ကဆိုပြီး ပြောကြပါတယ်။ ကချင်ပြည်နယ်ကနေ စတဲ့ဆွေးနွေးမှုကနေပြီးတော့ ပင်လုံစာချုပ်ကို ချုပ်နိုင်ခဲ့တယ်ဆိုတာ အဲဒါလည်းမမှားပါဘူး။ ဒါကြောင့်မို့ ကချင်ပြည်နယ်မှာနေတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ ဒါကိုဂုဏ်ယူသင့်ပါတယ်။ ပြည်ထောင်စုဆိုတာ ငါတို့ပြည်နယ်က စလာတာ။ ငါတို့ပြည်နယ်က အစပျိုးပြီးတော့ ပင်လုံမှာအတည်ပြုလိုက်တာ။ ဒီလို စိတ်ဓာတ်ထားမယ်ဆိုရင် ကျွန်မတို့ ကချင်ပြည်နယ်က ပြည်ထောင်စုသားချင်းတွေမှာ အထူးတာဝန်ရှိတယ်လို့တောင်မှပြောလို့ ရပါတယ်။ ကိုယ်ကစခဲ့တဲ့ ဇာတ်လမ်းကိုယ်ကနေဆက်ပြီး မှန်မှန်ကန်ကန် ဆက်နိုင်အောင် ကြိုးစားဖို့လိုပါတယ်။

> **“ကျွန်မတို့အားလုံးက စစချင်း ကိုယ့်ကိုယ်ကိုယ် ဒီပြည်ထောင်စုရဲ့ သားသမီးတွေဆိုပြီးတော့ သတ်မှတ်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့အားလုံးက ပြည်ထောင်စုသားချင်းတွေပါ။ ကိုယ့်ကိုယ်ကိုယ် ငါတို့တစ်တွေက အားလုံးပြည်ထောင်စုသားချင်းတွေဆိုတဲ့ စိတ်ဓာတ်ထားရင် ဒီနိုင်ငံမှာ စည်းလုံးညီညွတ်မှုမရှိစရာ အကြောင်း မရှိပါဘူး။ အစကတည်းက ငါက ဗမာ၊ ငါက ရှမ်း၊ ငါက ကချင်ဆိုရင် ပြည်ထောင်စုက ဘယ်ရောက်သွားပြီလဲ။ ပြည်ထောင်စုက ဒုတိယဘယ်တော့မှ ဖြစ်လို့ မဖြစ်ပါဘူး။ ပြည်ထောင်စုဆိုတာ ပထမပဲဖြစ်ရမယ်။ ပထမလည်း ပြည်ထောင်စု၊ ဒုတိယလည်း ပြည်ထောင်စု၊ တတိယလည်း ပြည်ထောင်စု။ ဒီပြည်ထောင်စုအတွင်းမှာမှ ကျွန်မတို့ရဲ့ မတူညီတဲ့လူမျိုးများ၊ မတူညီတဲ့ ဘာသာစကားပြောသူများ၊ မတူညီတဲ့ ကိုးကွယ်တဲ့ဘာသာမတူသူများ ရှိနိုင်မှာဖြစ်ပါတယ်”**

### အပေးအယူဆိုတဲ့ စိတ်ဓာတ်ရှိရ

အခုကချင်ပြည်နယ်မှာဆိုရင် ငြိမ်းချမ်းရေးဆိုတာ မရသေးပါဘူး။ တစ်ဦးနဲ့ တစ်ဦး တစ်ခါတလေမှာ စိတ်သဘောထားမတူညီတဲ့ဟာတွေကို ပြေပြေလည်လည် ညှိနှိုင်းတဲ့နေရာမှာ အားနည်းချက်တွေလည်းရှိပါသေးတယ်။ သဘောထားဆိုတာ တစ်သဘောထားချည်းဖြစ်ဖို့ မလိုပါဘူး။ တူဖို့လည်းမလိုပါဘူး။ မတူမှုတွေကို ညှိနှိုင်းနိုင်တဲ့ အရည်အချင်းရှိဖို့ လိုပါတယ်။ ညှိနှိုင်းနိုင်တဲ့အရည်အချင်းဆိုတာဟာ အပေးအယူစိတ်ဓာတ်ပါပဲ။ ကိုယ်ပေးသင့်တဲ့နေရာမှာ ပေးရမယ်။ ယူသင့်တဲ့နေရာမှာ ယူရမယ်။ ယူတတ်ရမယ်။ ပေးတတ်ရမယ်။ ပေးတတ်ရမယ်ဆိုတာဟာ လက်ခံတဲ့သူ လက်ခံချင်အောင်လို့ လက်ခံတဲ့သူကနေပြီးတော့ တန်ဖိုးထားအောင်လို့၊ ကျေးဇူးတင်အောင်လို့ ပေးတတ်ရမယ်။ ယူတဲ့နေရာမှာလည်း ထိုနည်းလည်းကောင်းပဲ၊ ပေးသာပေးလိုက်ရတယ်။ ဘာမှလည်း အကျိုးမရှိဘူး။ ကျေးဇူးလည်းအတင်မခံရဘူး။ မပေးလိုက်ရရင် အကောင်းသားဆိုတဲ့ စိတ်ဓာတ်ဖြစ်သွားရင် ဘယ်ကောင်းမလဲ။ အဲဒီတော့ ကျွန်မတို့က အားလုံးအပေးအယူဆိုတဲ့ စိတ်ဓာတ်ရှိရမယ်။

### မှန်မှန်ကန်ကန်ဆုံးဖြတ်

နောက်ပြီးတော့လည်း ကိုယ်ကပေးနိုင်တဲ့သူဆိုတာကိုလည်း ဂုဏ်ယူတတ်ရမယ်။ တချို့ကပြောတယ် အထူးသဖြင့် ညှိနှိုင်းဆွေးနွေးပွဲတွေလုပ်ရင် အချေအတင် တစ်ဖက်နဲ့တစ်ဖက် မတူတဲ့နှလုံးသားတွေ ညှိကြတဲ့အခါကျရင် အလျှော့မပေးတာကို ဂုဏ်ယူစရာ ကောင်းတယ်လို့ ထင်ကြပါတယ်။ အလျှော့မပေးခြင်းဆိုတာဟာ ဂုဏ်ယူစရာမဟုတ်ပါဘူး။ မပေးသင့်တဲ့နေရာမှာ မပေးတာတော့ မှန်ပါတယ်။ ဒါပေမယ့် လျှော့ပေးသင့်တဲ့နေရာမှာ လျှော့ပေးရမယ်။ ဒါပေမယ့် အရေးကြီးတဲ့နေရာမှာ ဘယ်ဟာက လျှော့ပေးသင့်သလဲ၊ မပေးသင့်ဘူးလဲဆိုတာကို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီတော့ ဘယ်နေရာမှာ အလျှော့ပေးသင့်တယ်၊ ဘယ်နေရာမှာ အလျှော့မပေးသင့်ဘူးဆိုတာကို ဘယ်လိုဆုံးဖြတ်မလဲဆိုတာပါပဲ။ မှန်မှန်ကန်ကန်ဆုံးဖြတ်ဖို့ဆိုတာ ကိုယ့်မှာ မူရှိရမယ်။ ကိုယ့်မှာ ယုံကြည်ချက်ရှိရမယ်။ ကိုယ့်ယုံကြည်ချက်က ဘာလဲ။ ကိုယ့်ယုံကြည်ချက်က ပြည်ထောင်စုထူထောင်ရေးဆိုရင်၊ ပြည်ထောင်စုထူထောင်ရေးအတွက် အလျှော့ပေးသင့်ရင် အလျှော့ပေးရမယ်။ ပြည်ထောင်စုထူထောင်ရေးကို ထိခိုက်မယ့် ကိစ္စတွေဆိုရင် အလျှော့မပေးဘဲ တင်းခံသင့်ရင်တင်းခံရမယ်။ ဒီလိုစဉ်းစားစေချင်ပါတယ်။ အလျှော့မပေးဘဲ အပေးအယူမှန်မှန်လုပ်မယ်ဆိုရင် ကျွန်မတို့မှာ ယုံကြည်ချက်ရှိဖို့က အင်မတန်မှအရေးကြီးပါတယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းအားလုံးကို ပြည်ထောင်စုအပေါ်မှာ ယုံကြည်ချက်ရှိစေချင်ပါတယ်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ပြည်ထောင်စုဆိုတဲ့ အနှစ်သာရအဓိပ္ပာယ်ကို ယုံကြည်စေချင်ပါတယ်။ မတူညီတဲ့ တိုင်းရင်းသားများ၊ မတူညီတဲ့ သဘောထားများနဲ့ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုဆိုတာကို ဂုဏ်ယူစေချင်တယ်။ ပြည်ထောင်စုကြီး ခိုင်မြဲအောင်၊ တိုးတက်အောင်၊ ဖွံ့ဖြိုးအောင်ဝိုင်းဝန်းပြီး လုပ်ပေးနိုင်တဲ့ ကိုယ့်ရဲ့ကဏ္ဍကို တန်ဖိုးထားစေချင်ပါတယ်။ လူတိုင်းလူတိုင်းဟာ လုပ်ပေးနိုင်တဲ့ အရည်အချင်းရှိပါတယ်။ ကိုယ်လုပ်ပေးတာ မလုပ်ပေးတာ နောက်ဆုံး ကိုယ့်အပေါ်မှာပဲ မူတည်ပါတယ်။ အစိုးရဝန်ထမ်းမို့လို့၊ အစိုးရအဖွဲ့ဝင်မို့လို့ အလိုလိုနိုင်ငံတာဝန်ကို ထမ်းဆောင်နေတာ မဟုတ်ပါဘူး။ အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများဟာ တာဝန်မကျေရင် နိုင်ငံ့တာဝန်ထမ်းဆောင်တာမရောက်တဲ့အပြင် နိုင်ငံကို အန္တရာယ်ပြုတယ်လို့တောင် ပြောလို့ရပါတယ်။ ဒါကြောင့်မို့ ကိုယ့်နေရာက အဓိကမဟုတ်ဘူး။ ကိုယ့်ရဲ့စိတ်ဓာတ်၊ ကိုယ့်ရဲ့လုပ်ကိုင်မှုကသာ အဓိကပါ။

### ကိုယ့်သိက္ခာကို ထိန်းသိမ်း

ငါဟာ သာမန်ပြည်သူတစ်ယောက်ပဲ၊ ဘာလုပ်ပေးနိုင်မှာမို့လဲဆိုတဲ့ စိတ်ဓာတ်ဘယ်တော့မှ မထားပါနဲ့။ သာမန်ပြည်သူတစ်ယောက် ကျင့်တဲ့အကျင့်ဟာ တန်ဖိုးရှိပါတယ်။ အရေးကြီးပါတယ်။ အင်အားရှိပါတယ်။ အဲဒီအင်အားတွေကို မှန်မှန်ကန်ကန်သုံးဖို့ဆိုတာ အဓိကဖြစ်ပါတယ်။ ကျွန်မတို့ ဘယ်ရောက်ရောက် တတ်နိုင်သမျှ ပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေလုပ်ပါတယ်။ တွေ့ဆုံပွဲတွေလုပ်တဲ့အခါမှာ အမျိုးမျိုးတွေ့ရတယ်။ တချို့တွေ့ဆုံပွဲတွေက အင်မတန်မှစည်းကမ်းရှိတယ်။ တချို့တွေ့ဆုံပွဲတွေက စည်းကမ်းမရှိဘူး။ စည်းကမ်းဆိုတာဟာ ကိုယ့်ကိုယ်ကိုယ် စည်းစောင့်တာကို စည်းကမ်းလို့သတ်မှတ်ပါတယ်။ ကျွန်မအလေးထားတဲ့ စည်းကမ်းဟာ ပြည်သူတစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ့်စည်းကိုယ်စောင့်ခြင်းဟာ စည်းကမ်းပါပဲ။ ကိုယ့်စည်းကိုယ်စောင့်တယ်ဆိုတာ ကိုယ့်သိက္ခာကို ထိန်းသိမ်းတာပဲ။ ကိုယ်က မဲမပေါက်ဘဲနဲ့ ကိုယ်မရသင့်တဲ့ အခွင့်အရေးကို အတင်းရအောင် ယူချင်တာဟာ လုံးဝသိက္ခာရှိတဲ့အလုပ်မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကို ကျွန်မက အင်မတန်မှ အဆင့်မြင့်စေချင်တယ်။ အင်မတန်မှ တန်ဖိုးရှိတဲ့ ပြည်သူပြည်သားတွေ ဖြစ်စေချင်တယ်။

### နိုင်ငံရဲ့တန်ဖိုး

ကျွန်မတို့နိုင်ငံဟာ မချမ်းသာသေးပါဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ချမ်းသာမယ်လို့ ကျွန်မယုံကြည်တယ်။ ဒါပေမယ့်လည်း ကျွန်မတို့ချမ်းသာလာတာနဲ့အမျှ ကျွန်မတို့ စိတ်ဓာတ်က မမြင့်မားလာသေးဘူးဆိုရင် ချမ်းသာရကျိုးနပ်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ခုကတည်းက မြင့်မားတဲ့ စိတ်ဓာတ်ကို ကျွန်မတို့ ပြည်သူလူထုတွေကနေ ထိန်းသိမ်းသွားစေချင်ပါတယ်။ လူတိုင်းလူတိုင်းမှာ လုပ်နိုင်တဲ့ အရည်အချင်းရှိပါတယ်။ အသက်ရှင်နေသရွေ့ ကိုယ့်ကိုယ်ကိုယ်ပြုပြင်နိုင်တဲ့အခွင့်အရေးဟာ နိစ္စဓူဝရှိနေတာပါ။ ဒီနေ့မပြုပြင်တဲ့ကိစ္စ မနက်ဖြန်ပြုပြင်လို့ရတယ်။ ဒီမနက်မပြုပြင်တဲ့ကိစ္စ ဒီညနေမှာ ပြုပြင်လို့ရတယ်။ ဒါဟာစိတ်ကပဲစတာ။ အဲဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါ။ ဒါမှလည်း ကျွန်မတို့နိုင်ငံတိုးတက်နိုင်မှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့တန်ဖိုးဆိုတာ တစ်ဦးချင်းတစ်ဦးချင်းရဲ့ တန်ဖိုးအပေါ်မှာ မူတည်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အင်အားဆိုတာ ဒီနိုင်ငံထဲက အားအနည်းဆုံးသူရဲ့ အင်အားနဲ့ပဲ မျှတပါတယ်။ အင်အားအများဆုံးသူကို ကြည့်လို့မရပါဘူး။ ကျွန်မတို့နိုင်ငံထဲမှာ အင်အားအနည်းဆုံးသူတွေဟာ ဘယ်လိုရှိသလဲ။ ဘယ်လိုစိတ်ဓာတ်ရှိသလဲဆိုတာကို ကြည့်ပြီးမှ နိုင်ငံရဲ့တန်ဖိုးကို ဖြတ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူတွေကို လေးစားသောအားဖြင့်၊ တန်ဖိုးထားသောအားဖြင့် နီးစပ်အောင်လို့ ကြိုးစားပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေ ကျင်းပတာ ဖြစ်ပါတယ်။ တွေ့ဆုံပွဲတွေမှာဆိုရင် ကျွန်မတို့ လုပ်လေ့လုပ်ထရှိတဲ့အတိုင်းပဲ ကျွန်မက နှုတ်ခွန်းဆက်စကား ပြောပြီးတဲ့အချိန်မှာ ကြိုတင်ပြီး တင်ထားတဲ့ မေးခွန်းတွေကို ကျွန်မတို့ဖြေပါတယ်။ ဒီလို ကြိုတင်ပြီးတင်ပြထားတဲ့ မေးခွန်းတွေမှာ ပုဂ္ဂိုလ်ရေးအရ မေးခွန်းတွေကို ကျွန်မတို့လက်မခံပါဘူး။ အများနဲ့ဆိုင်တဲ့ မေးခွန်းတွေကိုပဲ ကျွန်မတို့လက်ခံပါတယ်။ ကိုယ့်ရပ်ကိုယ့်ရွာနဲ့ဆိုင်တာ၊ ကိုယ့်ပြည်နယ်နဲ့ဆိုင်တာ၊ ကိုယ့်နိုင်ငံနဲ့ဆိုင်တာ ဒီမေးခွန်းတွေကို သက်ဆိုင်ရာဌာနတွေက ဖြေပါတယ်။ တချို့မေးခွန်းတွေကို ပြည်နယ်အစိုးရအဖွဲ့ဝင်တွေက ဖြေပါတယ်။ တချို့မေးခွန်းတွေကျတော့ ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ရှိသူတွေက ဖြေပါတယ်။

> **"ငြိမ်းချမ်းရေးမရသေးတဲ့ကိစ္စနဲ့ ပြည်ထောင်စုကိုဦးတည်တဲ့ ရည်ရွယ်ချက်နဲ့ နှစ်ခုဆိုတာဟာ ဒွန်တွဲနေပါတယ်။ ငြိမ်းချမ်းရေးရမှ ကျွန်မတို့ တကယ်ခိုင်မြဲတဲ့ ပြည်ထောင်စုတစ်ခု ထူထောင်နိုင်မှာပါ။ တကယ်ခိုင်မြဲတဲ့ ပြည်ထောင်စုတစ်ခုထူထောင်နိုင်မှသာလျှင် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးကို ရေရှည်မှာ ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာဟာ အချင်းချင်းကြားမှာ စည်းလုံးညီညွတ်မှုကို အခြေခံပါတယ်"**

နောက်ပြီးတော့မှ ပရိသတ်ထဲက မဲပေါက်တဲ့ပုဂ္ဂိုလ်တွေကို မေးခွန်းမေးခွင့်ပေးပါတယ်။ အဲဒီတော့ မဲပေါက်တဲ့ ပုဂ္ဂိုလ်များကိုလည်း ထပ်ပြီးတော့ သတိပေးပါရစေ၊ ပုဂ္ဂိုလ်ရေးအရ မေးခွန်းတွေမေးဖို့မဟုတ်ပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ပြည်နယ်နဲ့ ကိုယ့်ရဲ့အသိုင်းအဝိုင်းနဲ့ဆိုင်တဲ့ အများနဲ့ဆိုင်တဲ့ မေးခွန်းတွေကိုမေးပါလို့ ကျွန်မအနေနဲ့ သတိပေးချင်ပါတယ်"ဟု ပြောကြားသည်။

### လိုအပ်သည်များမေးမြန်း

ယင်းနောက် တွေ့ဆုံပွဲတွင် ကြိုတင်တင်ပြထားသည့် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်မှ ဦးဘောက်နော်က တပ်ကုန်းရပ်ကွက်ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ အစည်းအဝေးခန်းမ ဆောင်ရွက်ပေးရေး၊ မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာမှ ဦးဒိန်ရှူးလခေါင်က နောင်နန်းကျေးရွာ၌ ကလေးငယ်များအတွက် ဓမ္မစကူးကျောင်းဆောင်ရရှိရေး၊ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်မှ ဒေါ်ရွှယ်ပါက တပ်ကုန်းရပ်ကွက် ထွယ်ဆန်လမ်းတစ်လျှောက် ကတ္တရာနှင့် ကွန်ကရစ်ခင်းပေးနိုင်ရေး၊ နမ္မတီးမြို့မှ ဦးမိုးကျော်ဦးက မြို့ခန်းမရရှိရေး၊ မြစ်ကြီးနားမြို့မှ ဦးဘရန်မွန်းက ကချင်ပြည်နယ်မှထွက်ရှိသည့် သစ်သီးဝလံနှင့် ကောက်ပဲသီးနှံများအား တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ရရှိရေးအတွက် အစိုးရအချင်းချင်းညှိနှိုင်းဆောင်ရွက်ပေးရေး၊ မြစ်ကြီးနားမြို့မှ ဦးပေါ်ဦးက ကန်ပိုက်တီး နယ်စပ်ဂိတ်အား နိုင်ငံတကာဝင်ထွက်ဂိတ်အဖြစ် တိုးမြှင့်ပေးပြီး စီးပွားဖြစ် ခရီးသွားလုပ်ငန်းဆောင်ရွက်ပေးရေး၊ တနိုင်းမြို့မှ ဦးလဂျောင်အောင်က မြစ်ကြီးနား–နမ္မတီး– တနိုင်း လီဒိုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်အောင် ကွန်ကရစ်လမ်းခင်းပေးရေး၊ မြစ်ကြီးနားမြို့မှ ဦးလခရိဇော်ဘောက်က မြစ်ကြီးနားမြို့တွင် ကလေးအထူးကုဆေးရုံကြီး တည်ဆောက်ပေးရေး၊ ဝိုင်းမော်မြို့မှ ဦးကြည်ထွန်းက ဝိုင်းမော်မြို့ ၂၅ ခုတင်ဆံ့ဆေးရုံအား ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ရေး၊ ချီဖွေမြို့မှ ဦးခေါဘောမ်က နုဇုန်ဘောမ်ကျေးရွာနှင့် ပန်ဝါတိုက်နယ်ဆေးရုံများ၌ ဆရာဝန်ချထားပေးရေး၊ မိုးကောင်းမြို့မှ ဦးတင်လင်းက မိုးကောင်းမြို့ ခုတင် ၅၀ ဆံ့ဆေးရုံအား အထူးကုဌာနများ တိုးချဲ့ဆောင်ရွက်ပေးရေး မေးခွန်းများကို လည်းကောင်း။

ခန်းမအတွင်းမှ မေးခွန်းမေးမြန်းလိုသူ (၁၇) ဦးအနက် မဲပေါက်သူ (၅) ဦးဖြစ်သည့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်မှ ဦးဟူယန်လက မြစ်ကြီးနားမြို့တွင် ပလတ်စတစ်အမှိုက်များ စနစ်တကျ စွန့်ပစ်အောင်ဆောင်ရွက်ပေးရေး၊ မြစ်ကြီးနား– ဝိုင်းမော်ရထားလမ်းဖောက်လုပ်ပေးရေးနှင့် ငြိမ်းချမ်းရေးအမြန်ရရှိအောင် ဆောင်ရွက်ပေးရေး၊ မိုးညှင်းမြို့ မေတ္တာမွန်လူမှုကူညီရေးအသင်းမှ ဦးကျော်ခိုင်ဝင်းက မိုးညှင်း –မန္တလေးကားလမ်းအား ကောင်းမွန်အောင် အမြန်ဆောင်ရွက်ပေးရေးနှင့် မိုးညှင်းမြို့ မီးသတ်မြေနေရာရရှိရေးအတွက် ဆောင်ရွက်ပေးရေး၊ ပြည်သူအသံအား ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ရောက်ရှိအောင်ဆောင်ရွက်ပေးရေး၊ ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်မှ ဒေါ်ဘောက်ဂျာက မြို့နယ်အုပ်ချုပ်ရေးမှူး၏ အနိုင်ကျင့်မှုခံနေရမှု၊ မြေသိမ်းခံနေရမှုနှင့် နေအိမ်အားဖယ်ရှားပြီး ရေမြောင်းတူးဖော်နေမှုတို့နှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဖားကန့်မြို့မှ ဒေါ်ရွှေကြည်က ဖားကန့်မြို့ ပြည်တွင်းအခွန်ဦးစီးဌာနမှူး အဂတိလိုက်စားနေမှုနှင့် မိမိအားမတရားသဖြင့် တရားစွဲဆိုခံနေရမှုကို ဖြေရှင်းပေးရေး၊ မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာမှ ဦးမျိုးမြင့်က ဆေးရုံတည်ဆောက်ရန် လှူဒါန်းထားသည့် မြေနေရာအား အလွဲသုံးစား ဆောင်ရွက်ထားမှုအပေါ် ဖြေရှင်းပေးရေး မေးခွန်းများကိုလည်းကောင်း။

### တာဝန်ရှိသူများက ရှင်းလင်း

ခန်းမအပြင်မှ မေးခွန်းမေးမြန်းလိုသူ (၁၀) ဦးအနက် မဲပေါက်သူ (၃)ဦးဖြစ်သည့် မြစ်ကြီးနားမြို့ ရွှေပြည်သာရပ်ကွက်မှ ဒေါ်ငြိမ်းလုက အာဆာကျေးရွာလမ်း ဖောက်လုပ်ပေးရန်နှင့် သိမ်းဆည်းမြေများ ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးရေး၊ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်မှ ဦးဇော်ဇော်တိုးက မြစ်ကြီးနားဆေးရုံအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ဆေးရုံများကဲ့သို့ အဆင့်မြှင့်တင်ပေးရေး၊ မြစ်ကြီးနားမြို့၌ ကျူရှင်သင်ကြားနေမှုဖြေရှင်းပေးရန်နှင့် ဆက်သွယ်ရေးအော်ပရေတာများမှ အခွန်ကောက်ခံနေမှုကို ကြပ်မတ်ပေးရေး၊ မြစ်ကြီးနားတက္ကသိုလ်မှ မောင်မျိုးထက်နိုင်လင်းက မြစ်ကြီးနားတက္ကသိုလ် စာကြည့်တိုက်ကို အဆင့်မြှင့်တင်ပေးရေး၊ ပညာသင်ထောက်ပံ့ကြေးရရှိရေး၊ မြစ်ကြီးနားတက္ကသိုလ်ကျောင်းသား သမဂ္ဂရုံးခန်းရရှိရေးနှင့် တက္ကသိုလ်သန့်ရှင်းရေး ဝန်ထမ်းတိုးမြှင့်ခန့်ထားပေးရေး မေးခွန်းများကိုလည်းကောင်း မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေးနှင့် ပြည်နယ်ဝန်ကြီးများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

### ဝိုင်းဝန်းကူညီပေးကြစေလို

မေးခွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပလတ်စတစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရန်မှာ ပြည်သူများပါဝင်ရန် လိုအပ်ပါကြောင်း၊ မိုးညှင်း–မန္တလေးကားလမ်း ကောင်းမွန်ရေးအတွက် အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးညှင်းမြို့ မီးသတ်မြေနေရာအတွက် ပြည်နယ်အစိုးရအနေဖြင့် ကွင်းဆင်းစစ်ဆေး၍ အစီရင်ခံစာ အမြန်တင်ပြရန်လိုကြောင်း၊ ငြိမ်းချမ်းရေး စားပွဲဝိုင်းဆီသို့ ပြည်သူအသံရောက်ရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖားကန့်မြို့နယ်နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် အမြန်ဆုံး စုံစမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနားမြို့ အာဆာကျေးရွာလမ်းအား ကောင်းမွန်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးကိစ္စနှင့် စပ်လျဉ်း၍လည်း မိဘများက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မြစ်ကြီးနားတက္ကသိုလ် စာကြည့်တိုက် အဆင့်မြှင့်တင်ရေးအတွက် အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်သန့်ရှင်းရေးအတွက် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ ယခုလို ကချင်ပြည်နယ်မှ ပြည်သူများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသား၊ ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC) သို့ ရောက်ရှိပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာ ခလမ်ဆမ်ဆွမ်၊ အတွင်းရေးမှူးသိက္ခာတော်ရ ဖော်ယောင်တူးမိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အတွင်းရေးမှူးက ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် KBC အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

### ဆုတောင်းပေး

ယင်းနောက် KBC ဥက္ကဋ္ဌက ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ပါဝင် ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ကချင်ဒေသ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေး ကော်မတီ (KHCC) တို့ ပူးပေါင်းဆောင်ရွက်နေသည့် နေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရေးစခန်းများ ပိတ်သိမ်းရေးနှင့် ၎င်းတို့ကို နေရာချထားရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် KIA ၊ KIO အဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံအား ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း သဘောတူညီခဲ့သည်များကို အကောင်အထည်ဖော်ပေးစေလိုကြောင်း၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အားပေးပါကြောင်း၊ ခရစ်ယာန်ဘာသာရေးအဆောက်အအုံများ သိမ်းဆည်းခံထားရသည့်အခြေအနေများကို ပြန်လည်စိစစ်ပေးစေလိုကြောင်း ပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လည်းကောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း ဆုတောင်းပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က IDP စခန်းနေပြည်သူများ နေရပ်ပြန်ရေး၊ ကိုယ့်အိမ်ကိုယ့်ယာပြန်ရေးမှာ အရေးကြီးကြောင်း၊ ပြည်သူပြည်သားများ၏ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်ရေးအတွက် လုံခြုံရေးမှာ အရေးကြီးကြောင်း၊ ချမ်းသာကြွယ်ဝမှုထက် လုံခြုံမှုက ပိုမိုအရေးကြီးကြောင်း၊ ဖွံ့ဖြိုးရေးဟုဆိုရာတွင် ရုပ်ပိုင်းသာမက စိတ်ပိုင်းအရ မြင့်မားသည့် ပြည်သူပြည်သားများဖြစ်စေလိုကြောင်း၊ KBC သည် ငြိမ်းချမ်းရေးနှင့် မေတ္တာတရားကို နာခံကြသူများဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် အဓိကလုပ်ဆောင်ကြသည့် ငြိမ်းချမ်းအောင်လုပ်ဆောင်သူများအဖြစ် အလေးထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုးကွယ်သည့်ဘာသာများ မတူညီကြကြောင်း၊ ယင်းကို မိမိအနေဖြင့် ဂုဏ်ယူကြောင်း၊ ဘာသာတရားများတွင် အခြေခံမှာ မေတ္တာတရားပင် ဖြစ်ကြောင်း၊ KBC အနေဖြင့် Prince of Peace ဟု ခေါ်ဆိုကြသည့် ခရစ်တော်၏ ဆုံးမသွန်သင်မှုများအတိုင်း လုပ်ဆောင်ပေးစေလိုကြောင်း၊ (၂၁)ရာစု ပင်လုံညီလာခံဟု ဘာကြောင့်ခေါ်တွင်စေသည်ကို အခွင့်ကြုံ ခိုက်ရှင်းပြလိုကြောင်း၊ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံသည် (၂၀) ရာစုပင်လုံဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရာစုနှစ်တစ်ခု ပြောင်းလဲသွားပြီ ဖြစ်သော်လည်း အားလုံးမျှော်လင့်ခဲ့သည့် ပြည်ထောင်စုကို မတည်ဆောက်နိုင်သေးကြောင်း၊ ရာစုနှစ်တစ်ခုအတွင်း ကမ္ဘာကြီးတွင် အကြီးအကျယ် ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ ခေတ်သစ်၊ ရာစုနှစ်အသစ်တွင် အတွေးအခေါ်၊ အယူအဆအသစ်များဖြင့် ဆောင်ရွက်ရမည်ဟု ခံယူသဖြင့် (၂၁) ရာစုပင်လုံဟု ခေါ်တွင်စေခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်ထောင်စုတည်ဆောက်ရေးမှာ မပြီးဆုံးသေးကြောင်း၊ ငြိမ်းချမ်းရေးတွင် အားလုံးပါဝင်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ KBC ကို မေတ္တာရပ်ခံလိုသည်မှာ နိုင်ငံတော်အေးချမ်းအောင် ကူညီပေးကြစေလိုကြောင်း၊ လူငယ်များ၏နှလုံးသားတွင် မေတ္တာတရားဆိုသည်ကို စွဲမြဲနေအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ငြိမ်းချမ်းသည့်နည်းဖြင့် ရယူသည့်ငြိမ်းချမ်းရေးသာလျှင် စစ်မှန်သည့် ငြိမ်းချမ်းရေး ဖြစ်ကြောင်း၊ KBC ကို ယုံကြည်အားကိုးသူများအားလုံး ငြိမ်းချမ်းရေးတွင် ပါဝင်လာအောင် ကြိုးပမ်းပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### အလှူငွေများ ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်နှစ်ခြင်းခရစ်ယာန် အဖွဲ့ချုပ် (KBC) အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် KBC ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

သတင်းစဉ်

## အနုပညာပြပွဲ Art Expo Bagan 2020 သို့ လာရောက်လေ့လာကြသူများ၏ အနုပညာခံစားမှု စကားသံများ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံးတို့ ပူးပေါင်းကျင်းပသည့် အနုပညာပြပွဲ Art Expo Bagan 2020 တွင် ရှေးခေတ်ပုဂံပြည်၏ ခမ်းနားထည်ဝါခဲ့သည့် အနုပညာလက်ရာများနှင့်အတူ ပြည်တွင်း၊ ပြည်ပပန်းချီပညာရှင်များ၏ ပြောင်မြောက်အသက်ဝင်လှသည့် ပန်းချီကားပေါင်း ၆၀၀ ကျော်ကို ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။ အဆိုပါ အနုပညာပြပွဲသို့ မိမိတို့ကိုယ်တိုင် ဖန်တီးထားသော ပန်းချီကားများ လာရောက်ပြသကြသည့် ပန်းချီပညာရှင်များနှင့် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသည့် ပန်းချီဝါသနာရှင်အချို့နှင့် တွေ့ဆုံမေးမြန်းမှုကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

### ဦးတင်ငွေး (မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး EC)

မြန်မာနိုင်ငံကို အနောက်တိုင်းပန်းချီရောက်လာတာနှစ်(၁၀၀)ပြည့်နဲ့ ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသ UNESCO ဝင်တဲ့ အထိမ်းအမှတ် အနုပညာပြပွဲကို ဒီနှစ်မှာ ကျင်းပဖြစ်တာပါ။ မြန်မာပြည်အနှံ့က ပန်းချီဆရာတွေရဲ့ မြန်မာမှု၊ အနောက်တိုင်းပန်းချီပေါင်းစုံကို တစ်နေရာတည်းမှာ ကြည့်ရှုခံစားနိုင်တဲ့ ပြပွဲဖြစ်တဲ့အတွက် လာရောက်လေ့လာကြစေလိုပါတယ်။

### Mrs Catherine (France)



လွန်ခဲ့တဲ့ နှစ် ၂၀ က ပုဂံကို ပထမအကြိမ်အဖြစ် ရောက်ခဲ့ဖူးတယ်။ ရန်ကုန်မှာ ၁၁ နှစ်နေခဲ့ဖူးတော့ မြန်မာပြည်ကို ကျွန်မ မိခင်တိုင်းပြည်လိုပဲ သိပ်သဘောကျပါတယ်။ ကျွန်မအဘိုးက ပန်းချီဆရာတစ်ယောက်ပါ။ ဘဝတစ်လျှောက်လုံး ပန်းချီအနုပညာလောကမှာပဲ ကြီးပြင်းခဲ့ရတော့ ပန်းချီပညာဟာ ကျွန်မအတွက် သိပ်အရေးကြီးတဲ့အရာတွေပါပဲ။ ကျွန်မဘဝတစ်လျှောက်လုံး ဝယ်ယူစုဆောင်းခဲ့သမျှ ပန်းချီကားတွေကို လာအိုနိုင်ငံက ကျွန်မရဲ့ မွေးစားသားကို လက်ဆင့်ကမ်းပေးဖို့ ရည်ရွယ်ထားပါတယ်။ အခု ကျွန်မအမျိုးသား (အီတလီနိုင်ငံသား)နဲ့လည်း မြန်မာပြည်ကို အလည်လာရင်းနဲ့ ဖူးစာဆုံခဲ့တာဖြစ်တဲ့အတွက် မြန်မာပြည်ဟာ ကျွန်မအတွက်တော့ ဘယ်တော့မှ မမေ့နိုင်တဲ့ တိုင်းပြည်တစ်ခုပါပဲ။

### ရေဆေးပန်းချီဆရာ အောင်မိုး(ချင်းပြည်နယ်)

ဒီပွဲကို ပန်းချီဆရာဦးချစ်ဆွေ (ညောင်ဦး) ကနေပြီးတော့မှ ဖိတ်ခေါ်တဲ့အတွက် ရေဆေးပန်းချီလာရောက် ပြသတာဖြစ်ပါတယ်။



ဒီပွဲမျိုးကို မကြာမကြာ လုပ်ပေးစေချင်တာပေါ့လေ။ နယ်စွန်နယ်ဖျားကနေ ဒီအထိလာရောက်ပါဝင်တာက ကိုယ့်ပန်းချီပညာကို အနုပညာပြပွဲမှာ နိုင်ငံအနှံ့က ပန်းချီပညာရှင်တွေနဲ့အတူ ပြသခွင့်နဲ့ ရင်းနှီးကျွမ်းဝင်ခွင့်ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ နောက်နှစ် နောက်နှစ်တွေမှာလည်း အခုလိုအနုပညာပြပွဲမျိုး ကျင်းပနိုင်ဖို့နဲ့ ပါဝင်ပြသခွင့်ရဖို့ မျှော်လင့်ပါတယ်။

### ပန်းချီဆရာ မောင်ဦး (စစ်ကိုင်းမြို့)

မြန်မာပြည်အနှံ့အပြားက ပန်းချီဆရာတွေရဲ့ လက်ရာတွေကို တစ်စုတစ်စည်းတည်း မြင်ရတယ်ဆိုတာ ဒီပွဲမှာပဲရနိုင်တာပါ။ ဒါကြောင့် လာကြည့်တာပါ။ အပြိုင်အဆိုင်နဲ့ လက်ရာမြောက်တဲ့ ပန်းချီကားတွေကို ကြည့်ရှုလေ့လာခွင့်ရပါတယ်။ ဒီလိုအနုပညာပြပွဲမျိုးကို လာရောက်ကြည့်ရှုလေ့လာဖို့ မိဘများအနေနဲ့လည်း မိမိတို့ကလေးတွေကို တိုက်တွန်းအားပေးသင့်ပါတယ်။

### Mrs Hi Yan Wong (Australia)



ဒါပထမဆုံး မြန်မာပြည်ကို ရောက်ဖူးတာပါ။ ရန်ကုန်ကနေပုဂံကို ရောက်တော့ လုံးဝထင်မှတ်မထားတဲ့နေရာတစ်ခုကို ရောက်သွားရသလိုပါပဲ။ ပန်းချီကားတစ်ချပ်စီတိုင်းက တကယ်ကိုစိတ်ဝင်စားဖို့ကောင်းပါတယ်။ အပြင်မှာလက်တွေ့ကိုယ်တိုင်ကိုယ်ကျလေ့လာခဲ့ရသလို ပန်းချီကားတွေထက်က ပုဂံပြည်ရဲ့ အနုပညာလက်ရာတွေကို ရှုစားခွင့်ရပါတယ်။

**တွေ့ဆုံမေးမြန်း ဖေလိမ်း(ပုဂံ)**

* ကျော်ဖုံးမှ

မြှင့်တင်ပေးတဲ့နေရာမှာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အခုပွဲမှာ စာအုပ်အသစ်ပေါင်းများစွာကို ရှားရှားပါးပါး အထူးလျှော့ဈေးတွေနဲ့ရောင်းချသွားမှာဖြစ်ပြီး လာရောက်သူတွေအနေနဲ့လည်း နှစ်သက်ခံစားနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြောသည်။

စာအုပ်ရောင်းပွဲတော်လာ မြောက်ဒဂုံမြို့နယ်မှ ဦးထွန်းထွန်းဝင်းက “ဒီနေ့ စာအုပ်ရောင်းပွဲမှာ လူငယ်တော်တော်များများ လာရောက်ဝယ်ယူတာ တွေ့ရပါတယ်။ လူငယ်တွေ စာဖတ်တာက သူတို့အတွက် ကောင်းသလို နိုင်ငံအတွက်လည်း ကောင်းပါတယ်။ ဒီနေ့ စာအုပ်ရောင်းပွဲမှာ အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားတဲ့ စာအုပ်တွေ တွေ့ရတဲ့အတွက် အင်္ဂလိပ်စာကို လေ့လာနိုင်မယ့်အပြင် ဒီစာအုပ်တွေပေါ်က တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေရမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့ ကလေးစာပေပွဲတော်တွေ နေရာတော်တော်များများမှာ ကျင်းပပေးနေသလို ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အနေနဲ့လည်း အခုလို စာအုပ်ရောင်းပွဲတွေ များများပြုလုပ်ပေးစေချင်ပါတယ်” ဟု ပြောသည်။






Ready 2 Read မြန်မာ၏ ဒါရိုက်တာ ဦးမျိုးအောင်၊ ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ဆွေထွန်းနှင့်တာဝန်ရှိသူများက ကမ္ဘာ့အကြီးဆုံး စာအုပ်ရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

စာအုပ်ရောင်းပွဲတော်တွင် အရောင်းရဆုံးစာအုပ်များ၊ ဂန္ထဝင်ဝတ္ထုများ၊ သိပ္ပံစိတ်ကူးယဉ်ဝတ္ထုများ၊ အချစ်ဝတ္ထုများ၊ သုတစာပေများ၊ သရုပ်ပြစာအုပ်များ၊ စီးပွားရေး၊ တက်ကျမ်း၊ ဗိသုကာနှင့် ဟင်းချက်နည်းဆိုင်ရာ စာအုပ်များအပြင် အင်္ဂလိပ်ဘာသာနှင့် စာအုပ်ပေါင်း တစ်သန်းကျော်ကို မူရင်းဈေး၏ ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ကလေးများအတွက် ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ၊ ဆေးရောင်ခြယ်စာအုပ်များနှင့် ရုပ်ပြစာအုပ်များအပြင် အပြန်အလှန်လေ့ကျင့်သင်ကြားပေးနိုင်သည့် စာအုပ်များ စသည်ဖြင့် အမျိုးအစားစုံလင်စွာကို တစ်နေရာတည်း ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။

အဆိုပါ စာအုပ်ရောင်းပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ၁၁ ရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၁၂ နာရီအထိ သာကေတမြို့နယ် Fortune Plaza ရှိ Myanmar Expo Hall ၌ အများပြည်သူ ဝယ်ယူနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်နိုင်ကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)**
**ဓာတ်ပုံ - ဇော်မင်းလတ်**





ကမ္ဘာ့အကြီးဆုံး စာအုပ်ရောင်းပွဲတော်တွင် ခင်းကျင်းပြသထားသည့်စာအုပ်များအား စာပေချစ်မြတ်နိုးသူများ ဝယ်ယူအားပေးမှုကို တွေ့ရစဉ်။

## သန်လျင်မြို့နယ်၌ ပညာရေးစုံညီပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၈ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်း သီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ဗဟိုအဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား ကျောင်းသူလေးများက ပဒေသာကပွဲနှင့်ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ ဧက ၁၄ သိန်းကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဆီထွက်သီးနှံ မျိုးစုံ ၁၄၀၄၈၂၈ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။ ဆီထွက်သီးနှံများကို ခရိုင်အလိုက် စိုက်ပျိုးမှုအနေဖြင့် မုံရွာခရိုင်အတွင်း မြေပဲ ၄၃၉၆၉ ဧက၊ နှမ်း ၆၂၆၈၇ ဧက၊ နေကြာ ၃၆၂၁၇ ဧက၊ ပန်းနှမ်း ၂၂၈ ဧကကိုလည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်း မြေပဲ ၆၀၉၀၃ ဧက၊ နှမ်း ဧက ၁၀၂၄၉၀၊ နေကြာ ဧက ၆၂၇၀၀၊ ပန်းနှမ်း ၁၈၄၅ ဧကကိုလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်း မြေပဲ ၁၁၇၆၀၉ ဧက၊ နှမ်း ၁၁၉၂၅၄ ဧက၊ နေကြာ ၁၉၇၅၄ ဧက၊ ပန်းနှမ်း ၅၉၁ ဧကကိုလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းမြေပဲ ၃၁၄၆၉ ဧက၊ နှမ်း ၅၅၂၈၇ ဧက၊ နေကြာ ၇၆၇၈၉ ဧက၊ ပန်းနှမ်း ၁၂၅၂၈ ဧကကို လည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းမြေပဲ ၁၀၇၂၄၂ ဧက၊ နှမ်း ၁၁၀၅၈၂ ဧက၊ နေကြာ ၂၇၉၈ ဧက၊ ပန်းနှမ်း ၁၀၄၂၂ ဧကနှင့် မုန်ညင်း ၈၅၉ ဧကကိုလည်းကောင်း၊ ကလေးခရိုင်အတွင်း မြေပဲ ၄၂၅၉၁ ဧက၊ နှမ်း ၅၆၇၆ ဧက၊ နေကြာ ဧက ၄၁၇၁၀၊ ပန်းနှမ်း ၆၆၅၃ ဧကနှင့် မုန်ညင်း ဧက ၅၈၉၀ ကိုလည်းကောင်း စိုက်ပျိုးနိုင်ခဲ့သည်။

အလားတူ ကသာခရိုင်အတွင်း မြေပဲ ၅၅၀၁၂ ဧက၊ နှမ်း ၇၄၂၀၇ ဧက၊ နေကြာ ၂၈၇၃၅ ဧက၊ ပန်းနှမ်း ဧက ၄၂၂၀ နှင့် မုန်ညင်း ၄၆၇၄ ဧကကိုလည်းကောင်း၊ တမူးခရိုင်အတွင်း မြေပဲ ဧက၂၀၆၀၊ နှမ်း ၁၆၃၅ ဧက၊ နေကြာ ၁၁၀၁ ဧက၊ ပန်းနှမ်း ဧက ၄၂၀ နှင့် မုန်ညင်း ၁၀၅၆၄ ဧကကိုလည်းကောင်း၊ မော်လိုက်ခရိုင်အတွင်း မြေပဲ ၁၄၃၂၂ ဧက၊ နှမ်း ဧက ၁၅၅၀ ၊ နေကြာ ၇၁၄၇ ဧက၊ ပန်းနှမ်း ၃၆၉၉ ဧကနှင့် မုန်ညင်း ဧက၂၄၄၀ ကိုလည်းကောင်း၊ ခန္တီးခရိုင်အတွင်း မြေပဲ ၁၁၅၃၂ ဧက၊ နှမ်း ၁၄ ဧက၊ နေကြာ ၃၁၅ ဧက၊ ပန်းနှမ်း ၃၉၇ ဧကနှင့် မုန်ညင်း ၁၇၆၇ ဧကကိုလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မြေပဲ ၉၇ ဧက၊ နှမ်း ၂၉ ဧက၊ နေကြာ ၅၂ ဧက၊ ပန်းနှမ်း ၁၂ ဧကနှင့် မုန်ညင်း ၂၁၀၅ ဧကကိုလည်းကောင်း စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ e-ID စနစ်အတွက် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) အား ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ၏ e–ID စနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် e–ID စနစ် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) အား ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ e–ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ e–ID စနစ်လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် e–ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ e–ID စနစ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံ OeSD တို့အကြား လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်သည် လုပ်ငန်းတစ်ခုလုံး၏ အစဦးဆုံးဖြစ်ပြီး ယင်းသဘောတူစာချုပ် ချုပ်ဆိုပြီးပါက ဆက်လက်ဆောင်ရွက်ရမည့် အရေးကြီးသည့်လုပ်ငန်းစဉ် အများအပြားရှိပါကြောင်း။

e–ID စနစ်လုပ်ငန်းသည် e–Government စနစ်၏ အခြေခံအကျဆုံးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် ကြီးမားကျယ်ပြန့်ပြီး အလွန်အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ယင်းလုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသော်လည်း တတ်ကျွမ်းနားလည်သည့်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၏ သုံးသပ်ချက်၊ ဆွေးနွေးအကြံပြုချက်များအား အလေးထားမှတ်သား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသော်လည်း ဖွဲ့စည်းထားသည့် e–ID ဆိုင်ရာ ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ဩစတြီးယားနိုင်ငံ OeSD ၏ စီမံကိန်းအဆိုပြုလွှာအရ e–ID စနစ် စီမံကိန်းကို နှစ်နှစ်တာကာလအတွင်း အဆင့် (၃) ဆင့်ဖြင့် အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ယခုတင်ပြထားသည့် လုပ်ငန်းသဘောတူစာချုပ်(မူကြမ်း) ကိုလည်း ၂၀၁၉ ခုနှစ် ဇူလိုင်လမှစတင်ကာ လုပ်ငန်းဆိုင်ရာ ပတ်သက်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ e–Government ဦးဆောင်ကော်မတီမှ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဆပ်ကော်မတီများ၏ သဘောထားမှတ်ချက်များရယူ၍ e–ID စနစ်လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီများဖြင့် အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) အား လိုအပ်သည်များ ညှိနှိုင်းပြင်ဆင်ပြီးနောက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (Development Assistance Policy – DAP ) ပြဋ္ဌာန်းချက်များအရ စီးပွားရေးရာကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တက်ရောက်လာကြသူများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)အား လိုအပ်ချက်များရှိပါက အကြံပြုဆွေးနွေးညှိနှိုင်း ပြင်ဆင်ပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် ဝန်ကြီးဌာနနှင့် OeSD ကုမ္ပဏီတို့အကြား ချုပ်ဆိုမည့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) အပေါ် တွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို သုံးသပ်အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး e–ID စနစ် လုပ်ငန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ e–ID စနစ် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) အား ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# Australian National University (ANU) တက္ကသိုလ်မှ Dr. Jonathan Liljeblad နှင့် လေ့လာရေးအဖွဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် Australian National University (ANU) တက္ကသိုလ်မှ Dr. Jonathan Liljeblad နှင့် လေ့လာရေးအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်းဆောင်ရွက်နေသည့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Australian National University (ANU)နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ဥပဒေအရာရှိများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဥပဒေပညာလေ့လာသင်ယူမှု အခွင့်အလမ်းများကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် Dr. Jonathan Liljeblad နှင့် လေ့လာရေးအဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဌာနအသီးသီးသို့ လေ့လာခဲ့ကြရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များ အကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး Australian National University (ANU) တက္ကသိုလ်မှ Dr. Jonathan Liljeblad နှင့် လေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# တုပ်ကွေးဆန်သော အဖျားရောဂါကာကွယ်ရန် တံတားဦးလေဆိပ်တွင် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများတိုးမြှင့်

**မန္တလေး ဇန်နဝါရီ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝူဟန်မြို့တွင် ဖြစ်ပွားနေသည့် ခာတ်ခွဲအတည်မပြုရသေးသည့် တုပ်ကွေးဆန်သော နမိုးနီးယားဗိုင်းရပ်(စ်)ရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ဝင်ရောက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရန် မန္တလေးတံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သာမိုစကရင်နှစ်လုံးတပ်ဆင်၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို **(အောက်ပုံ)** ဇန်နဝါရီ၆ရက်က တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

"မန္တလေးတံတားဦးလေဆိပ်ကို တရုတ်နိုင်ငံကလေကြောင်းလိုင်းတွေ အများဆုံး ဆိုက်ရောက်ကြတယ်။ အခုရောဂါအဓိကဖြစ်ပွားနေတဲ့ ဝူဟန်လေကြောင်းလိုင်းကလည်း တံတားဦးလေဆိပ်ကို တစ်ပတ်ကိုတနင်္လာနဲ့ သောကြာ နှစ်ရက်မှာ တိုက်ရိုက်ဆင်းသက်တဲ့အတွက် သတိထားရမယ့်အပိုင်းမှာ ပိုရှိပါတယ်။ ဒါကြောင့် တံတားဦးလေဆိပ်မှာ အရင်က တပ်ဆင်ထားတဲ့ သာမိုစကရင် တစ်လုံးအပြင် အခုနောက်ထပ်တစ်လုံး တိုးချဲ့တပ်ဆင်ပြီး သာမိုစကရင် နှစ်လုံးနဲ့ ခရီးသည်တွေကို အဖျားရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုတဲ့လုပ်ငန်းကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။ လေကြောင်းလိုင်းကလာတဲ့ ခရီးသည်တွေက သာမိုစကရင်ရှေ့က ဖြတ်သွားရင် သတ်မှတ်ထားတဲ့ ၃၈ ဒီဂရီထက်ပိုများနေရင် သာမိုစကရင်မှာ သတိပေးတဲ့ စနစ်ကိုသုံးပြီး ဆောင်ရွက်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်က ပြောသည်။

ထို့ပြင် သံသယလူနာတွေ့ရှိပါက အရေးပေါ်လူနာတင်ယာဉ်နှင့် ယာဉ်မောင်းများအပြင် ရောဂါကုသရန် သင်တန်းပေးထားသည့် ကျန်းမာရေးဝန်ထမ်းများ လူနာသယ်ယူရမည့် လမ်းကြောင်းများ ကုသဆောင်များကို သီးသန့်စီစဉ်ပေးထားပြီး ဆေးဝါးအသုံးအဆောင်ပစ္စည်းများကိုလည်း ကြိုတင်ပြင်ဆင်ထားရှိကြောင်းနှင့် သံသယလူနာတွေ့ရှိပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အမြန်ဆုံးသတင်းပေးပို့နိုင်ရန် Hotline ဖုန်းတစ်ခုကို သီးသန့်တပ်ဆင်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## နွေစပါးများပေါ်လာချိန်တွင် လိုအပ်ပါကဝယ်ယူပေးနိုင်ရေးအတွက် စီမံချက်များရေးဆွဲတင်ပြ



**နေပြည်တော် ဇန်နဝါရီ ၉**

လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ရန်ပုံငွေလိုအပ်ချက် ရှိ/မရှိ ဆွေးနွေး**

အစည်းအဝေးတွင် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက် ကျဆင်းလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တင်ဒါစနစ်ဖြင့် စပါးဝယ်ယူပေးနိုင်ရန်အတွက် ခွဲဝေချထားပေးသော ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ရန်ပုံငွေထပ်မံလိုအပ်ချက် ရှိ/မရှိကို ဆွေးနွေးကြရန်လိုကြောင်း၊၊

**ကွင်းဆင်းဆွေးနွေးမှုများဆောင်ရွက်**

အခြေခံစပါးဈေးနှုန်းဖြင့် စပါးဝယ်ယူပေးနိုင်ရေး ကြေညာချက်ထုတ်ပြန်ပြီးနောက် စပါးဈေးသည် အတက်ဘက်သို့ဦးတည်လာကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်သော ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ နွေစပါးများပေါ်ထွက်လာချိန်တွင် လိုအပ်ပါက ယခုကဲ့သို့ဝယ်ယူပေးနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲတင်ပြပေးရမည် ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့က တင်ပြလာသည့် ကိစ္စများအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ ပူးပေါင်းညှိနှိုင်းပြီး ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယခုစပါးဝယ်ယူရေးနှင့် ပတ်သက်၍ အောင်မြင်အောင်ဆောင်ရွက်ရန် တိုက်တွန်းချက်များရှိသလို အမှားအယွင်းမရှိအောင် အဆင့်ဆင့် စိစစ်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝယ်ယူရေးအစီအစဉ်ဆောင်ရွက်မှုဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက လက်ရှိစပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ၊ ဝယ်ယူရေးအစီအစဉ် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**နိုင်ငံတော်မှ ပံ့ပိုးကူညီရေးဆွေးနွေး**

ထို့အပြင် အစည်းအဝေးတွင် အခြေခံရည်ညွှန်းဈေးအောက် ကျရောက်နေသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အခြေခံရည်ညွှန်းဈေးဖြင့် တင်ဒါခေါ်ယူ၍ စပါးဝယ်ယူခဲ့သည့် အခြေအနေများကို ပြန်လည်သုံးသပ်ရန်၊ မိုးစပါးဝယ်ယူပြီးပါက နွေစပါး ဆက်လက်ဝယ်ယူနိုင်ရေးအတွက် တက်ရောက်လာသူများက အကြံပြုချက်ပေးနိုင်ရန်၊ အဆိုပါတိုင်းဒေသကြီး သုံးခုတွင် စပါးဝယ်ယူနိုင်ရေး ရန်ပုံငွေထုတ်ပေးပြီးနောက် တနင်္သာရီတိုင်းဒေသကြီးက အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် စပါးဝယ်ယူနိုင်ရေးတင်ပြလာသည့်အတွက် ကျန်ရှိသောရန်ပုံငွေအနက် ငွေပမာဏ မည်မျှထုတ်ပေးနိုင်ရေး ညှိနှိုင်းဆုံးဖြတ်ရန်နှင့် ကယားပြည်နယ်က တင်ပြလာသော တောင်သူများအတွက် စိုက်ပျိုးစရိတ်ကာမိစေရေးနှင့် ထိုက်သင့်သောအကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် ထွက်ရှိလာမည့် သီးနှံများအပေါ် ကာလပေါက်ဈေး (သို့မဟုတ်) သီးနှံဈေးကောင်းရရှိရေးနှင့် ဈေးကွက်ရရှိရေးတို့ကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးတင်ပြလာမှုတို့နှင့် ပတ်သက်၍လည်း ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ် အရစ်ကျရောင်းချရေးအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

**ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ် အရစ်ကျရောင်းချရေးအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

ရှင်းလင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မော်တော်ယာဉ်အရောင်းပြခန်းများ၊ မော်တော်ယာဉ် အရောင်းစင်တာများ၊ ဘဏ်လုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆောင်ရွက်နေမှု ရှင်းလင်း**

ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအား ရာထူးအဆင့်သတ်မှတ်၍ မော်တော်ယာဉ်များ အရစ်ကျရောင်းချရေးအစီအစဉ်နှင့်ပတ်သက်၍ ဝယ်ယူခွင့်ပြုမည့် ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအား ရာထူးနှင့် လုပ်သက်သတ်မှတ်ရေးကိစ္စ၊ ချေးငွေကိစ္စ၊ အခွန်သက်သာခွင့် ကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်များထုတ်ပေးနေရမှု၊ စက်သုံးဆီစရိတ်နှင့် မော်တော်ယာဉ်ပြင်ဆင်စရိတ်များ ထုတ်ပေးနေရမှုကြောင့် ပြည်သူ့ဘဏ္ဍာငွေများ ကုန်ကျနေမှုကို သက်သာစေရန်၊ အချိန်ကာလကြာမြင့်စွာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်လိုသည့် ရည်ရွယ်ချက်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မော်တော်ယာဉ် အရောင်းပြခန်းများ၊ မော်တော်ယာဉ် အရောင်းစင်တာများ၊ ဘဏ်လုပ်ငန်းများအကြား လိုအပ်သည့် အချက်အလက်များစုစည်းရန် ရည်ရွယ်ချက်များဖြင့် ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊၊

မော်တော်ယာဉ် အရစ်ကျဝယ်ယူခွင့်ရရှိမည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် ညွှန်ကြားရေးမှူးချုပ်နှင့် အထက်အဆင့် ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းလုပ်သက် ၂၅ နှစ်ပြည့်ပြီး နိုင်ငံ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူ ဝန်ထမ်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊၊

မော်တော်ယာဉ်များအား အရစ်ကျဝယ်ယူခွင့်ရရှိသည့် နိုင်ငံ့ဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ထောက်ခံပေးရမည်ဖြစ်ကြောင်း၊ ရာထူးအဆင့်ကိုလိုက်၍ ဈေးနှုန်းနှင့် မော်တော်ယာဉ်အမျိုးအစားကို သတ်မှတ်ထားပါကြောင်း၊၊

အခွန်နှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့က လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်သက်သာခွင့်ကို မော်တော်ယာဉ်အရစ်ကျ ဝယ်ယူခွင့်ရရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တိုက်ရိုက်လျှောက်ထားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မည့်အခြေအနေဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် မော်တော်ယာဉ်အရောင်းပြခန်းများ၊ မော်တော်ယာဉ် အရောင်းစင်တာများ၊ ဘဏ်လုပ်ငန်းများမှ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးရန်ကိစ္စ၊ လိုအပ်ချက်နှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မော်တော်ယာဉ်အရောင်းပြခန်းများ၊ မော်တော်ယာဉ်အရောင်းစင်တာများ၊ ဘဏ်လုပ်ငန်းများမှ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြီး ယခုဆွေးနွေးပွဲသည် လုပ်ငန်းစတင်နိုင်ရန်အတွက် အချက်အလက်စုစည်းရန် လုပ်ငန်းနှင့်ဆက်စပ်နေသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရရှိလာသည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့၍ ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။




ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ် အရစ်ကျရောင်းချရေးအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး ရှင်းလင်းပြောကြားစဉ်။

**သတင်းစဉ်**

# ညောင်တုန်းကားလမ်းမကြီးပေါ်၌ ကွန်တိန်နာယာဉ်များ နေ့ညရပ်နားမှုကြောင့် ခရီးသွားယာဉ်များ အခက်အခဲကြုံတွေ့ရ

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးသို့ ဧရာဝတီတိုင်းဒေသကြီးမှ ဝင်ပေါက်တစ်ခုဖြစ်သော လှိုင်သာယာမြို့နယ်ရှိ ပုသိမ် - ညောင်တုန်းလမ်း အောင်ဇေယျ ကြိုးတံတားအဆင်း (၃)ထိပ်မှတ်တိုင်မှစ၍ နည်းပညာတက္ကသိုလ်လမ်းဆုံအထိ ယာဉ်များ နေ့ညရပ်နားလျက်ရှိရာ ထိုလမ်းမကြီးပေါ်၌ ကွန်တိန်နာယာဉ်များနှင့် တက္ကစီယာဉ်များ၊ ဆိုင်ကယ်ကယ်ရီများကြောင့် YBS ယာဉ်လိုင်းများ၊ ဧရာဝတီတိုင်းဒေသကြီးမှ ယာဉ်များ၊ စက်ရုံကြိုပို့ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာရေးအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

"ကားလမ်းမကြီးပေါ်မှာ ညအိပ်ရပ်နားတဲ့ယာဉ်တွေ စည်ပင်နဲ့သက်ဆိုင်တယ်။ ယာဉ်မောင်းရှိတဲ့ယာဉ်တွေကို စည်ပင်နဲ့ပူးပေါင်းပြီး ချလန်ဖြတ် အရေးယူပါတယ်။ ကွန်တိန်နာယာဉ်နဲ့ YRTA ယာဉ်ဆိုရင် ရှင်းလင်းဖယ်ရှားပေးဖို့ စာပို့တာလည်း ရှိပါတယ်။ အသိတရားနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းကို လိုက်နာဖို့လိုတာပါ။ ရပ်ကွက်လမ်းတွေ မဟုတ်သေးဘူး၊ အဓိကလမ်းမကြီးတွေကိုလည်း မစိုးမိုးနိုင်တဲ့ အနေအထားဖြစ်နေတယ်"ဟု မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု (၆၈)မှ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ဝင်းစိုးက ပြောသည်။

လှိုင်သာယာမြို့နယ်အား ရွှေပြည်သာ တံတားလမ်းပိုင်းဖြစ်သော အနော်ရထာလမ်း၊ အောင်ဇေယျ ကြိုးတံတား လမ်းပိုင်းဖြစ်သော ညောင်တုန်းလမ်းနှင့် ဘုရင့်နောင် အမှတ်(၁)၊ အမှတ်(၂) လမ်းပိုင်းဖြစ်သော ပုသိမ်လမ်း(အမှတ်-၅ လမ်း)မကြီးတို့မှာ ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးအား ဆက်သွယ်ထားရာ အဆိုပါလမ်းမကြီးသုံးခုမှာ နေ့ညမပြတ် ယာဉ်ဖြတ်သန်းသွားလာလျက်ရှိပြီး ယာဉ်များ ညအိပ်ရပ်နားရန် ပုသိမ်လမ်းဘေးရှိ ရဲတပ်ရင်းနှင့် ကပ်လျက်ရှိသော ယာဉ်ရပ်နားဝင်းတွင် ယာဉ်များ ရပ်နားမှုမရှိဘဲ ညောင်တုန်းလမ်းမကြီးပေါ်တွင် ယာဉ်များ ရပ်တန့်ထားမှုကြောင့် ခရီးသွားပြည်သူများနှင့် ဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်များ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

**၁၆၄**

# ၂၀၁၉ ခုနှစ် မီးလောင်မှုအကြိမ်ပိုများသော်လည်း ၂၀၁၈ ခုနှစ်ထက် ဆုံးရှုံးမှုပိုနည်း

## တင်ဝင်းလေး(ကြည့်မြင်တိုင်)

၂၀၁၉ ခုနှစ်မှသည် ၂၀၂၀ ပြည့်နှစ်သို့ ကူးပြောင်းခဲ့ပြီဖြစ်သည်။

နှစ်တစ်နှစ်အတွင်း တိုးတက်မှု၊ ဆုံးရှုံးမှုကို ယမန်နှစ်နှင့် နှိုင်းယှဉ်သော် ဒီရေကဲ့သို့ အဆင်းအတက်ရှိနေမြဲသာဖြစ်သည်။ ဆုံးရှုံးမှုဆိုသည်မှာ လူတို့ ကြိုတင်ခန့်မှန်း၍ မရနိုင်သော သဘာဝဘေးအန္တရာယ်တို့က မထင်မှတ်ဘဲ ပို၍များပြားတတ်သည်ကို တွေ့ရပါသည်။

ထိုအထဲမှ အဂ္ဂိတောဝါဆိုသည့် မီးလောင်ဆုံးရှုံးမှုတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ မင်္ဂလာပါဆရာ။ ဆရာ့အမည်၊ ရာထူးနဲ့ တာဝန်ယူဆောင်ရွက်နေရတဲ့အပိုင်းလေးကို သိပါရစေ။**

**မီးသတ်။** ။ ဟုတ်ကဲ့ပါ။ ကျွန်တော့်အမည်က ဦးသိန်းထွန်းဦးပါ။ ရာထူးက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူး(ဦးစီး) ဖြစ်ပါတယ်။

**မေး ။ ။ အခုဆို ၂၀၁၉ ခုနှစ်ကုန်လို့ ၂၀၂၀ ပြည့်နှစ်ထဲ ရောက်လာပါပြီ။ ဒါ့ကြောင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း မီးလောင်မှုတွေ၊ ဆုံးရှုံးမှုတွေ၊ ပြန်လည်တုံ့ပြန်ဆောင်ရွက်မှုတွေအပြင် အဲဒီဖြစ်စဉ်များမှာ ဆရာတို့ရဲ့ သုံးသပ်မှုနဲ့ မီးဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများကို သိပါရစေ။**

**မီးသတ်။** ။ အဓိကမီးလောင်မှုနဲ့ပတ်သက်ပြီးပြောရရင် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလကုန်အထိ မီးလောင်မှုအကြိမ်ပေါင်းက ၂၁၅၅ ကြိမ် ဖြစ်ခဲ့ပြီး အိမ်ခြေအဆောက်အအုံ ၂၉၈၇ လုံး၊ စက်ရုံ၊ အလုပ်ရုံ ၂၄ ရုံနဲ့ ဂိုဒေါင် ၅၂ လုံး ဆုံးရှုံးခဲ့ရပါတယ်။ မီးဘေးသင့်ပြည်သူ ၆၃၅၉ ဦးက အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ ဆုံးရှုံးမှုတန်ဖိုးက ကျပ်သန်း ၃၀၇၉ ဒသမ ၄၅ ဖြစ်ပါတယ်။ ဝမ်းနည်းစရာကတော့ လူ ၂၂၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၇၉ ဦး သေဆုံးခဲ့ရပါတယ်။

**မေး ။ ။ ယမန်နှစ် ၂၀၁၈ ခုနှစ်နဲ့ နှိုင်းယှဉ်ပြီးလည်း သိပါရစေ။**

**မီးသတ်။** ။ ၂၀၁၈ ခုနှစ်တုန်းက မီးလောင်မှု ၁၇၃၉ ကြိမ် ဖြစ်ခဲ့ပါတယ်။ ဆုံးရှုံးမှုကျတော့ ငွေကျပ်သန်း ၅၃၂၇ ဒသမ ၈၆ ပါ။ ၂၀၁၈ နဲ့ ၂၀၁၉ နှိုင်းယှဉ်ရင် ၂၀၁၉ ခုနှစ်မှာ မီးလောင်မှုအကြိမ် ၄၁၆ ကြိမ် ပိုခဲ့ပါတယ်။ ဒါပေမယ့် ဆုံးရှုံးမှုမှာ ကျပ် ၂၂၄၈ ဒသမ ၄၁ သန်း လျော့နည်းမှု ရှိခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်ထက် ၂၀၁၉ ခုနှစ်က မီးလောင်ဆုံးရှုံးမှု နည်းခဲ့ပါတယ်။

**မေး ။ ။ ဒါဆိုဆရာ မီးလောင်မှုအကြိမ် ၄၀၀ ကျော်တောင် ပိုခဲ့ပေမယ့် ဆုံးရှုံးမှုကျတော့ သိန်း ၂၀၀၀ ကျော် လျော့နည်းခဲ့တယ်နော်။ အဲဒါဘာ့ကြောင့်လဲလို့ သိချင်ပါတယ်။**

**မီးသတ်။** ။ မီးသတ်ရဲ့သီအိုရီလို့ပဲ ပြောရမလား။ မီးလောင်မှုရဲ့သဘောသဘာဝ



ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး

**"ပြည်သူလူထုအနေနဲ့ မီးဘေးလုံခြုံရေးအသိ၊ မီးဘေးလုံခြုံရေးသတိရှိဖို့လိုသလို အိမ်တိုင်း၊ ကားတိုင်းမှာ မီးသတ်ဆေးဘူး ကိုယ်စီဆောင်ထားကြစေလိုပါတယ်။ ဒါမှသာ မီးလောင်မှုကို ကနဦးငြှိမ်းသတ်နိုင်မှာပါ"**

အရ နိုင်ငံတစ်နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အလုပ်ရုံ၊ စက်ရုံတွေ၊ လျှပ်စစ်စွမ်းအားအသုံးပြုမှုတွေ ပိုများလာတယ်။ အဲဒါနဲ့အမျှ မီးလောင်မှုတွေ ပိုများလာတဲ့သဘောပါ။ နိုင်ငံတကာမှာလည်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါ။ ဂျပန်နိုင်ငံမှာဆို မီးလောင်မှုက နှစ်စဉ်အကြိမ်ပေါင်း ခြောက်သန်းကျော် ဖြစ်လေ့ရှိပါတယ်။ မီးလောင်မှုအကြိမ်တွေ များသော်လည်း ဆုံးရှုံးမှုတန်ဖိုးကျတော့ နည်းတယ်။ နည်းအောင်ဆောင်ရွက်ဖို့ကလည်း မီးသတ်တပ်ဖွဲ့ရဲ့ တာဝန်ပါ။ ဒါကြောင့် ယမန်နှစ်ထက်စာရင် ၂၀၁၉ ခုနှစ် မီးလောင်မှုအကြိမ် ၄၁၆ ကြိမ်များခဲ့ပေမယ့် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနအနေနဲ့ ဆုံးရှုံးမှုတန်ဖိုး နည်းအောင် ကြိုးပမ်းနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ထပ်ပြီး ဖြည့်စွက်ပြောချင်တာက မီးသတ်တပ်ဖွဲ့ညွှန်ချုပ်ကြီးအနေနဲ့ ဒီနှစ်မှာ အထူးလမ်းညွှန်မှုအနေနဲ့ အိမ်တိုင်း၊ ကားတိုင်းမှာ မီးသတ်ဆေးဘူးတွေ ဆောင်ထားဖို့ ညွှန်ကြားထားပါတယ်။ ညွှန်ကြားချက်နဲ့အညီ စည်းရုံးမှုတွေ၊ အသိပညာပေးမှုတွေနဲ့ တစ်နိုင်ငံလုံးမှာ ဆောင်ရွက်လာနိုင်တဲ့အတွက် ကနဦးငြှိမ်းသတ်မှုတွေ ပြုလာနိုင်တဲ့အတွက် မီးလောင်မှုအကြိမ်များခဲ့ပေမယ့် ကြီးမားတဲ့ဆုံးရှုံးမှုတွေ မဖြစ်ပေါ်လာဘဲ ဆုံးရှုံးမှုတန်ဖိုး နည်းရခြင်းဖြစ်ပါတယ်။

**မေး ။ ။ ၂၀၁၉ ခုနှစ်ကပေါ့နော် တစ်နိုင်ငံလုံး မီးလောင်မှုဖြစ်စဉ်တွေမှာ ဘယ်လိုမီးလောင်မှုအမျိုးအစားက အများဆုံး ဖြစ်ခဲ့ပါသလဲ။**

**မီးသတ်။** ။ မီးလောင်မှုဖြစ်စဉ် အမျိုးမျိုးထဲက အများဆုံးဖြစ်ပွားခဲ့တဲ့ မီးလောင်မှုက ပေါ့ဆမီးပါ ၇၃၄ ကြိမ် ဖြစ်ပွားခဲ့တာပါ။ ဒုတိယက လျှပ်စစ် နဲ့ပတ်သက်ပြီး လောင်တဲ့မီးပါ။ ၅၉၉ ကြိမ်ပါ။ တတိယက တောမီးဖို မီးပါ။ ၃၈၈ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။

**မေး ။ ။ ဒါဆို ပေါ့ဆမီးနဲ့ လျှပ်စစ်မီးက အကြိမ်တွေအများကြီးဖြစ်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီအပေါ် ဆရာ့ရဲ့အမြင် သုံးသပ်မှုလေးကို သိပါရစေ။**

**မီးသတ်။** ။ အဲဒါကိုပြောရမယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးလာမှုနဲ့ မီးလောင်မှုက တိုက်ရိုက်အချိုးကျပါတယ်။ လက်ရှိမြန်မာနိုင်ငံဟာ လျှပ်စစ်နဲ့ လျှပ်စစ်ပစ္စည်းသုံးစွဲလာမှုက ယခင်ကာလများကထက်ပိုပြီး သုံးစွဲလာနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် လျှပ်စစ်ကို စနစ်တကျအသုံးပြုခြင်းမရှိတဲ့အတွက် လျှပ်စစ်နဲ့ပတ်သက်တဲ့ မီးလောင်မှုအကြိမ် ပိုများလာရခြင်းဖြစ်တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ ပေါ့ဆမီးအနေနဲ့ပြောရရင် မီးသုံးစွဲသူတွေအနေနဲ့ သတိမူမှုနဲ့ဆိုင်သလို မီးဘေးလုံခြုံမှု ကြိုတင်ကာကွယ်မှုတွေနဲ့ ဆိုင်ပါတယ်။

**မေး ။ ။ နောက်ဆုံးအနေနဲ့ပါ။ မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးအနေနဲ့ မီးဘေးလုံခြုံသော လူမှုပတ်ဝန်းကျင်ဖြစ်အောင် ပြည်သူအများကို ဘာများအသိပေးပြောချင်ပါသေးလဲဆရာ။**

**မီးသတ်။** ။ ပြည်သူအားလုံး မီးဘေးလုံခြုံစေဖို့ ပြည်သူလူထုအနေနဲ့ မီးဘေးလုံခြုံရေးအသိ၊ မီးဘေးလုံခြုံရေးသတိရှိဖို့လိုသလို အိမ်တိုင်း၊ ကားတိုင်းမှာ မီးသတ်ဆေးဘူး ကိုယ်စီဆောင်ထားကြစေလိုပါတယ်။ ဒါမှသာ မီးလောင်မှုကို ကနဦး ငြှိမ်းသတ်နိုင်မှာပါ။ မီးလောင်မှုကြီးများ ဖြစ်ပွားမှု လျော့နည်းလာမှာပါ။ ပြည်သူလူထုရဲ့ အသက်အိုးအိမ်ဆုံးရှုံးမှုတွေ ပိုလျော့နည်းလာမှာပါ။ မီးသတ်တပ်ဖွဲ့အနေနဲ့ကလည်း မီးဘေးအန္တရာယ်အပြင် အခြားဘေးအန္တရာယ်တစ်ခုခု အရေးပေါ်ဖြစ်ပွားလာပါက ဖုန်းအင်တာနက်နဲ့ ချိတ်ဆက်တဲ့ 191 Report ဖုန်းအပလီကေးရှင်းတစ်ခု ဖွင့်ထားပါတယ်။ အကူအညီတောင်းခံနိုင်ပါတယ်။ ဆက်သွယ်နိုင်ပါတယ်။ ဒါ့အပြင် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအတွက် အခါအားလျော်စွာ စစ်ဆေးတဲ့အခါမှာလည်း ပူးပေါင်းဆောင်ရွက် အကူအညီပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

# ကလေးစာပေပွဲတော်(ကန့်ဘလူ) ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်လှစ်



ကလေးစာပေပွဲတော် (ကန့်ဘလူ) ဖွင့်ပွဲကို တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ကန့်ဘလူ ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်(ကန့်ဘလူ)၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှိုင်မြင့်ဟန်၊ ကျွန်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးချစ်တို့က ကလေးစာပေပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ကန့်ဘလူမြို့၌ ကျင်းပသော ကလေးစာပေပွဲတော်တွင် ကလေးများ စာအုပ်စာပေကို နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန်၊ ပညာဗဟုသုတနှင့် ကိုယ်ရည်ကိုယ်သွေးများ ပြည့်ဝပြီး အနာဂတ်မှာ တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ကျောင်းနေအရွယ်ကလေးငယ်များ စာပေပွဲတော်ကို ကျယ်ပြန့်စွာ သိရှိပြီး ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်နှင့် တိုင်းဒေသကြီးအနေဖြင့် ခရိုင်အဆင့် ကလေးစာပေပွဲများကို ကျင်းပခဲ့ရာ ငါးကြိမ်မြောက် ရှိပြီဖြစ်ကြောင်းနှင့် ကလေးစာပေပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ကျင်းပလျက်ရှိသည့် ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကလေးစာပေပြခန်း၊ ဌာနဆိုင်ရာပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကလေးစာပေပွဲတော် (ကန့်ဘလူ)ကို ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကလေးစာပေပွဲတော်သို့ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# ပူတာအိုမြို့၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ရွေးကောက်ပွဲကော်မရှင်ခွဲရုံးပန္နက်တင်

**ပူတာအို ဇန်နဝါရီ ၉**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောက်လုပ်မည့် ရွေးကောက်ပွဲကော်မရှင်ခွဲရုံး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပူတာအိုမြို့ မြို့မရပ်ကွက် ခရိုင်ပြည်သူ့အားကစားကွင်းနောက်ကျောရှိ အဆိုပါ ရုံးဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနား၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့် တာဝန်ရှိသူများက ပူတာအိုမြို့ ရွေးကောက်ပွဲကော်မရှင်ခွဲရုံးဆောက်လုပ်မည့် သတ်မှတ်မြေနေရာများတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် ပန္နက်တင်ပေးကြသည်။

အဆိုပါရုံးသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ဘုန်းမင်းခန့်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူကာ အလျား ၅၄ ပေ ၊ အနံ ၃၈ ပေ နှင့်(၁၄ ပေ x ၁၄ ပေ) ပေါ်တီခုံအပါအဝင်စီနှစ်ထပ် အဆောက်အအုံကို လုပ်ငန်းစတင်သည့် ဇန်နဝါရီ ၉ ရက်မှ ခြောက်လအတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်းကန်(ပူတာအို)**

မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ် စာပေ ပြ ပွဲ နှင့် စာအုပ် ဈေး ရောင်း ပွဲ
( ပြင်ဦးလွင်မြို့ )



၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၃၊၁၄)ရက် (တနင်္လာ၊ အင်္ဂါ) နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ရောဝတီခန်းမ ၊ အ.ထ.က (၁)၊ ပြင်ဦးလွင်မြို့။

# ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၆) ကြိမ်မြောက် အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၉**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၆) ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က စေတီတော်ရင်ပြင်တော် တောင်ဘက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် အဖွဲ့ဝင်များက လက်ခံပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော် (သီးခြား)ဝိနည်းဓိုရ်)ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြသည်။

အဆိုပါ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် ရွှေသင်္ကန်းတော် (ရွှေပြား) အလှူရှင် ၇၂ ဦးက ရွှေပြား ၉၇ ချပ်၊ ရင်ပြင်တော် အခင်းကျောက်ပြားအလှူရှင်များက ကျောက်ပြား ၁၅၇၃၃ ချပ် လှူဒါန်းခဲ့ကြပြီး ငွေသားအလှူရှင် ၃၈ ဦးအပါအဝင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၄၉၄၁၆၇၄၇၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အေးမြသာယာကျောင်းတိုက် ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီ အုတ်မြစ်ချမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် အေးမြသာယာကျောင်းတိုက်ဝင်းအတွင်းရှိ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော် ဉာဏ်တော်မြှင့်တင်ခြင်းနှင့် ရင်ပြင်တိုးချဲ့ခြင်းအတွက် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစေတီတော်ပရိဝုဏ်၌ ကျင်းပသည်။**



အခမ်းအနားတွင် အေးမြသာယာကျောင်းတိုက် ဆရာတော် ဦးဇောတိက အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက သတ်မှတ်နေရာများတွင် အုတ်မြစ်ချပေးကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များထံမှ အနုမောဒနတရား နာယူကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီကို ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ရေပန်းဥယျာဉ်အနီးရှိ အေးမြသာယာကျောင်းတိုက်ဝင်းအတွင်း၌ တည်ထားကိုးကွယ်လျက်ရှိပြီး ယခင်စေတီငယ်အား ဉာဏ်တော် ၃၇ ပေနှင့် ရင်ပြင်အကျယ် ၂၄ ပေအဖြစ် တိုးချဲ့၍ ပြန်လည်မွမ်းမံ တည်ထားကိုးကွယ်မည်ဖြစ်သည်။

စေတီတော် ဉာဏ်တော်မြှင့်တင်ခြင်းနှင့် ရင်ပြင်တိုးချဲ့ခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ် သိန်း ၃၃၀ ခန့်ဖြစ်ကာ ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ပြုပြင်မွမ်းမံရေး အကျိုးဆောင်အဖွဲ့ ဖုန်းနံပါတ် ၀၉- ၄၃၀၃၆၂၅၈၊ ၀၉- ၂၅၀၀၉၀၅၂၀ နှင့် ၀၉- ၈၇၉၈၅၃၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်စိန်က ပြောသည်။ **သတင်းစဉ်**

## ပန်းနာရင်ကျပ်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ ဓာတ်မတည့်သောအရာများကို သာမန်ထက်ပို၍ တုံ့ပြန်မှုများပြားခြင်းကြောင့်ဖြစ်သော အသက်ရှူလမ်းကြောင်းနှင့် လေပြွန်များရောင်ရမ်းသည့်ရောဂါ ဖြစ်သည်။

**ပန်းနာရင်ကျပ်ရောဂါ၏ လက္ခဏာများ**

- အသက်ရှူစဉ် ရှီ ရှီမြည်ခြင်း
- ချောင်းခြောက်ဆိုးပြီး အသက်ရှူမဝခြင်း
- မောပန်းလွယ်ခြင်း
- စူးရှသောအနံ့ရလျှင်၊ စိတ်လှုပ်ရှားလျှင်၊ အားခွန်စိုက်၍ အလုပ်လုပ်လျှင် မောကျပ် ချောင်းဆိုးလာခြင်း
- ဖြစ်နေကျအချိန်တွင် ပုံမှန်ဖြစ်ခြင်း(ဥပမာ- နွေ၊ မိုး၊ ဆောင်း စသည်ဖြင့်)
- ညအိပ်ပျော်နေစဉ် ချောင်းဆိုးခြင်း၊ ကျပ်ခြင်း
- အကိုက်အခဲပျောက်ဆေး၊ သွေးတိုးကျဆေးအချို့ သုံးစွဲလျှင် ရင်ကျပ်ခြင်း

**ကာကွယ်ကုသရေးနည်းလမ်းများ**

- ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်ဖြတ်ပါ။
- ဓာတ်မတည့်သောအရာများ ရှောင်ရှားပါ။
- နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပြသကာကုသမှု ခံယူပါ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၉**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# အင်းစိန်မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူထုတွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

လွှတ်တော်ကိုယ်စားလှယ်များနှင့် လူထုတွေ့ဆုံပွဲကို ဇန်နဝါရီ ၇ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ခန်းမသစ်ကြီး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က လူထုတွေ့ဆုံပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အင်းစိန်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က မြို့နယ်နေပြည်သူများအတွက် လေးနှစ်တာကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဘက်စုံဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး၊ အမှတ် (၁) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် (၁၀) ဒေါ်နန်းစုရွှေစင်တို့က အမှာစကားပြောကြားကြပြီး လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်နေပြည်သူများအတွက် နေအိမ်ရှေ့အရောက် အမှိုက်ထုပ်ကောက်ယူသိမ်းဆည်းပေးသည့်လုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် အလှူရှင် ဦးသန်းဦး(Best Barttery Trading Co., Ltd.) က အမှိုက်သိမ်းရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ၁၄၃ သိန်းတန်ဖိုးရှိ အမှိုက်သိမ်းယာဉ်တစ်စီးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ပေးအပ်လှူဒါန်းသည်။ **ဉာဏ်လင်း**

# ပွင့်ဖြူမြို့နယ်၌ ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် အလုံး ၂၀ ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့

**ပွင့်ဖြူ ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အရှေ့လေးအိမ်ကျေးရွာအုပ်စု မြင်းခြံစုကျေးရွာနှင့် နန်းတော်ကျွန်းကျေးရွာအုပ်စု ထူးကျေးရွာတို့တွင် ယနေ့ နံနက် ၁၀ နာရီက ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်အလုံး ၂၀ ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ရောဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ပွင့်ဖြူမြို့နယ် မြင်းခြံစုကျေးရွာတွင် လူနေအိမ် ၁၂ လုံး၊ ထူးကျေးရွာတွင် လူနေအိမ် ရှစ်လုံး စုစုပေါင်း လူနေအိမ်အလုံး ၂၀ ပြောင်းရွှေ့ခဲ့ရသည်။ ယနေ့ နံနက်ပိုင်းက ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော် ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းပူးပေါင်း၍ လူနေအိမ်များနှင့် ကျွဲ၊ နွား တိရစ္ဆာန်များကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



မြစ်ကမ်းနံဘေးအနီးရှိ နေအိမ်တစ်လုံးအား ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးစဉ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( တောင်ကုတ်မြို့ )
၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ(၁၀ ၊ ၁၁)ရက် (သောကြာ ၊ စနေ)နေ့
နံနက် ၉ နာရီ မှ ညနေ ၅ နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ဘက်စုံသုံးခန်းမ ၊ တောင်ကုတ်ဒီဂရီကောလိပ် ၊ တောင်ကုတ်မြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ကျုံပျော်မြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၀ ၊ ၁၁)ရက်၊( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အောင်ဆန်းခန်းမ ၊ အ.ထ.က(၁) ၊ ကျုံပျော်မြို့။

# တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းရှေ့ ဝဏ္ဏသိဒ္ဓိပတ်လမ်းတွင် ကျင်းပသည်။

**အနိုင်ရရှိ**

ယနေ့ ပြိုင်ပွဲများအဖြစ် အမျိုးသမီး ၅၀ ကီလိုမီတာ တာဝေးပြိုင်ပွဲတွင် ပထမ ခင်နှင်းဝေ(မကွေး)၊ ဒုတိယ ရွှေဇင်ပုလဲ (မကွေး)၊ တတိယ သဲစုအောင် (ဧရာဝတီ)၊ အမျိုးသား ၁၀၀ ကီလိုမီတာ တာဝေးပြိုင်ပွဲတွင် ပထမ ကောင်းစည်သူ (ပဲခူး)၊ ဒုတိယ ရှိုင်းထက်အောင် (မန္တလေး)၊ တတိယ ကောင်းဝေလျှံ (မန္တလေး)တို့က အနိုင်ရရှိခဲ့ကြသည်။

**ဆုများပေးအပ်**

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော စိုးစန္ဒာဝင်း (တနင်္သာရီ)၊ ဒုတိယ လှလှနွယ်(ပဲခူး)၊ တတိယ သင်းကလျာစိုး (မန္တလေး)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းသန့်က လည်းကောင်း၊ ဆက်လက်၍ အမျိုးသမီး မီတာ ၃၀၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ခင်နှင်းဝေ (မကွေး)၊ ဒုတိယ သင်းကလျာစိုး (မန္တလေး)၊ တတိယ စိုးစန္ဒာဝင်း (တနင်္သာရီ)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးက လည်းကောင်း၊ အမျိုးသမီး ၉ ကီလိုမီတာ နောက်ကျန်ထွက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ခင်နှင်းဝေ (မကွေး)၊ ဒုတိယ ရွှေဇင်ပုလဲ (မကွေး)၊ တတိယ စိုးစန္ဒာဝင်း (တနင်္သာရီ)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငွေအောင်က လည်းကောင်း၊ ဆက်လက်၍ အမျိုးသမီး ၅၀ ကီလိုမီတာ တာဝေးပြိုင်ပွဲတွင် ပထမဆုရရှိသော ခင်နှင်းဝေ(မကွေး)၊ ဒုတိယ ရွှေဇင်ပုလဲ (မကွေး)၊ တတိယ သဲစုအောင်(ဧရာဝတီ) တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးကလည်းကောင်း၊ အမျိုးသမီး ၉ ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်း၊ အမျိုးသားမီတာ ၁၀၀၀ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကောင်းစည်သူ (ပဲခူး)၊ ဒုတိယ ညီညီအောင် (ရန်ကုန်)၊ တတိယ သူရကျော် (မကွေး)တို့အား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူက လည်းကောင်း၊ အမျိုးသား မီတာ ၃၀၀၀ တစ်ဦးချင်းပြိုင်ပွဲ ပထမဆု ရရှိသွားသော ရှိုင်းထက်အောင် (မန္တလေး)၊ ဒုတိယ ညီညီအောင်(ရန်ကုန်)၊ တတိယ သူရနိုင်(မကွေး)၊ အမျိုးသား ၁၅ ကီလိုမီတာ နောက်ကျန်ထွက် ပြိုင်ပွဲတွင် ပထမဆုရရှိသော ကောင်းစည်သူ(ပဲခူး)၊ ဒုတိယ ရန်နိုင်ထက် (တနင်္သာရီ)၊ တတိယ ဆန်းသိန်းထက် (တနင်္သာရီ)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လည်းကောင်း၊ အမျိုးသား ၁၀၀ ကီလိုမီတာ တာဝေးပြိုင်ပွဲတွင် ပထမဆုရရှိသော ကောင်းစည်သူ (ပဲခူး)၊ ဒုတိယ ရှိုင်းထက်အောင် (မန္တလေး)၊ တတိယ ကောင်းဝေလျှံ (မန္တလေး)၊ အမျိုးသား ၁၅ ကီလို မီတာပြိုင်ပွဲတွင် ပထမဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်း၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယ မန္တလေးတိုင်းဒေသကြီး အသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ ဆက်လက်၍ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုကို ခင်နှင်းဝေ (မကွေး)၊ အမျိုးသားအကောင်းဆုံး အားကစားသမားဆုကို ကောင်းစည်သူ(ပဲခူး)က လည်းကောင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို ရမှတ် ၅၀ ဖြင့် မကွေးတိုင်းဒေသကြီး အသင်းက လည်းကောင်း၊ အမျိုးသား တံခွန်စိုက်ဒိုင်းဆုကို ရမှတ် ၂၇ မှတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း ရရှိကာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းလှိုင်မြစ်ရေတိုက်စားမှုကြောင့် ညောင်တုန်းမြို့ မြစ်ကမ်းထိန်း အုတ်ရိုးများကျိုးပြတ်မှုနှင့် မြေနိမ့်ကျမှုများ ဆက်လက်ဖြစ်ပေါ်

**ညောင်တုန်း ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် ၂၁ လမ်းကမ်းနားနှင့် ၂၂ လမ်းကမ်းနား၊ မြို့မြစ်ကမ်းတာအတွင်းဘက်၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီခန့်က မြစ်ကမ်းထိန်း အုတ်ရိုးများကျိုးပြတ်သည့်နေရာတွင် အလျား ၃၆၅ ပေခန့် အက်ကွဲကြောင်းများ ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယမန်နေ့ညပိုင်းက အလျားပေ ၄၀၀ ခန့်ရှိ မြစ်ကမ်းထိန်းအုတ်ရိုးများကျိုးပြတ်မှုများနှင့် မြေ ၁၅ ပေခန့် နိမ့်ကျွံကျမှုများ ဆက်လက်ဖြစ်ပေါ်မှုများကြောင့် မြစ်ကမ်းဘေးနေသူများ စိုးရိမ်မှုများရှိနေကြောင်းနှင့် မိုးမကျမီ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊ မြစ်ကမ်းထိန်းရေကာတာ ဘိုးပိုင်များ အမြန်တည်ဆောက်ပေးနိုင်ရေးအတွက် ယခုအချိန်ကတည်းက အမြန်ဆောင်ရွက်သင့်ကြောင်း အမှတ်(၈)ရပ်ကွက်နေ ဦးဟန်သောင်းက ပြောသည်။

**နေ့ညမပြတ် စောင့်ကြည့်လျက်ရှိ**

အဆိုပါနေရာတွင် မြေထပ်မံနိမ့်ကျမှုများနှင့် သဘာဝဘေးအန္တရာယ်များအား အချိန်မီကြိုတင်သိရှိနိုင်ရေးအတွက် အဖွဲ့များဖြင့် နေ့ညမပြတ် စောင့်ကြည့်လျက်ရှိသည်။



မြစ်ကမ်းထိန်းအုတ်ရိုးများ ကျိုးပြတ်မှုနှင့် မြေသားနိမ့်ကျမှုများ ဆက်လက်ဖြစ်ပေါ်နေသည့် နေရာကို တွေ့ရစဉ်။

ထို့အပြင် အမှတ်(၂) အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် အမှတ်(၂)ရပ်ကွက်ရှိ သွန်းဘုရားကြီးဝင်းအတွင်း ယာယီပြောင်းရွှေ့ စာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ISPE အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ အဖွင့်ပွဲစဉ်ပြိုင်ပွဲအား ဝင်ကြေးအခမဲ့ကြည့်ရှုနိုင်မည်

**မန္တလေး ဇန်နဝါရီ ၉**

MPT Myanmar National League 2020 အမှတ်ပေးဘောလုံး ပြိုင်ပွဲသို့ တန်းတက်ကစားခွင့်ရရှိထားသည့် ISPE အသင်းသည် ပွဲဦးထွက်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းရှမ်းယူနိုက်တက်အသင်းနှင့် ကစားရမည့်ပွဲစဉ်ကို ကွင်းဝင်ကြေး အခမဲ့အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၁၀ ရက်တွင် ကစားမည့် ISPE အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ ပြိုင်ပွဲအကြို အစည်းအဝေးကို ဇန်နဝါရီ ၉ ရက်**(ယနေ့)** နံနက်ပိုင်းက မန္တလာသီရိကွင်းအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ အဆိုပါ ISPE အသင်းသည် ပြီးခဲ့သည့် MPT Myanmar National League II 2019 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယရရှိခဲ့သည့်အတွက် လိဂ်-၁ ပြိုင်ပွဲသို့ တန်းတက်လာခဲ့ခြင်းဖြစ်သည်။ ISPE အသင်းသည် MPT Myanmar National League 2020 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် မန္တလာသီရိကွင်းကို အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အသင်းအား ပရိသတ်များ ပိုမိုအားပေးနိုင်စေရန် ရည်ရွယ်၍ ရှမ်းယူနိုက်တက်အသင်းနှင့် ပွဲဦးထွက်ပွဲကို ဝင်ကြေးအခမဲ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကာ MPT Myanmar National League 2020 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-1) ပွဲဦးထွက်ပွဲအဖြစ် ISPE အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် လာမည့် ဇန်နဝါရီ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် မန္တလေးမြို့ မန္တလာသီရိကွင်း၌ ကစားကြမည်ဖြစ်ကြောင်း အား/ကာသိပ္ပံ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ပြောသည်။

**အောင်စံမောင်**

❂ ကျောဖုံးမှ

အသင်းအနေဖြင့် ပြန်လည်ဖြည့်ဆည်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် လက်ရွေးစင်အဆင့် ကစားသမားများဖြစ်သည့် သိန်းသန်းဝင်း၊ ထိုက်ထိုက်အောင်၊ မောင်မောင်ဝင်း၊ အောင်ကျော်နိုင်တို့ အပါအဝင် ပြည်တွင်း ကစားသမားခုနစ်ဦးအထိ ခေါ်ယူထားသလို ဧရာဝတီအသင်းကလည်း မြန်မာ ယူ-၂၂ အသင်းတိုက်စစ်မှူး ဝင်းနိုင်ထွန်း အပါအဝင် သီဟထက်အောင်၊ သန်းထက်အောင်တို့ကို ခေါ်ယူနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းမှာမူ ရခိုင်အသင်းမှ မြန်မာ့လက်ရွေးစင် နောက်ခံလူ ငြိမ်းချမ်း တစ်ဦးတည်းကိုသာ ခေါ်ယူထားပြီး MNL ပြိုင်ပွဲဝင် အသင်းအားလုံး ပြည်တွင်း ကစားသမားများ အသစ်ခေါ်ယူခဲ့သည်။

၂၀၂၀ ရာသီ MNL ပြိုင်ပွဲဝင်အသင်းများအနက် မကွေး၊ ရတနာပုံ၊ အား/ကာ သိပ္ပံနှင့် Southern အသင်းတို့မှလွဲ၍ ကျန်အသင်း ရှစ်သင်းမှာ နိုင်ငံခြားသား ကစားသမားများ အသုံးပြုမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက် **(ယနေ့)**တွင် စတင်မည်ဖြစ်ရာ မည်သည့်အသင်းက ကစားသမားခေါ်ယူမှု မှန်ကန်ပြီး ရလဒ်နှင့်စွမ်းဆောင်ရည် ပိုကောင်းမည်လဲဆိုသည်ကို မြင်တွေ့ရတော့မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## တောင်ကုတ်မြို့နယ်၌ လက်လုပ်မိုင်းနှစ်လုံးပေါက်ကွဲ၊ အမျိုးသားတစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ဇန်နဝါရီ ၇ ရက်က လက်လုပ်မိုင်း နှစ်လုံးပေါက်ကွဲသဖြင့် အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တောင်ကုတ်မြို့နယ် ကင်းခြေကျေးရွာအနီး အမ်း-ကျောက်ဖြူသွား ကားလမ်း၌ ဇန်နဝါရီ ၇ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နေ ဦးအောင်မောင်း မောင်းနှင်ပြီး ယာဉ်အကူ ဦးမြင့်ဦး (၄၉ နှစ်)လိုက်ပါလာသည့် 5C/---- TE ခြောက်ဘီးယာဉ်သည် ပြည်မြို့မှ ကျောက်ဖြူမြို့သို့ အိမ်သုံးပစ္စည်း၊ စားသောက်ကုန်များနှင့် ဘိလပ်မြေအိတ်များပို့ဆောင်ပြီး ပြည်မြို့သို့ ပြန်လည်ထွက်ခွာလာစဉ် ကင်းခြေကျေးရွာနှင့် မအီမြို့ကြား မိုင်တိုင်အမှတ်(၄၄/၇) အရောက် လမ်းယာဘက်ခြမ်း လေးပေခန့်အကွာမှ လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ယာဉ်၏ ယာဘက်လေကာမှန်ကွဲကြေပျက်စီးပြီး ယာဉ်အကူ ဦးမြင့်ဦး၏ ညာဘက်နားရွက်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မအီနယ်မြေရဲစခန်း၌ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့်ယာဉ်ကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၀-၁-၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၃၅ - "ဖွံ့ဖြိုးမှု အနာဂတ်ရောင်ခြည် မဝေးတော့ပြီ"
- ၈:၄၅ - "(၇၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" (မနော်ကွင်း၊ မြစ်ကြီးနားမြို့)
- ၁၁:၀၀ - "မနောအလှ"(ကချင်)
- ၁၃:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်မှုရှာပုံတော်" (အပိုင်း-၁၂)
- ၁၄:၅၅ - "ကချင်ပြည်နယ်အတွင်းရှိ အထင်ကရနေရာများသို့ အလည်အပတ်သွားခြင်း"

**ညပိုင်း**

- ၁၆:၃၅ - "ကမ္ဘာ့အဆင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရသည့် မြန်မာနိုင်ငံ မြောက်ဖျားဆီက အင်းတော်ကြီးကန်ဒေသ"
- ၁၇:၀၅ - ကျန်းမာရေးမဂ္ဂဇင်း "လေးဖက်နာနှင့် ကိုယ်ဝန်ဆောင်သည် အကြောင်း သိကောင်းစရာ"
- ၁၇:၃၅ - Weekly Sport Info
- ၁၈:၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မိန်းမတစ်ယောက်ရဲ့ ဖွင့်ဟဝန်ခံချက်+ မိုက်မဲချစ်(AM3)"
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "မနောအလှ"(ကချင်)
- - မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ ဂုဏ်ယူဖွယ်ခေတ်ဟောင်း တို့၏ အနုပညာကဏ္ဍ မေသန်း၊ မေမြ၊ ခင်ခင်ရီ၊ ခင်အုန်းမြင့် (အပိုင်း-၂)
- - မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအစီအစဉ် "လိပ်ပြာကူး ထူးခြားသူများ" (အပိုင်း-၅) အကယ်ဒမီ အေးအေးသင်း
- - "မျှော်လင့်ခြင်းရဲ့ မနက်ဖြန်"

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မြင်သာ)ရုံးအတွင်း စပယ်ယာလိုင်စင်အတု ပြုလုပ်သူနှစ်ဦးအား တရားစွဲဆိုထား

**နေပြည်တော် ဇန်နဝါရီ ၉**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မြင်သာ) ရုံးအတွင်း စပယ်ယာလိုင်စင်အတုပြုလုပ်ပေးသူ ဦးထွန်းဦးနှင့် စပယ်ယာလိုင်စင် ပြုလုပ်ပေးမည်ဟု ပြောဆိုကာ ငွေကျပ် ၃၀၀၀၀ တောင်းယူခဲ့သူ ဦးကျော်နိုင်တို့အား လိမ်လည် ခံရသူ ဦးထွန်းထွန်းနိုင်က သဃ်န်းကျွန်းမြို့မ ရဲစခန်းတွင် တရားစွဲဆိုထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ) ရုံးဝင်းအတွင်း၌ ဦးထွန်းထွန်းနိုင်က စပယ်ယာလိုင်စင် လျှောက်ထားရန်အတွက် ရုံးသို့ရောက်ရှိလာစဉ် ပွဲစားဖြစ်သူ ဦးကျော်နိုင်က စပယ်ယာလိုင်စင် ပြုလုပ်ပေးမည်ဟုပြောဆိုပြီး လိုင်စင်အတွက် ကျသင့်ငွေကျပ် ၃၀၀၀၀ ရယူကာ စပယ်ယာလိုင်စင်တစ်ခုအား ဦးထွန်းထွန်းနိုင်ထံ ပေးခဲ့ကြောင်း သိရသည်။

ဦးထွန်းထွန်းနိုင်က ၎င်း၏ စပယ်ယာလိုင်စင်၌ ပြင်ရာဖျက်ရာများရှိခြင်း၊ ဟိုလိုဂရမ် မပါရှိခြင်းတို့ကြောင့် မသင်္ကာ၍ ဇန်နဝါရီ ၂ ရက်တွင် ရုံးမှတ်တမ်းများနှင့် စိစစ်ရန်ရောက်ရှိလာပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသတင်းပို့ခဲ့ကြောင်း၊ တိုင်းဒေသကြီး ဦးစီးမှူးက ဦးကျော်နိုင်ကို စိစစ်မေးမြန်းခဲ့ရာ ၎င်းကိုယ်တိုင် ပြုလုပ်ခြင်း မဟုတ်ကြောင်း၊ ပွဲစားဖြစ်သူ ဦးထွန်းဦးကို ငွေကျပ်တစ်သောင်းပေး၍ ခိုင်းစေခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဦးထွန်းဦးကိုခေါ်ယူ၍ ထပ်မံစိစစ်ရာ မှတ်တမ်းဝင် စပယ်ယာလိုင်စင်မဟုတ်သည်ကို တွေ့ရှိခဲ့ရကြောင်း။

သို့ဖြစ်၍ ရုံးဝင်းအတွင်းဝင်ရောက်ကာ ရုံးကို အယောင်ပြပြီး လိုင်စင်အတုပြုလုပ်ပေးသူ ဦးထွန်းဦးနှင့် ဦးကျော်နိုင်တို့အား သဃ်န်းကျွန်းမြို့မ ရဲစခန်း၌ တရားစွဲဆိုထားခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မင်းဘူးမြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူများ ဖမ်းဆီးရမိ

**မင်းဘူး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျွဲသိုးမြောင်ကျေးရွာအနီး ရေဝတီတံတား(မကွေး)မင်းဘူးဘက်ခြမ်း တိုးဂိတ်အနီးတွင် ယမန်နေ့နံနက်ပိုင်းက တရားမဝင် ဝင်ရောက်လာသူ ၁၀ ဦး ဖမ်းဆီးရမိကြောင်း မင်းဘူးမြို့မ ရဲစခန်းမှ သိရသည်။

မင်းဘူးမြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်ဇော်၊ ဒုရဲအုပ် ကျော်ငြိမ်း၊ ဒုရဲအုပ် ဇင်လင်းထိုက်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မင်းဘူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ဒုလဝကမှူး ဦးဝင်းကြည်နှင့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၅ နာရီခွဲက ရေဝတီတံတား(မကွေး) မင်းဘူးဘက်ခြမ်း တိုးဂိတ်အနီးတွင် 2D/----ပရိုဘောက်ယာဉ်တစ်စီးကိုစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် စစ်ဆေးမခံဘဲ မင်းလှမြို့ဘက်သို့ ထွက်ပြေးမောင်းနှင်သွားကြောင်း၊ အဆိုပါယာဉ်အား လိုက်လံဖမ်းဆီးရာ တိုးဂိတ်နှင့် ခြောက်ဖာလုံခန့်အကွာ ကျွဲသိုးမြောင်ကျေးရွာအနီး မင်းဘူး-မင်းလှ ကားလမ်းဘေးတွင် အဆိုပါယာဉ်ပေါ်မှ ချထားခဲ့သည့် တရားမဝင် ဝင်ရောက်လာသူ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၁၀ ဦးတို့အား ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများမှာ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် နဂရာကျေးရွာနေ အမျိုးသား နှစ်ဦး၊ မင်းပြားမြို့နယ် ဟာရပိုင်ကျေးရွာနေ အမျိုးသား နှစ်ဦး၊ မြောက်ဦးမြို့နယ်မှ အမျိုးသမီး နှစ်ဦး၊ အမျိုးသား နှစ်ဦး၊ ကျောက်တော်မြို့နယ်နေ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ဖြစ်ပြီး ၎င်းတို့အား မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

## ဆိပ်ဖြူ - ဆော ကားလမ်း၌ ယာဉ်တိမ်းမှောက်၍ ယာဉ်မောင်းသေဆုံး

**ဆော ဇန်နဝါရီ ၉**

ဆောမြို့နယ် သုံးလံပြည့်ကျေးရွာ (တယ်ပင်သစ်ဆိပ်)အနီး ဆိပ်ဖြူ-ဆော ကားလမ်း မိုင်တိုင်အမှတ် (၅၀/၃)နှင့် (၅၀/၄) ကြားတွင် ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ယာဉ်တစ်စီး တိမ်းမှောက်ကာ ယာဉ်မောင်းသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

သုံးလံပြည့်ကျေးရွာနေ ယာဉ်မောင်း ဝင်းစိုး မောင်းနှင်ပြီး ညီဖြစ်သူ ဇော်ကို ကို လိုက်ပါလာသည့် ခြောက်ဘီး ယာဉ်သည် ဝါးများတင်ဆောင် မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်သွားခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်ရာသို့ ဆောမြို့နယ်ရဲစခန်းမှ ဒုရဲမှူး ဝင်းထိုက်နှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းသားများ ပူးပေါင်း၍ ဒဏ်ရာရရှိသူတစ်ဦး (မစိုးရိမ်ရ)အား ဆောမြို့နယ် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ဆောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဇော်မျိုးသန့်(ပြန်/ဆက်)**

## ဖလမ်းမြို့နယ်၌ ၁၂ ဘီးယာဉ် ချောက်ထဲထိုးကျ တိမ်းမှောက်ပြီး ယာဉ်မောင်း သေဆုံး

**ဖလမ်း ဇန်နဝါရီ ၉**

ကလေး-ဖလမ်း-ဟားခါးကားလမ်း မိုင်တိုင်အမှတ်(၁၀၃/၇) နှင့်(၁၀၄/၀)ကြား ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာနှင့် ဒေါက်ထက်ကျေးရွာကြား၌ ဇန်နဝါရီ ၉ ရက် နံနက် ၂ နာရီခွဲခန့်က ကုန်များတင်ဆောင်လာသည့် ၁၂ ဘီးယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ပေ ၁၅၀ ခန့်အနက်ရှိ ချောက်ထဲပြုတ်ကျကြောင်း သိရသည်။

ကလေးမြို့မှ ဟားခါးမြို့သို့ ကလေးမြို့နေသူ ယာဉ်မောင်း ခိုင်ထောင်ထန် မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် ကုန်ပစ္စည်းများတင်ဆောင်ပြီး မောင်းနှင်လာစဉ် ကလေး-ဖလမ်း-ဟားခါးကားလမ်း မိုင်တိုင်အမှတ်(၁၀၃/၇)နှင့်(၁၀၄/၀) ကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် ပေ ၁၅၀ ခန့်အနက် ချောက်ထဲသို့ ပြုတ်ကျတိမ်းမှောက်ကာ ယာဉ်မောင်း ခိုင်ထောင်ထန်မှာ ဒဏ်ရာများဖြင့် သေဆုံးသွားသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နောက်လိုက် ပုန်ရှမ်မုံတွင်လည်း ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိသဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိပြီး ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ဖလမ်းမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဥူန်( ပြန်/ဆက်)**

## မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်(ည)ရပ်ကွက် အထက(၃) ကျောင်းရှေ့တွင် ဇန်နဝါရီ ၈ ရက်က ဝေဘာဂီနယ်မြေရဲစခန်းမှူး ရဲအုပ်သက်နိုင်ထွန်းနှင့်အဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့်ပြသ၍ အသိပညာပေး ဟောပြောရာ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့်နှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **၀၀၇**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏသွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်း အထက(၆)ကျောင်းရှေ့တွင် ဇန်နဝါရီ ၇ ရက်က သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှ ခရိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သိန်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မှုခင်းပြခန်းယာဉ်ဖြင့် ပြသ၍ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် လူကုန်ကူးမှုဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ဗထူး**



ချောက်မြို့ အမှတ်(၁၅)ရပ်ကွက် တိုးချဲ့ရပ် သရပါကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇန်နဝါရီ ၉ ရက်က ချောက်မြို့မ ရဲစခန်းမှူး ဒုရဲမှူးကျော်သန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးသိန်းဌေးဝင်းတို့က ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်နှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအား မှုခင်းအသိပညာပေး ဟောပြောစဉ်။ **ကျော်မိုး(ပြန်/ဆက်)**

## ခင်ဦးမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ခင်ဦး ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြင်းကျကျေးရွာ၌ ယနေ့ နံနက် ၆ နာရီခန့်က လူသတ်မှုတစ်ခုဖြစ်ကြောင်း မြို့မရဲစခန်းမှ သိရသည်။

ခင်ဦးမြို့နယ် မြင်းကျကျေးရွာနေ သန့်ဇင်စိုး(ခ)မော်တော်ကား (၂၃ နှစ်)သည် ယနေ့နံနက်ပိုင်းက တစ်ရွာတည်းနေ ဦးမြင့်သိန်း (၅၃နှစ်)၏ လယ်တောတဲအတွင်းရှိ သောက်ရေအိုးနှင့် ထမင်းအိုးများ ရိုက်ခွဲဖျက်ဆီးနေသဖြင့် ဦးမြင့်သိန်းက ထိုသို့မပြုလုပ်ရန် အကြိမ်ကြိမ် တားမြစ်ပြောဆိုသော်လည်းမရ၍ အနီးရှိ တုတ်ဖြင့်ခေါင်းအားရိုက်လိုက်ရာ သန့်ဇင်စိုး(ခ)မော်တော်ကားမှာ နေရာတွင်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဦးမြင့်သိန်းအား ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

# ဗြိတိန်မင်းသား ဟယ်ရီတို့စုံတွဲ တော်ဝင်မိသားစု၏ အရေးပါသော မိသားစုဝင်များအဖြစ်မှ နောက်ဆုတ်ပေးမည်ဟု ကြေညာ



မင်းသားဟယ်ရီတို့ ဇနီးမောင်နှံကို တွေ့ရစဉ်။

**လန်ဒန် ဇန်နဝါရီ ၉**

ဗြိတိန်မင်းသား ဟယ်ရီနှင့် သူ့ကြင်ယာတော် မီဂန်တို့က တော်ဝင်မိသားစု၏ အကြီးတန်းအရေးပါသော မိသားစုဝင်များအဖြစ်မှ နောက်ဆုတ်ပေးရန် စီစဉ်ထားကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဇန်နဝါရီ ၉ ရက်က ဖော်ပြလိုက်သည်။ အဆိုပါကြေညာချက်သည် ၎င်းတို့၏ လူမှုမီဒီယာအကောင့်နှင့်အတူ ဇန်နဝါရီ ၉ ရက်တွင် ထွက်ပေါ်လာခဲ့သည်။

လအတော်ကြာ မိသားစုဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ယခုနှစ်မှာ စတင်ပြောင်းလဲမှုပြုလုပ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤမိသားစုမှ သမားရိုးကျလမ်းဟောင်း မလိုက်ဘဲ အခြားပုံစံသစ်တစ်မျိုးဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန် ယခုလို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းတို့က ပြောသည်။

မိမိတို့သည် တော်ဝင်မိသားစု၏ အကြီးတန်းအဆင့် အရေးပါသောမိသားစုဝင်အဖြစ်မှ နောက်ဆုတ်နေရန် ရည်ရွယ်ထားပြီးသားဖြစ်ကြောင်း၊ ငွေကြေးဆိုင်ရာ လွတ်လပ်မှုရရှိအောင်၊ အမှီအခိုကင်းအောင် လုပ်ဆောင်သွားရန်လည်း အာသီသရှိကြောင်း ၎င်းတို့ဇနီးမောင်နှံက ပြောသည်။

အဆိုပါအရေးနှင့်ပတ်သက်ပြီး ဟယ်ရီတို့ ဇနီးမောင်နှံသည် လူမှုမီဒီယာများတွင် တရားဝင်ကြေညာခြင်းမပြုမီ ဘုရင်မကြီး အဲလီဇဘတ် သို့မဟုတ် မင်းသားကြီး ဝီလီယံထံမှ အကြံဉာဏ်ရယူခြင်းမျိုး၊ သူတို့နှင့် တိုင်ပင်ခြင်းမျိုးမရှိလောက်ဟု ယုံကြည်ကြောင်း ဘီဘီစီက ပြောသည်။

ဇနီးမောင်နှံနှစ်ဦး၏ ကြေညာချက်တွင် ၎င်းတို့သည် ဘုရင်မကြီး၏ လုပ်ငန်းစဉ်များကိုလည်း တစ်ဖက်တစ်လမ်းက ကူညီပေးရင်း တစ်ဖက်ကလည်း အင်္ဂလန်နှင့် မြောက်အမေရိကကြား ၎င်းတို့၏အချိန်များကို မျှမျှတတ ကုန်ဆုံးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဇနီးမောင်နှံတို့၏ ကြေညာချက်ထွက်ပေါ်လာပြီး မကြာမီ ဘာကင်ဟန်နန်းတော်က ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီး အဆိုပါကြေညာချက်တွင် ဇနီးမောင်နှံနှစ်ဦးတို့အနေဖြင့် ကိုယ့်လမ်းကြောင်း ကိုယ်လျှောက်ချင်မှန်း စာနာ နားလည်သော်လည်း ထိုအရေးသည် တော်ဝင်အရေးဖြစ်သည့်အတွက် အနည်းငယ်ရှုပ်ထွေးကြောင်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်နှင့် စစ်ဖြစ်မည့်အခြေအနေမှ ထရမ့်နောက်ဆုတ်

**ဝါရှင်တန် ဇန်နဝါရီ ၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်နှင့် စစ်ဖြစ်လုဖြစ်ခင် အခြေအနေမှ နောက်ဆုတ်လိုက်ကြောင်းနှင့် အီရန်ကို စစ်ရေးအရ လက်တုံ့ပြန်ခြင်းပြုမည် မဟုတ်ကြောင်း နိုင်ငံတော်သို့ ပြောကြားသောမိန့်ခွန်းတွင် ပြောကြားလိုက်သည်။ အီရန်သည် အီရတ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို ဒုံးကျည်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

ပစ်ခတ်မှုများ ပြုလုပ်ခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ ကျဆုံးခြင်းမရှိခဲ့ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အရေးမကြီးသယောင် ပြောကြားလိုက်သည်။

အိမ်ဖြူတော်မှ နိုင်ငံတော်သို့ ပြောကြားသော မိန့်ခွန်းတွင် ထရမ့်က အီရန်တို့၏ တိုက်ခိုက်မှုတွင် အမေရိကန်တစ်ဦးတစ်ယောက်မျှ သေဆုံးခြင်းမရှိကြောင်း အလေးအနက်မထား ပြောကြားခဲ့သော်လည်း မိမိအနေဖြင့် အီရန်နိုင်ငံကို ချက်ချင်း စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်သည် အီရန်ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီကို လုပ်ကြံသတ်ဖြတ်ရန် အမိန့်ပေးလိုက်ပြီးနောက် အီရန်နှင့် အမေရိကန်တို့၏ နိုင်ငံရေးအခြေအနေသည် အထိန်းအချုပ်ကင်းမဲ့သလို တင်းမာမှုများဖြစ်ပေါ်လာပြီးနောက် ယခုတစ်ဖန် အနည်းငယ် ပြန်လည်ပျော့ပျောင်းလာသယောင်ရှိသည်။ နှစ်နိုင်ငံ တင်းမာမှုအခြေအနေများကြောင့် နယူးယောက်အခြေစိုက် နက်စ်ဒက်စတော့ရှယ်ယာဈေးသည်လည်း မကြုံစဖူး စံချိန်တင်မြင့်တက်သွားခဲ့သည်။

ဆိုလန်းမန်းနီသည် ပြည်တွင်းမှာတော့ အမျိုးသားသူရဲကောင်းတစ်ယောက် ဖြစ်သော်လည်း ကမ္ဘာ့ထိပ်တန်း အကြမ်းဖက်သမားတစ်ဦးဖြစ်ပြီး သူ့ကို အချိန်အတော်ကြာ ခြေရာခံခဲ့ရကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောသည်။

ထရမ့်၏မိန့်ခွန်းသည် ငြိမ်းချမ်းရေးအတွက် တိုက်တွန်းပြောကြားမှုနှင့် အဆုံးသတ်ခဲ့သော်လည်း အီရန်ကို ဘယ်တော့မှ နျူကလီးယားပိုင်ဆိုင်ခွင့် ပေးသွားမည်မဟုတ်ကြောင်း ၎င်း၏မိန့်ခွန်းတွင် ပြောကြားထားသည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အဆုတ်ရောင်ရောဂါ ကူးစက်ဖြစ်ပွားခြင်းဖြစ်နိုင်

**ပေကျင်း ဇန်နဝါရီ ၉**

မကြာသေးမီက တရုတ်နိုင်ငံအတွင်း၌ နမိုးနီးယားအဆုတ်ရောင်ရောဂါ ကူးစက်ဖြစ်ပွားမှုမှာ ကိုရိုနာဗိုင်းရပ်စ် (Coronavirus) တစ်မျိုးကြောင့် ဖြစ်ပွားရသည်ဟု ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်။

လူနာများထံမှ ရယူထားသည့် ဗိုင်းရပ်စ်ကို အီလက်ထရွန် မိုက်ခရိုစကုပ်ဖြင့် အသေးစိတ်စစ်ဆေးကြည့်ရှုခဲ့ရာ ကိုရိုနာဗိုင်းရပ်စ်၏ သွင်ပြင်လက္ခဏာပုံစံရှိကြောင်း အဆိုပါကျွမ်းကျင်အဖွဲ့က အတည်ပြုခဲ့မှုကို တရုတ်နိုင်ငံပိုင် သတင်းမီဒီယာက ဇန်နဝါရီ ၉ ရက်တွင် ဖော်ပြသည်။

လူနာများတွင် တွေ့ရသည့် အဆိုပါဗိုင်းရပ်စ်သည် ၂၀၀၃ ခုနှစ်က ဆားစ်ဟုခေါ်သည့် ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်ပွားစေသည့် ကိုရိုနာဗိုင်းရပ်စ်တစ်မျိုးနှင့် ကွဲပြားကြောင်း အဆိုပါအဖွဲ့က ပြောသည်။

ယခုတွေ့ရှိရသည့် ဗိုင်းရပ်စ်မှာ နောက်ထပ် ဗိုင်းရပ်စ်အမျိုးအစားအသစ်တစ်ခုဖြစ်ကြောင်း၊ ခွဲခြားစိစစ်ရန် အသေးစိတ်လေ့လာမှုများ လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ကို အီရန်တို့ ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်နိုင်သည်ဟု အက်ဖ်ဘီအိုင်နှင့် အမိမြေလုံခြုံရေးဌာန သတိပေး

**ဝါရှင်တန် ဇန်နဝါရီ ၉**

ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)နှင့် အမိမြေလုံခြုံရေးဌာနက အမေရိကန်ကို ခြိမ်းခြောက်လာနိုင်သည့် အီရန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို သတိထားရန်နှင့် အထူးသဖြင့် ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်မှုများကို သတိထားရန် ဇန်နဝါရီ ၉ ရက်က တိုက်တွန်း ပြောကြားလိုက်သည်။

အက်ဖ်ဘီအိုင်နှင့် အမိမြေလုံခြုံရေးဌာနတို့က အီရန်နိုင်ငံသည် အမေရိကန်ကို ဆိုက်ဘာတိုက်ခိုက်မှုဖြင့် တိုက်ခိုက်လာနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။ ထို့အပြင် အီရန်သည် အမေရိကန်၌ ယခင်က လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့မှုနှင့် အကြမ်းဖက်မှုများပြုလုပ်ရန် စုံစမ်းထောက်လှမ်းမှုများ လုပ်ဆောင်ခဲ့သည့် သမိုင်းကြောင်းများလည်း ရှိခဲ့ကြောင်း သိရသည်။

အက်ဖ်ဘီအိုင်နှင့် အမိမြေလုံခြုံရေးဌာနက ပူးတွဲထုတ်ပြန်လိုက်သည့် စုံစမ်းထောက်လှမ်းရေးသတင်းလွှာတွင် အီရန်တို့၏ အကြမ်းဖက်ခြိမ်းခြောက် တိုက်ခိုက်လာနိုင်ခြေရှိသည်များကို သတိထားရန် ထုတ်ပြန်ထားသော်လည်း မည်သည့်ခြိမ်းခြောက်မှုမျိုး ဖြစ်နိုင်သည်ဆိုသည်ကို အတိအကျ မဖော်ပြခဲ့ပေ။

သို့သော်လည်း လတ်တလောတွင် အီရန်သည် အမေရိကန်ကို တိုက်ခိုက်လာနိုင်ခြေရှိကြောင်းနှင့် ဖြစ်ပေါ်လာနိုင်သည့် ပစ်မှတ်များနှင့် တိုက်ခိုက်လာနိုင်ခြေရှိသည့် နည်းလမ်းများမှာ ဆိုက်ဘာတိုက်ခိုက်မှုမှသည် အမေရိကန် စစ်အခြေစိုက်စခန်းများ အပါအဝင် ပြည်သူပိုင်အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ရေနံမြေနှင့် ဓာတ်ငွေ့အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ အထိမ်းအမှတ်အထင်ကရနေရာများကို ဖျက်ဆီးခြင်းပါမကျန် တစ်ယောက်ချင်းစီအား လုပ်ကြံသတ်ဖြတ်ခြင်းထိ ပါဝင်ကြောင်း အဆိုပါ သတင်းလွှာတွင် ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# ပျက်ကျယူကရိန်းလေယာဉ်၏ ဘလက်ဘောက်စ်နှစ်လုံးကို စုံစမ်းစစ်ဆေးရေးအတွက် ဘိုးရင်းသို့ လွှဲပြောင်းပေးရန် အီရန်ငြင်းဆန်



ပျက်ကျလေယာဉ်၏ ဘလက်ဘောက်စ်ကို တွေ့ရစဉ်။

**တီဟီရန် ဇန်နဝါရီ ၉**

ခရီးသည် ၁၇၆ ဦး လိုက်ပါလာသည့် ယူကရိန်းလေယာဉ်ပျက်ကျမှုဖြစ်ပွားကာ လိုက်ပါသူအားလုံး သေဆုံးခဲ့ရပြီး နောက်တွင် ပျက်ကျလေယာဉ်မှ ရရှိခဲ့သည့် ဘလက်ဘောက်စ်နှစ်လုံးကို စုံစမ်းစစ်ဆေးမှုအတွက် လွှဲပြောင်းပေးမည်မဟုတ်ကြောင်း အီရန် ပြည်တွင်းလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

သို့ရာတွင် လေယာဉ်ပျက်ကျသည့်ကိစ္စ အပေါ် စုံစမ်းစစ်ဆေးရာတွင် အီရန်က ယူကရိန်းနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဟု ဆိုသည်။ ပျက်ကျ လေယာဉ်၏ ဘလက်ဘောက်စ်မှ အသံဖမ်းကိရိယာနှင့် အချက်အလက်မှတ်တမ်းတင်ကိရိယာ နှစ်ခုလုံးကို ရှာတွေ့ခဲ့ကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားက ဇန်နဝါရီ ၉ ရက်တွင် ဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ၏ ဘိုးရင်း ၇၃၇ ခရီးသည်တင်လေယာဉ်သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အီရန်နိုင်ငံ တီဟီရန်အီမန်ခိုမိနီ နိုင်ငံတကာလေဆိပ်အနီးတွင် မတော်တဆပျက်ကျခဲ့ရာ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအားလုံး သေဆုံးခဲ့သည်။

ရရှိထားသည့် ဘလက်ဘောက်စ်များကို အသေးစိတ် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် အီရန်က မည်သည့်နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း မသိရှိရသေးကြောင်း အီရန်နိုင်ငံပိုင် မဲ့သတင်းအေဂျင်စီက အီရန်လေကြောင်း အာဏာပိုင်အဖွဲ့အကြီးအကဲ အလီအဘတ်ဇာဒက်၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျမှုအတွင်း လေယာဉ်အမှုထမ်းများ၏ အမှားအယွင်းကြောင့်မဟုတ်ကြောင်း ယူကရိန်းနိုင်ငံတကာ လေကြောင်းလိုင်းအာဏာပိုင်များက ငြင်းဆန်ထားသည်။

အဆိုပါလေယာဉ်ကို ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စက်ရုံမှ လေကြောင်းလိုင်းသို့ တိုက်ရိုက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရက်ဆစ် သဘောတူညီချက် မူကြမ်းကို ဗြိတိန်လွှတ်တော်၌ စတင်ဆွေးနွေး

**လန်ဒန် ဇန်နဝါရီ ၉**

ဇန်နဝါရီ ၃၁ ရက်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းနှင့် ပတ်သက်၍ ဗြိတိန်လွှတ်တော်၌ စတင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လက အောက်လွှတ်တော်၌ ဦးစွာအတည်ပြုခဲ့သည့် အဆိုပါ သဘောတူညီချက်မူကြမ်းနှင့် ပတ်သက်၍ လွှတ်တော်အမတ်များ အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။ ဒီဇင်ဘာလက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အာဏာရ ကွန်ဆာဗေးတစ်ပါတီက နေရာအများစုကို ဆက်လက်ထိန်းထားနိုင်ခဲ့သည့်အတွက် အဆိုပါသဘောတူညီချက်မူကြမ်းကို ယခုရက်သတ္တပတ်တွင် အတည်ပြုဖွယ်ရှိကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

သဘောတူညီချက် ဥပဒေမူကြမ်းတွင် မြောက်အိုင်ယာလန် အကောက်ခွန်အစီအစဉ်နှင့် ပတ်သက်သည့် ပြဿနာအတွက်လည်း အကျုံးဝင်ပြီး အဆိုပါအစီအစဉ်၌ အသွင်ကူးပြောင်းကာလကို ဒီဇင်ဘာလကုန်ထက် ကျော်လွန်စေသည့် အချိန်ဆွဲမှုကို ငြင်းဆိုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### လုံခြုံရေးဆိုင်ရာ အခြေအနေကြောင့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ဘရာဇီးသမ္မတ မတက်ရောက်နိုင်

**ရီယိုဒီဂျနေးယို ဇန်နဝါရီ ၉**

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့၌ ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရို တက်ရောက်နိုင်မည်မဟုတ်ကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ အိုတာဗီယိုရီဂို ဘာရော့စ်က ပြောကြားခဲ့သည်။

သမ္မတနှင့်တကွ ၎င်း၏အဖွဲ့ဝင်များသည် စီးပွားရေး၊ လုံခြုံရေး၊ နိုင်ငံရေးဆိုင်ရာနှင့် အရေးကြီးကိစ္စရပ်များ ဆောင်ရွက်နေသည့်အတွက် လတ်တလောတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ပါဝင်တက်ရောက်နိုင်ဦးမည်မဟုတ်ကြောင်း ရီဂိုဘာရော့စ်က ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို နှစ်စဉ်နှစ်တိုင်း ဒါဗို့၌ ကျင်းပခဲ့ပြီး ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်ကာ စီးပွားရေးကိစ္စရပ်များကို လာရောက်ဆွေးနွေးကြသည်။ ယခုနှစ် အစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးသမ္မတ ဘော်ဆိုနာရိုသည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။

**ဆင်ဟွာ**

# ခက်ခဲသောစုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ရဖွယ်ရှိတဲ့ ယူကရိန်းလေယာဉ်ပျက်ကျမှု

**— — ဖြိုးစန္ဒီဋ္ဌေး — —**

ယူကရိန်းခရီးသည်တင် လေယာဉ်ဘိုးရင်း -၇၃၇ ဟာ ဇန်နဝါရီ ၈ ရက်မှာတော့ တီဟီရန်က ထွက်ခွာပျံသန်းခဲ့ပါတယ်။ အဲဒီအချိန်မှာ အီရန်နိုင်ငံရဲ့ အခြေအနေဟာ အတော်လေးတင်းမာနေတဲ့ အခြေအနေမှာရှိပါတယ်။ အဲဒီမတိုင်ခင် နာရီအနည်းငယ်အကြာမှာတော့ အီရတ်နိုင်ငံမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့ အခြေစိုက်စခန်းနှစ်ခုကို အီရန်ကနေ ဒုံးကျည်တွေနဲ့ ပစ်ခတ်တာတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီနောက် အီရန်နိုင်ငံအတွင်းမှာ အမေရိကန်ရဲ့ တန်ပြန်တိုက်စစ်ဆင်မှုအတွက် အဆင်သင့်အနေအထား အားလုံးပြင်ဆင်ဖို့ သတိပေးထားပါတယ်။



လေယာဉ်ပျက်ကျရာနေရာတွင် အပျက်အစီးများကိုတွေ့ရစဉ်။

### အဖြေရှာဖို့မလွယ်ကူ

လေယာဉ် ကောင်းကင်ပေါ်ကို ပျံတက်သွားစဉ်မှာတော့ အားလုံးဟာပုံမှန်ပါပဲ။ အဲဒီနောက် ပျံတက်ပြီးမကြာမီမှာပဲ လေယာဉ်ဟာ ကောင်းကင်ပေါ်မှာ မီးလောင်ပြီး မြေပြင်ပေါ်ကို ထိုးဆင်းခဲ့ပါတယ်။ လေယာဉ်ပေါ်မှာရှိတဲ့ လူပေါင်း ၁၇၆ ဦးလုံး သေဆုံးသွားခဲ့ရပါတယ်။ လေယာဉ် ဘာကြောင့်ပျက်ကျရတာလဲဆိုတာကို စုံစမ်းစစ်ဆေးအဖြေရှာဖို့ တစ်နှစ်လောက်အချိန်ယူရပြီး ခက်ခဲတဲ့ စုံစမ်းမှုအလုပ်တွေ လုပ်ကိုင်ရပါတယ်။ နောက်ပြီး စုံစမ်းတဲ့အခါ နိုင်ငံတကာကအစိုးရတွေရဲ့ စုံစမ်းစစ်ဆေးသူတွေလည်း ပါဝင်ရပါတယ်။ ဒါပေမယ့်လည်း လက်ရှိအခြေအနေအရ အီရန်နဲ့ အခြေအနေ တင်းမာနေတာကြောင့် တီဟီရန် ကောင်းကင်မှာ လေယာဉ်ဘယ်နေရာမှာ ချွတ်ယွင်းထိခိုက်ခဲ့သလဲဆိုတာကို အဖြေရှာဖို့ လွယ်ကူမှာတော့ မဟုတ်ပါဘူး။

### ကျွမ်းကျင်သူတွေစေလွှတ်မယ်

လေယာဉ်ထုတ်လုပ်တဲ့ ဘိုးရင်းကုမ္ပဏီကလည်း အမေရိကန်ကုမ္ပဏီပါ။ ဒါကြောင့် လက်ရှိအီရန်နဲ့ အမေရိကန်ကြား ပြဿနာတွေကြောင့် လေယာဉ်ပျက်ကျရတဲ့အကြောင်းကို စုံစမ်းစစ်ဆေးဖို့က တော်တော်လေးကို ခက်ခဲမှာပါ။ ဘိုးရင်းကုမ္ပဏီကလည်း လွန်ခဲ့တဲ့နှစ်နှစ်က တခြား ၇၃၇ မော်ဒယ် အမျိုးအစားလေယာဉ်တွေပျက်ကျတာကြောင့် အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်ပါ။ လေယာဉ်ပျက်ကျမှုအတွက် ဖြစ်နိုင်တဲ့ စုံစမ်းစစ်ဆေးမှုအားလုံးကို လုပ်ရမယ်လို့ ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီးက ပြောကြားခဲ့ပါတယ်။ စုံစမ်းစစ်ဆေးမှုတွေနဲ့ ယူကရိန်းနိုင်ငံသားတွေရဲ့အလောင်းတွေကို ပြန်သယ်ဖို့ တီဟီရန်ဆီသို့ ယူကရိန်းကျွမ်းကျင်သူတွေ စေလွှတ်မယ်လို့ ပြောကြားခဲ့ပါတယ်။

### ဘိုးရင်းအတွက်အကျပ်တွေ့စရာ

လေယာဉ်ပျက်ကျမှုတွေ ခဏခဏဖြစ်လာတာကြောင့် လေကြောင်းပျံသန်းရေးလုပ်ငန်းမှာ မသေချာမှုတွေ ကြီးစိုးလာပါတယ်။ ဘိုးရင်းကုမ္ပဏီအတွက်လည်း ၂၀၁၈ ခုနှစ်က အင်ဒိုနီးရှားမှာ ၇၃၇ လေယာဉ် ပျက်ကျတာကအစပြုလို့ နောက်ပိုင်းအခြေအနေတွေဟာ ပိုပိုပြီးအကျပ်တွေ့စရာ ဖြစ်လာပါတယ်။ လေယာဉ်ပျက်ကျမှုမဖြစ်ခင် ဇန်နဝါရီ ၇ရက်မှာတော့ အမေရိကန်လေကြောင်းလိုင်းတွေကို အီရန်နိုင်ငံပေါ်က မပျံသန်းကြဖို့ တားမြစ်မှု ထွက်ပေါ်ခဲ့ပါတယ်။ ဒါကလည်း ခရီးသည်တင်လေယာဉ်နဲ့ စစ်လေယာဉ်မှားယွင်းပြီး ပစ်ချမိမှာ စိုးလို့ပါ။ အမေရိကန်လေကြောင်းလိုင်းတွေမဟုတ်တဲ့ တခြားသောလေကြောင်းလိုင်းတွေကလည်း အီရတ်နဲ့ အီရန်ပေါ်က ပျံသန်းမယ့်ခရီးစဉ်တွေကို လမ်းကြောင်းပြောင်းခဲ့ကြတယ်။

### စစ်ရေးအရလှုပ်ရှားမှုမပါဝင်

အီရန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အဒ္ဒေါဖာဇယ်ရှိကာချီကတော့ အခုလေယာဉ်ပျက်မှုမှာ စစ်ရေးအရလှုပ်ရှားမှုတစ်ခုမှ မပါဘူးလို့ ပြောကြားခဲ့ပါတယ်။ ဒီလေယာဉ်ဟာ ပစ်မှတ်ထားပြီး တိုက်ခိုက်ခံရတယ်လို့ ဝါဒဖြန့်ပြောဆိုနေကြပေမယ့် လေယာဉ်ပေါ်ပါသွားတဲ့ ခရီးသည်အများစုကတော့ ကျွန်တော်တို့ တန်ဖိုးထားရတဲ့ အီရန်လူငယ်တွေပါ။ ကျွန်တော်တို့ ဘာပဲလုပ်လုပ် ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို ကာကွယ်ပေးဖို့ပဲ လုပ်တယ်လို့ ၎င်းက ဆက်လက်ပြောကြားခဲ့ပါတယ်။

### ပူးပေါင်းဆောင်ရွက်ဖို့မလွယ်ကူ

ပုံမှန်အနေအထားအရဆိုရင် လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့တဲ့ နိုင်ငံက ဦးဆောင်ပြီး စုံစမ်းစစ်ဆေးမှုတွေကို လုပ်ဆောင်ရပါတယ်။ နောက်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ လေယာဉ်ထုတ်လုပ်တဲ့နိုင်ငံက အရာရှိတွေ၊ လေယာဉ်ပေါ်ပါသွားတဲ့ ခရီးသည်တွေရဲ့ မူရင်းနိုင်ငံက အရာရှိတွေ ပါဝင်ရပါတယ်။ လက်ရှိအခြေအနေမှာတော့ လေယာဉ်ထုတ်လုပ်တဲ့နိုင်ငံက အမေရိကန်ဖြစ်ပြီး လေယာဉ်ပျက်ကျမှု ဖြစ်ပွားတဲ့နိုင်ငံကတော့ အီရန်ဖြစ်နေတော့ စုံစမ်းစစ်ဆေးမှုအတွက် ပူးပေါင်းဆောင်ရွက်ဖို့ကတော့ မမျှော်ရဲစရာပါပဲ။ လေယာဉ်ပျံသန်းမှုအချက်အလက်တွေကို မှတ်တမ်းတင်ထားတဲ့ ဘလက်ဘောက်စ်ကိုတော့ ပျက်ကျတဲ့နေရာကနေ ပြန်ပြီးရှာဖွေတွေ့ရှိခဲ့ပါတယ်။

### ဘလက်ဘောက်စ်ကို ပြန်မပေး

ဘလက်ဘောက်စ်ကို ပြန်တွေ့ပြီဆိုရင် စုံစမ်းမှုပြုလုပ်ဖို့ လေယာဉ်ထုတ်လုပ်တဲ့ နေရာကိုပြန်ပို့ရပါတယ်။ သို့ပေမယ့် အီရန် လေကြောင်းပျံသန်းရေးအဖွဲ့အစည်းခေါင်းဆောင် အလီအဘတ်ဇာဒတ်ကတော့ အီရန်ဟာ ရှာဖွေတွေ့ရှိတဲ့ ဘလက်ဘောက်စ်ကို ဘိုးရင်းကုမ္ပဏီဆီ ပြန်ပို့မှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။ ဘလက်ဘောက်စ်ကို အမေရိကန်တွေနဲ့ လေယာဉ်ထုတ်လုပ်သူတွေဆီ ပြန်ပေးမှာမဟုတ်ဘူးလို့ သူက ဆက်ပြောပါတယ်။ ယူကရိန်းအရာရှိတွေကတော့ လေယာဉ်ပျက်ကျမှုအကြောင်း စုံစမ်းမယ့် အီရန်စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ ပါဝင်လိမ့်မယ်လို့ အလီအဘတ်ဇာဒတ်က ပြောပါတယ်။ သို့ပေမယ့်လည်း လေကြောင်းလိုင်းကတော့ ယူကရိန်း၊ အီရန်နဲ့ ဘိုးရင်းကုမ္ပဏီဘက်က အရာရှိတွေပါဝင်တဲ့ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်သွားမယ်လို့ ကတိပြုပြောကြားခဲ့ပါတယ်။

### စောင့်ကြည့်ရမှာဖြစ်

လေကြောင်းလိုင်းစီမံခန့်ခွဲမှုအဖွဲ့ချုပ်မှ အုပ်ချုပ်ရေးမှူးဟောင်းကတော့ ကမ္ဘာ့လေယာဉ်ထုတ်လုပ်မှုမှာတော့ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေကို အလေးပေးပါတယ်။ အီရန်မှာပျက်ကျတဲ့ ကိစ္စမှာတော့ အခြေအနေကို စောင့်ကြည့်ရမှာပဲလို့ ပြောကြားခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရမှု ဘုတ်အဖွဲ့ကတော့ လေယာဉ်ပျက်ကျတဲ့အခါ စုံစမ်းစစ်ဆေးမှုတွေမှာ ပါဝင်လေ့ရှိပါတယ်။ ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းအထိတော့ သူတို့ကို စုံစမ်းစစ်ဆေးမှုမှာပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ခြင်းမရှိဘူးလို့ ပြောပါတယ်။

### ထိန်းချုပ်ရေးတာဝါနဲ့ အဆက်အသွယ်ပြတ်

ဘိုးရင်း ၇၃၇ လေယာဉ်ဟာ ဇန်နဝါရီ ၈ ရက် နံနက် ၆နာရီ ၁၂ မိနစ်မှာ တီဟီရန်မြို့အာမာမ် ခိုမေနီလေဆိပ်ကနေ ပျံတက်ခဲ့တာ ဖြစ်ပါတယ်။ လေယာဉ်အမှုထမ်းကိုးဦးအပါအဝင် လူပေါင်း ၁၇၆ ဦး လေယာဉ်ပေါ် ပါသွားခဲ့ပါတယ်။ အဆိုပါ လေယာဉ်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၈၀၀၀ ခန့် တစ်နာရီကို မိုင် ၃၀၀ နှုန်းနဲ့ ပျံသန်းခဲ့တာဖြစ်တယ်လို့ Flightdata 24 မှာ ဖော်ပြထားပါတယ်။ ပျံသန်းပြီး နှစ်မိနစ်ကနေ သုံးမိနစ်အကြာမှာတော့ အလိုအလျောက် လေယာဉ်ပျံသန်းမှုအချက်အလက်တွေ ပေးပို့ခြင်းစနစ် ရပ်ဆိုင်းသွားပါတယ်။ လေယာဉ်နဲ့ ထိန်းချုပ်ရေးတာဝါ အဆက်အသွယ်ပြတ်တောက်သွားတယ်လို့ အလီအဘတ်ဇာဒတ်က ပြောပါတယ်။

### သဘောထားမတူညီမှုတွေရှိ

လေယာဉ်ပျက်ကျတဲ့ နေရာနဲ့အနီးမှာနေထိုင်တဲ့ အသက် ၂၉ နှစ်အရွယ် ဆာဂျတ် ရှရစ်ခ်ဟာနီကတော့ “အသံအကျယ်ကြီးကြားတဲ့နောက် အိမ်ထဲကနေအပြင်ဘက်ကို ပြေးထွက်ခဲ့တယ်။ နေအိမ်တွေက ပြတင်းပေါက်တွေလည်း ကျိုးပဲ့ကုန်တယ်။ အစကတော့ ဒုံးကျည်ထိတယ်ထင်တာ” လို့ ပြောပြခဲ့ပါတယ်။ လေယာဉ်ဟာ ခါလက်အဘတ်ဂျ်ကျေးရွာအနီး စိုက်ပျိုးမြေပေါ်မှာ ပျက်ကျခဲ့တာပဲ ဖြစ်ပါတယ်။ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသွားရတဲ့သူတွေဟာ ဘယ်နိုင်ငံသားတွေလဲဆိုပြီး ခွဲခြားတဲ့အခါမှာလည်း သဘောထားမတူညီမှုတွေ ထွက်ပေါ်လာပါတယ်။ ဘာလို့လဲဆိုတော့ တချို့သောသူတွေဟာ နှစ်နိုင်ငံသား ခံယူထားလို့ပါပဲ။ အီရန်ဘက်က ရေတွက်ထားတာကတော့ အီရန် ၁၄၇ ဦး၊ ကနေဒါနိုင်ငံသား နှစ်ဦးလို့ တွက်ထားပြီး ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးကတော့ ကနေဒါလူမျိုး ၆၃ ဦး၊ အီရန် ၈၂ ဦးလို့ တွက်ချက်ထားပါတယ်။

### အကျပ်ရိုက်စရာဖြစ်လာနိုင်

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုကလည်း “ကျွန်တော်တို့အစိုးရဟာ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လေယာဉ်ပျက်ကျမှုအကြောင်းကို စုံစမ်းမှုတွေ ပြုလုပ်သွားမယ်၊ ကနေဒါနိုင်ငံသားတွေရဲ့မေးခွန်းအတွက် အဖြေရှိမှာပါ “လို့ ပြောကြားခဲ့ပါတယ်။ စုံစမ်းစစ်ဆေးမှုရလဒ်ဟာ ဘယ်လိုဖြစ်လာမယ်မှန်းတော့ မသိရသေးပါဘူး။ တကယ်လို့များ တီဟီရန်မှာ လေယာဉ်ပျက်ကျရတဲ့အကြောင်းရင်းဟာ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့်ဆိုရင်တော့ ၇၃၇ -အင်န်ဂျီ အမျိုးအစားနဲ့ပတ်သက်ပြီး မေးခွန်းတွေအများကြီးထွက်လာဦးမှာဖြစ်ပြီး ဘိုးရင်းအတွက်လည်း ပိုပြီးအကျပ်ရိုက်စရာဖြစ်လာနိုင်ပါတယ်။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

> “စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ လေယာဉ်ထုတ်လုပ်တဲ့နိုင်ငံက အရာရှိတွေ၊ လေယာဉ်ပေါ်ပါသွားတဲ့ခရီးသည်တွေရဲ့ မူရင်းနိုင်ငံက အရာရှိတွေ ပါဝင်ရပါတယ်။ လက်ရှိအခြေအနေမှာတော့ လေယာဉ်ထုတ်လုပ်တဲ့နိုင်ငံက အမေရိကန်ဖြစ်ပြီး လေယာဉ်ပျက်ကျမှု ဖြစ်ပွားတဲ့နိုင်ငံကတော့ အီရန်ဖြစ်နေတော့ စုံစမ်းစစ်ဆေးမှုအတွက် ပူးပေါင်းဆောင်ရွက်ဖို့ကတော့ မမျှော်ရဲစရာပါပဲ”

# မကွေး၌ ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ




တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**မကွေး ဇန်နဝါရီ ၉**

၂၀၁၉– ၂၀၂၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး ပညာရေးရေးမှူးရုံးမှ ဦးဆောင်၍ မကွေးမြို့ အ–ထ–က (၁) ကျောင်းဝင်းအတွင်းနှင့် အဆိုပါကျောင်းရှိ ပန်းဟေဝန်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက "နိုင်ငံတော်အနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံတွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ပညာရေးစနစ်ဖြစ်ထွန်းရေး၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေးနဲ့ မူလတန်းပညာပြီးမြောက်အောင် သင်ယူနိုင်ရေး၊ ရိုးရာယဉ်ကျေးမှုမျိုးချစ်စိတ်ဓာတ်နှင့် စာရိတ္တမြင့်မားရေးကို အားပေးဆောင်ရွက်ရေး၊ ကျေးလက်နှင့် နယ်စပ်ဒေသအပါအဝင် အခြေခံပညာကို တစ်ပြေးညီ သင်ယူနိုင်ရေး၊ ပညာရေးအဟောသိကံဖြစ်မှု လျော့နည်းရေး၊ အသက်မွေးဝမ်းကြောင်းနဲ့ စက်မှုအတတ်ပညာများတိုးချဲ့ဆောင်ရွက်ရေး၊ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိဘပြည်သူများ ပုဂ္ဂလိကစေတနာရှင်များ ပါဝင်ဆောင်ရွက်လာရေး၊ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ အခြေခံပညာအရည်အသွေးမြင့်မားတိုးတက်ရေးအတွက် ကျောင်းပြင်ပပညာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ သင်ရိုးညွှန်းတမ်းတွေကို ခေတ်စနစ်နဲ့အညီ ပြုပြင်ဆောင်ရွက်ရေး၊ ပညာရေးသုတေသနဖွံ့ဖြိုးမှုလုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်ရေးစတဲ့ လုပ်ငန်းစဉ် ၁၀ ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ် " ဟု ပြောသည်။

အခြေခံပညာသင်ရိုးသစ်ကိုလည်း KG+12(သို့မဟုတ်) KG+5,4,3 ဖြင့် စတင်အကောင်အထည်ဖော်ရာမှာ ၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင် KG (သူငယ်တန်း)၊ ၂၀၁၇–၂၀၁၈ ပညာသင်နှစ်တွင် Grade–1၊ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်တွင် Gread – 2 ၊ ၂၀၁၉ –၂၀၂၀ ပညာသင်နှစ်တွင် Grade–3၊ Grade – 6 ၊ ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် Grade – 4၊ Grade – 7 ၊ Grade – 10 စသဖြင့် အကောင်အထည်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် ပညာရေးစုံညီပွဲတော် အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပန်းဟေဝန်ခန်းမတွင် လူမှုရေးဝန်ကြီးက ပညာရေးစုံညီပွဲတော် အကြောင်းကို ရှင်းလင်းတင်ပြပြီး ထူးချွန်ဆုရဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရှင်းလင်းဆွေးနွေး



**ဟားခါး ဇန်နဝါရီ ၉**

နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီရုံး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းနှင့် Renaissance Institute နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၊ စီမံကိန်းဘဏ် ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲနှင့် စီမံကိန်းအဆိုပြုလွှာပုံစံ ဖြည့်စွက်ခြင်းဆိုင်ရာရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ Myanmar Development Institute (MDI) မှ Senior Policy Specia list ဒေါ်သီဒါနွဲ့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သတင်းအချက်အလက်များ ရရှိစေရေး၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် စီမံကိန်းဘဏ်ဆိုင်ရာ လုပ်ငန်းအချက်အလက်များနှင့် ပတ်သတ်၍ ရှင်းလင်းဆွေးနွေးပြီးနောက် MDI မှ Project Evaluation Specialist ဒေါက်တာ စိုးခိုင်က စီမံကိန်းအဆိုပြုလွှာဖြည့်စွက်ခြင်းများနှင့် ပတ်သတ်၍ တိကျမှန်ကန်သော ဖွံ့ဖြိုးမှုများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ထွက်ပေါ်လာရေးဖြည့်စွက်ရမည့် စီမံကိန်းအဆိုပြုလွှာပါ ပုံစံအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက စီမံကိန်းဘဏ်၊ စီမံကိန်းရှင်းလင်းဆွေးခြင်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# တောင်ငူ–လွိုင်ကော်–ဟိုပုံးလမ်းပေါ်မှ ကန္ဒရဝတီ တံတားသစ် ဖွင့်လှစ်

**လွိုင်ကော် ဇန်နဝါရီ ၉**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း တောင်ငူ – လိပ်သို – ယာဒို – လွိုင်ကော် – ဟိုပုံးကားလမ်းပေါ်မှ အရေးပါသော ဘီလူးချောင်းဖြတ်ကန္ဒရဝတီတံတားဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

တံတားဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခုအခါ မိမိတို့ ပြည်နယ်တွင် တံတားကြီးငါးစင်းနှင့် သံတံတားတစ်စင်းရှိပြီးဖြစ်ကြောင်း၊ ယင်းအခြေအနေသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း၊ ယခု ဘီလူးချောင်းဖြတ် ကန္ဒရဝတီတံတားကိုလည်း အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်၍ ရေရှည်တည်တံ့စေရန် တာဝန်ရှိသူများအားလုံးက ထိန်းသိမ်းစောင့်ရှောက်ပေးရန်လိုကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ကန္ဒရဝတီတံတားသစ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် မြို့မိမြို့ဖ ဦးစဝ်သန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်က တံတား၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (ဝဲပုံ) လွိုင်ကော်မြို့ ဘီလူးချောင်းဖြတ် ကန္ဒရဝတီတံတားကို ၁၉၈၅ ခုနှစ်က ၂၂ ပေအကျယ် နှစ်လမ်းသွားတံတားအဖြစ်တည်ဆောက်အသုံးပြုခဲ့ပြီး နှစ်ပေါင်း ၃၄ နှစ်ကြာမြင့်လာသည့် ယနေ့အချိန်တွင် မော်တော်ယာဉ်အသုံးပြုမှုမှာ ယခင်ထက် များစွာတိုးလာခဲ့သောကြောင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၉၉ ဒသမ ၉၉ သန်းဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကို တံတားအထူး အဖွဲ့(၆) နေပြည်တော်က တာဝန်ယူ၍ ပြီးခဲ့သည့် ၂၀၁၉ ဧပြီလဆန်းက စတင်ဆောင်ရွက်ခဲ့ပြီးနောက် ယခုလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလေး**

# ကရင်ပြည်နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ဘားအံ ဇန်နဝါရီ ၉**

အခြေခံပညာရေးကဏ္ဍ ကျောင်းသား၊ ဆရာ၊ မိဘ အားလုံးပါဝင်သော ကရင်ပြည်နယ်၏ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲနှင့် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၇ ရက်က ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို ထုတ်ဖော်ဂုဏ်ပြုပေးနိုင်ရေးအတွက် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီး ဦးဘိုဘို ဝေမောင်တို့က စုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများက အခြေခံပညာကျောင်းများ၏ ကျောင်းတွင်းလှုပ်ရှားမှုပြခန်းများကို လှည့်လည်ကြည့်ရှု ခဲ့ကြသည်။

ထို့နောက် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ဝင်းက ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ဘက်စုံပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့် ခဲ့သည်။

ကရင်ပြည်နယ်အတွင်း အခြေခံပညာ ကျောင်းပေါင်း ၁၈၄၇ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၅၂၆၅၉ ဦး ပညာသင်ကြားလျက်ရှိကာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆရာ ဆရာမ ဦးရေ ၁၄၃၉၇ ဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်းနှင့် ယနေ့စုံညီပွဲတော်တွင် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်အတွက် ဘက်စုံ ပညာထူးချွန်ဆု အရေအတွက် ၁၅၄ ဆုကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်နေစဉ်။

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# ပြန်လည်ထူထောင်ရေးစခန်းများတွင် သင်တန်းအကြိမ်ရေ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ဝင်များ အကြိုညှိနှိုင်း အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယမန်နေ့က ကျင်းပသည်။



ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ယခုအခါ မူးယစ်ပြန်လည်ထူထောင်ရေး (၃) လသင်တန်းများကို အချို့ပြည်နယ် နှင့် တိုင်းဒေသကြီးများတွင် စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိနေပြီးဖြစ်ပါကြောင်း၊ မူးယစ်ဆေးစွဲသူအမျိုးသမီးများ ပြန်လည်ထူထောင်ရေးအတွက် လားရှိုးပြန်လည်ထူထောင်ရေးစခန်း၌ သင်တန်းဖွင့်လှစ်နိုင်ရန် ရှမ်းပြည်နယ် အစိုးရနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ရှိသူများ၏ အကူအညီ တောင်းခံချက်အရ မိမိတို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေး စခန်းများတွင် ယခုထက် သင်တန်းအကြိမ်ရေ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန၊ နည်းပညာနှင့် သက်မွေးပညာ ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က ကဏ္ဍအလိုက် ပိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။ **သတင်းစဉ်**

# ကလောမြို့နယ်၌ ကမ္ဘားနီ-ပေါ်တုတ် ကျေးလက်လမ်း ဂျာမနီဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် ကတ္တရာခင်း

**ကလော ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ကမ္ဘားနီ-ပေါ်တုတ် ကျေးလက်လမ်း ၅ ဒသမ ၆၇ ကီလိုမီတာကို တောင်ကြီးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဂျာမနီဖွံ့ဖြိုးရေးဘဏ် အကူအညီဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ပြီးသွားပြီဟု သိရသည်။

အဆိုပါ လမ်းသည် ယခင်က ၁၀ ပေခန့်သာ ရှိသောမြေသားလှည်းလမ်းဖြစ်၍ သွားလာရ အလွန်ခက်ခဲသော လမ်းတစ်လမ်း ဖြစ်သည်။ ငုံးသုံအုပ်စု၊ ပေါ်တုတ်ကျေးရွာ၊ ကမ္ဘားနီအုပ်စု ကမ္ဘားနီကျေးရွာတို့ကို ချိတ်ဆက်ပေးထားသောကျေးရွာချင်းဆက်လမ်း ဖြစ်သည့်အပြင် KLW-2နှင့် ချိတ်ဆက်ထားသော လမ်းကွန်ရက် တစ်ခုဖြစ်သည်။

ယခု အဆိုပါမြေသားလမ်းအစား ကတ္တရာလမ်းဖြစ်သွားသောကြောင့် အဆိုပါဒေသရှိ အိမ်ခြေ ၃၇၃ အိမ်နှင့် လူဦးရေ ၁၈၅၄ ဦးတို့အတွက် ရာသီမရွေး သွားလာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ကချင်ပြည်နယ် ဖားကန့်မြို့ရှိ ဖားပြင်ကျေးရွာ ထ-ခွဲကျောင်း၌ ကျောက်မျက်ကုမ္ပဏီအချို့၏ လှူဒါန်းမှုဖြင့် (၂၄ x ၃၀) ပေ အခန်း (၈) ခန်းပါ အာစီ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဇန်နဝါရီ ၈ ရက်က ဖွင့်လှစ်ရာ ကျောင်းဆောင်သစ်အပေါ်ထပ်ရှိ ကွန်ပျူတာခန်းသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မျိုးဝင်း၊ ရဲမှူးကြီး သန်းထိုက်စိုး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်နီလာဆွေတို့က လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

တာလင်းမောင်(ပြန်/ဆက်)

# ငွေပေးချေကတ်အသုံးပြုနိုင်ရေးအတွက် YBS ယာဉ်အစီးရေ ၁၄၁၉ စီးတွင် စက်များတပ်ဆင်ပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုလျက်ရှိသော YBS ယာဉ်ကြီးများတွင် ငွေပေးချေကတ် အသုံးပြုနိုင်ရေးအတွက် စက်များ တပ်ဆင်လျက်ရှိရာ ယခုအခါ ယာဉ်အစီးရေပေါင်း ၁၄၁၉ စီးတွင်




စက်များတပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်ကြီးများအနက်မှ ပထမအဆင့် အနေဖြင့် မော်တော်ယာဉ်အစီးရေ ၁၅၀၀ တွင် စက်များတပ်ဆင်ရန် ၂၀၁၉ ခုနှစ်အတွင်း စီစဉ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီးရေ ၁၅၀၀ အနက် ပြုပြင်နေသော ယာဉ်များနှင့် စက်တပ်ဆင်ရေးအတွက် ညီညွတ်သောပြင်ဆင်မှု ပြုလုပ်နေသည့် ယာဉ်အချို့သာ ကျန်ရှိတော့ကြောင်း သိရသည်။

ထို့ပြင် YBS ငွေပေးချေကတ်အတွက် ဒုတိယအဆင့် စက်တပ်ဆင်မည့် ယာဉ်များနှင့် ပတ်သက်၍ ကုမ္ပဏီနှင့် အေးရှားစတားမား ကုမ္ပဏီတို့ နားလည်မှုလက်မှတ်ရေးထိုးခြင်း၊ ယာဉ်များကို စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး YRTA အနေဖြင့် အေးရှားစတားမားနှင့် ပူးပေါင်းကာ ငွေပေးချေကတ် အသုံးပြုမည့် လမ်းကြောင်းများရှိ မှတ်တိုင်စာရင်းများ အတည်ပြုခြင်း၊ ယာဉ်များ အတည်ပြုခြင်းများကို အပတ်စဉ် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

YBS ယာဉ်ကြီးများတွင် ငွေပေးချေကတ် စတင်အသုံးပြုမှုနှင့် ပတ်သက်၍ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "ဒီနှစ်အတွင်းမှာ ကတ်ပြားစနစ်နဲ့ ပတ်သက် ပြီးတော့ အခြေချနိုင်တဲ့ စက်တွေတပ်ဆင်ရေး၊ ကျွန်တော်တို့ ၁၅၀၀ တပ်မယ်။ ဒုတိယအဆင့်ကို တပ်မယ်လို့ ပြောခဲ့ပါတယ်။ ဘယ်တော့စသုံးမလဲဆိုတဲ့ အပိုင်းကျတော့ အစိုးရအဖွဲ့ဆီမှာ ငွေပေးချေမှုနဲ့ပတ်သက်တဲ့ မူဝါဒတွေ ဆွေးနွေးတင်ပြဆဲ ဖြစ်ပါတယ်။ မကြာခင် သုံးနှစ်ပြည့်အခမ်းအနားလည်းရှိတော့ ကျွန်တော်တို့ကို ဦးဆောင်တဲ့ ပုဂ္ဂိုလ်များရှင်းတဲ့အခါ ပါပါလိမ့်မယ်။ အဲဒီအချိန်လေးတော့ ခဏစောင့်ပေးပါလို့ တင်ပြလိုပါတယ်" ဟု YRTA နှင့် သတင်းမီဒီယာတွေ့ဆုံပွဲ ၁/၂၀၂၀ အခမ်းအနား၌ ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ် YBS ယာဉ်အစီးရေပေါင်း ၄၃၀၀ ကျော် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - အေးရှားစတားမား**

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၁၀၀၀ ကျပ် | ၁၀၀၅/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၉၀၅ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၁၀၀၀ ကျပ် | ၁၀၄၅/၁၀၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၅ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၉ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၄ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၈ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၀ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၅ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၅၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၈ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၃၇၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၉၅ | ၃၂၆၀၀၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၅၇၆၂ | ၂၂၁၅၂၉၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၂ | ၉၇၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၆၀ | ၁၃၈၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၁၀ | ၁၄၂၈၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၁၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## 2019-20 EPL WEEK - 22

# မော်ရင်ညို့နဲ့ ဂျာဂျင်ကလော့ အားပြိုင်မယ့်ပွဲ

ဝေမိုးဆက်

ဒီတစ်ပတ် ပရီမီယာလိဂ်မှာတော့ မော်ရင်ညို့နဲ့ ဂျာဂျင်ကလော့တို့ ဆုံနေပါတယ်။ ဂျာဂျင်ကလော့ဟာ မော်ရင်ညို တာဝန်ယူတဲ့ အသင်းတွေရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း နိုင်ပွဲရဖို့ ရုန်းကန်ရတတ်ပါတယ်။ ဒါကြောင့်လည်း အခုပွဲမှာရော ဂျာဂျင်ကလော့အနေနဲ့ မော်ရင်ညိုကို အနိုင်ယူနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိတယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗာဒီ | လက်စတာ | ၁၇ |
| အူဘာမီယန် | အာဆင်နယ် | ၁၃ |
| ဒန်နီအင်င့် | ဆောက်သမ်တန် | ၁၃ |
| အာဘရာဟမ် | ချယ်လ်ဆီး | ၁၂ |

### ရှက်ဖီးလ်ယူ - ဝက်စ်ဟမ်း

ပထမအကျော့ရလဒ် - ဝက်စ်ဟမ်း ၁-၁ ရှက်ဖီးလ်ယူ

ရှက်ဖီးလ်ယူက ပရီမီယာလိဂ် နောက်ဆုံးနှစ်ပွဲဆက် အရေးနိမ့်ခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရအောင် မဖြစ်မနေ အားစိုက်လာမယ်လို့ ထင်စရာရှိပေမယ့် ဝက်စ်ဟမ်းကိုလည်း လျှော့တွက်ဖို့တော့ ခက်ပါတယ်။ ဝက်စ်ဟမ်းက မိုယေးစ်လက်အောက်မှာ ခြေစွမ်းပိုင်း မဆိုးသလို တန်းမဆင်းရဖို့လည်း ရုန်းကန်နေရတာကြောင့် ဒီပွဲမှာလည်း အားစိုက်ကစားမှာပါ။ ဝက်စ်ဟမ်းကို ရွေးချင်တယ်။

### ချယ်လ်ဆီး - ဘန်လေ

ပထမအကျော့ရလဒ် - ဘန်လေ ၂-၄ ချယ်လ်ဆီး

ဘန်လေက အက်ဖ်အေဖလားပွဲမှာ ပီတာဘရော့ချ်ကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် သူတို့ရဲ့ခြေစွမ်းက အကောင်းဆုံး မဟုတ်ခဲ့ဘူး။ တိုက်စစ်က ဂိုးသွင်းအားမဆိုးပေမယ့် ခံစစ်ကတော့ ပွဲတိုင်း ဂိုးတွေပေးနေရတယ်။ ချယ်လ်ဆီးက ထိပ်ဆုံးလေးသင်းဝင်ဖို့အတွက် အိမ်ကွင်းမှာ အားစိုက်ကစားမှာ သေချာတယ်။ ချယ်လ်ဆီးရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကလည်း ထက်မြက်မှုရှိတာကြောင့် ချယ်လ်ဆီးကိုပဲ ရွေးမယ်။

### ဝုဖ် - ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၁-၁ ဝုဖ်

ကာဆယ်ခြေက တောက်လျှောက်ကျနေပါတယ်။ နောက်ဆုံးပွဲမှာ ရှီချာဒဲလ်လို အသင်းမျိုးကိုတောင် အနိုင်မရခဲ့ဘူး။ ဝုဖ်က လက်ရှိအချိန်မှာ နိုင်ပွဲတွေ ပျောက်ဆုံးနေတာကြောင့် အိမ်ကွင်းမှာ အနိုင်ရလဒ် ပြန်ရဖို့ အားစိုက်လာမှာ သေချာတယ်။ ဝုဖ်ရဲ့ ခြေစွမ်း အနည်းငယ်ကျဆင်းနေပေမယ့်လည်း ဒီပွဲမှာတော့ နိုင်ပွဲကပ်ရသွားဖို့ရှိတယ်။

### စပါး - လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၂-၁ စပါး

စပါးက မော်ရင်ညို့ရဲ့ လက်ထက်မှာ ခြေစွမ်းပိုင်း အကျဘက် ပြန်ရောက်နေတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဟယ်ရီကိန်းနဲ့ ဆစ်ဆိုခို ပါဝင်နိုင်ခြင်းမရှိတဲ့ အချက်ကလည်း စပါးကို အားလျော့စေတယ်။ လီဗာပူးကတော့ ပွဲတိုင်းကို အမှားမခံစတမ်း ကစားနေတယ်။ နိုင်ပွဲရဖို့ ဦးတည်ကြိုးနေတဲ့ လီဗာပူးပဲ အဝေးကွင်းမှာ နိုင်ပွဲရဖို့ ရှိတယ်။

### ပဲလေ့စ် - အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၂-၂ ပဲလေ့စ်

အာတီတာလက်ထက်မှာ အာဆင်နယ်ဟာ ခြေစွမ်းပိုင်း တိုးတက်လာပေမယ့် တည်ငြိမ်မှုတစ်ခုတော့ ရရှိခြင်း မရှိသေးပါဘူး။ မန်ယူနဲ့ လိဒ်ကို အနိုင်ရခဲ့ပေမယ့် အိမ်ကွင်းပွဲတွေဖြစ်နေတာလည်း ထည့်တွက်ရမယ်။ ပဲလေ့စ်က အခုအချိန်မှာ အမှတ်လိုနေသလို အာဆင်နယ်နဲ့ ဆုံတိုင်းလည်း အခက်တွေ့အောင် ကစားလေ့ရှိတဲ့ အသင်း ဖြစ်ပါတယ်။ အာဆင်နယ်အနိုင်ရရင်တောင် ဂိုးပြတ်ဖို့ ခက်တယ်။

### အဲဗာတန် - ဘရိုက်တန်

ပထမအကျော့ရလဒ် - ဘရိုက်တန် ၃-၂ အဲဗာတန်

အဲဗာတန်က နောက်ဆုံးနှစ်ပွဲဆက် ရှုံးပွဲကြုံခဲ့ပေမယ့် လည်း မန်စီးတီး၊ လီဗာပူးတို့လို အသင်းကြီးတွေကို အရေးနိမ့်ခဲ့ရတာဖြစ်တယ်။ ဒီလို အရေးနိမ့်ခဲ့တာ ကြောင့်လည်း အိမ်ကွင်းပွဲမှာ အနိုင်ပြန်ရဖို့ အန်ဆယ်လော့တီ အသေအချာ ပြင်ဆင်ထားမှာ ဖြစ်တယ်။ ဘရိုက်တန်က အခုချိန်မှာ ခြေမဆိုးပေမယ့် အဝေးကွင်းမှာဆို ရင်တော့ ခြေစွမ်းမတည်ငြိမ်တတ်ဘူး။ အဲဗာတန် နိုင်ပွဲပြန်ရဖို့ရှိတယ်။

### ဘုန်းမောက် - ဝက်ဖို့ဒ်

ပထမအကျော့ရလဒ် - ဝက်ဖို့ဒ် ၀-၀ ဘုန်းမောက်

ဘုန်းမောက်ခြေက အားနည်းလွန်းတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိဘူး။ ရှုံးပွဲတွေဆက်ခဲ့လို့ အိမ်ကွင်းမှာ တိုက်စစ်အားပြု ကစားလာနိုင်ပေမယ့် သူတို့ရဲ့ခံစစ်က ဝက်ဖို့ဒ်တန်ပြန်တိုက်စစ်ကို ထိန်းဖို့ ခက်မယ်။ ဝက်ဖို့ဒ်ရဲ့ ခြေကလည်း လက်ရှိတည်ငြိမ်နေလို့ ဒီပွဲမှာ ဝက်ဖို့ဒ်ကိုရွေးမယ်။

### လက်စတာ - ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၀-၉ လက်စတာ

လက်စတာက စပါးနဲ့ လီဗာပူး ဆုံနေချိန်မှာ နိုင်ပွဲရယူထားနိုင်ဖို့ အားစိုက်လာမှာ သေချာတယ်။ လက်ရှိအချိန်မှာ လက်စတာရဲ့ ခြေစွမ်းကလည်း မဆိုးသလို အိမ်ကွင်းဖြစ်တယ်။ ဒါပေမယ့် သတိပြုရမှာက လက်ရှိ ဆောက်သမ်တန်ရဲ့ ခြေစွမ်းပိုင်း တိုးတက်လာမှုပဲ ဖြစ်တယ်။ ဆောက်သမ်တန်ရဲ့ ခံကစားအားကြောင့် လက်စတာနိုင်ရင်တောင် ဂိုးမပြတ်ဘူး။

### မန်ယူ - နော့ဝှစ်ချ်

ပထမအကျော့ရလဒ် - နော့ဝှစ် ၁-၃ မန်ယူ

မန်ယူက ပရီမီယာလိဂ်မှာ နှစ်ပွဲဆက် အနိုင်ရပြီးမှ အာဆင်နယ်ကို ရှုံးလိုက်လို့ အထိနာသွားတယ်။ ထိပ်ဆုံး လေးသင်းဝင်ဖို့ဆိုရင် အခုကျန်ပွဲတွေမှာ ထပ်မှားလို့ မရနိုင်တော့ဘူး။ ဒါကြောင့် အိမ်ကွင်းမှာ အားစိုက်မှာဖြစ်သလို နော့ဝှစ်ချ် ခံစစ်ကလည်း ကျစ်လျစ်မှုမရှိဘူး။ မန်ယူကိုပဲ ရွေးမယ်။

### ဗီလာ - မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၃-၀ ဗီလာ

စပါးနဲ့ လီဗာပူးဆုံနေချိန်မှာ မန်စီးတီးတို့ နိုင်ပွဲရဖို့ အားစိုက်မှာ သေချာတယ်။ လက်ရှိအချိန်မှာ မန်စီးတီးရဲ့ ခြေစွမ်းကလည်း ပြန်ပြီးထက်မြက်နေတယ်။ ဗီလာက ခြေစွမ်းကျဆင်းနေပြီး အက်ဖ်အေဖလားမှာ ဖူလ်ဟမ်ကိုတောင် အရေးနိမ့်ခဲ့ရတယ်။ ခံစစ်ပိုင်း အားနည်းမှုတွေလည်းရှိလို့ ဒီပွဲမှာ တိုက်စစ်အားပြုလာမယ့် မန်စီးတီး ဂိုးပြတ်နိုင်မယ်။

### ပရီမီယာလိဂ်ပွဲစဉ် (၂၂)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၀-၁-၂၀** |
| နံနက် ၂:၃၀ | ရှက်ဖီးလ်ယူ | - | ဝက်စ်ဟမ်း |
| **စနေနေ့** | | | **၁၁-၁-၂၀** |
| ည ၇:၃၀ | ပဲလေ့စ် | - | အာဆင်နယ် |
| ည ၉:၃၀ | ချယ်လ်ဆီး | - | ဘန်လေ |
| ည ၉:၃၀ | အဲဗာတန် | - | ဘရိုက်တန် |
| ည ၉:၃၀ | လက်စတာ | - | ဆောက်သမ်တန် |
| ည ၉:၃၀ | မန်ယူ | - | နော့ဝှစ်ချ် |
| ည ၉:၃၀ | ဝုဖ် | - | ကာဆယ် |
| နံနက် ၀၀း၀၀ | စပါး | - | လီဗာပူး |
| **တနင်္ဂနွေနေ့** | | | **၁၂-၁-၂၀** |
| ည ၈:၃၀ | ဘုန်းမောက် | - | ဝက်ဖို့ဒ် |
| ည ၁၁:၀၀ | ဗီလာ | - | မန်စီးတီး |

### ပြင်သစ်ပထမတန်းပွဲစဉ် (၂၀)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၀-၁-၂၀** |
| နံနက် ၂:၁၅ | ရိန်းနက်စ် | - | မာဆေး |
| **စနေနေ့** | | | **၁၁-၁-၂၀** |
| ည ၁၁:၀၀ | ဘော်ဒိုး | - | လိုင်ယွန် |
| နံနက် ၁:၃၀ | တူးလောက်စ် | - | ဘရက်စ် |
| နံနက် ၁:၃၀ | အာမီယန် | - | မောင့်ပယ်လီယာ |
| နံနက် ၁:၃၀ | အန်ဂျာစ် | - | နိုက်စ် |
| နံနက် ၁:၃၀ | နီမက်စ် | - | ရိမ်းစ် |
| နံနက် ၁:၃၀ | မက်ဇ် | - | စထရက်ဘော့ချ် |
| **တနင်္ဂနွေနေ့** | | | **၁၂-၁-၂၀** |
| ည ၈:၃၀ | စိန့်အေတီယန် | - | နန့်စ် |
| ည ၁၀း၃၀ | ဒီဂျွန် | - | လိုင်လီ |
| နံနက် ၂:၃၀ | ပီအက်စ်ဂျီ | - | မိုနာကို |

### စီးရီးအေပွဲစဉ် (၁၉)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၁-၁-၂၀** |
| ည ၈:၃၀ | ကက်ဂလီယာရီ | - | မီလန် |
| ည ၁၁:၃၀ | လာဇီယို | - | နာပိုလီ |
| နံနက် ၂:၁၅ | အင်တာ | - | အတ္တလန်တာ |
| **တနင်္ဂနွေနေ့** | | | **၁၂-၁-၂၀** |
| ည ၆:၀၀ | အူဒီးနီးစ် | - | ဆာစူအိုလို |
| ည ၈:၃၀ | ဖီအိုရင်တီးနား | - | SPAL |
| ည ၈:၃၀ | ဆမ်ဒိုးရီးယား | - | ဘရက်ရှား |
| ည ၈:၃၀ | တိုရီနို | - | ဘလော့ညာ |
| ည ၁၁:၃၀ | ဗီရိုနာ | - | ဂျီနိုအာ |
| နံနက် ၂:၁၅ | ရိုးမား | - | ဂျူဗင်တပ် |
| **တနင်္လာနေ့** | | | **၁၃-၁-၂၀** |
| နံနက် ၂:၁၅ | ပါးမား | - | လေချီ |

# ဘာစီလိုနာကစားသမား ဗီလ်ဒဲအား ခေါ်ယူရန် မန်ယူနှင့် အင်တာမီလန်တို့ စိတ်ဝင်စားနေ

**စပိန်ကလပ် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား အာတူရိုဗီလ်ဒဲ၏ အေးဂျင့်ဖြစ်သူသည် ဗီဒဲလ်အား ခေါ်ယူရန် စိတ်ဝင်စားနေသည့် ကလပ်အသင်းများနှင့် ဆွေးနွေးမှုများပြုလုပ်ရန်အတွက် ဥရောပတစ်ခွင် လှည့်လည်ခရီးသွားလျက်ရှိပြီး ကွင်းလယ်ကစားသမား ဗီဒဲလ်အား မန်ယူနှင့် အင်တာမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများထွက်ပေါ်လာသည်။**



ဘာစီလိုနာအသင်း တာဝန်ရှိသူများအနေဖြင့် ယခုဇန်နဝါရီ ဈေးကွက်ကာလအတွင်း ကွင်းလယ်ကစားသမား ဗီလ်ဒဲ(၃၂ နှစ်)အား ရောင်းချဖွယ်မရှိကြောင်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သတင်းများ ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း ကွင်းလယ်ကစားသမား ဗီလ်ဒဲ၏ အေးဂျင့်ဖြစ်သူ ဖာနန်ဒိုဖီလစ်ဗစ်သည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်းဖြင့် ယခုလအတွင်းတွင် ဗီလ်ဒဲ ပြောင်းရွှေ့ရေးအတွက် ၎င်းနေထိုင်ရာ ချီလီနိုင်ငံမှ အီတလီသို့ လာရောက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု အီတလီသတင်းစာ Corriere dells Sera က ရေးသားဖော်ပြခဲ့သည်။

မန်ယူအသင်း မန်နေဂျာ ဆိုးလ်ရှားသည်လည်း ကွင်းလယ်ကစားသမား ဗီလ်ဒဲအား ခေါ်ယူခြင်းဖြင့် အသင်း၏ကွင်းလယ်ကို အင်အားဖြည့်တင်းရန် ရည်ရွယ်ထားခြင်းကြောင့် မန်ယူအသင်းသည်လည်း အေးဂျင့်ဖာနန်ဒိုဖီလစ်ဗစ်နှင့် ဆွေးနွေးမှုများပြုလုပ်ရန် လိုလားလျက်ရှိသည်ဟုဆိုသည်။ မန်ယူအသင်း၏ ကွင်းလယ်ကစားသမားများဖြစ်သည့် ပေါလ်ပေါ့ဂ်ဘာနှင့် တိုမီနေးတို့သည် ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရခြင်းကြောင့် အသင်း တာဝန်ရှိသူများသည် ကွင်းလယ်အတွက် ဗီလ်ဒဲအပြင် စပါးအသင်းကစားသမား အဲရစ်ဆင်၊ နယူးကာဆယ်အသင်း ကစားသမား လောင်းစတက်ဖ်တို့ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

လက်ရှိအချိန်တွင် ကွင်းလယ်ကစားသမား ဗီဒဲလ်သည် ဘာစီလိုနာအသင်းထံမှ ဆုကြေးငွေ ပေါင်နှစ်သန်း ရလိုမှုဖြင့် ဘာစီလိုနာအသင်းအား တရားစွဲဆိုထားသည်ဟု ဆိုသည်။ ဗီလ်ဒဲနှင့် ဘာစီလိုနာအသင်းတို့၏ သဘောတူညီမှုအရ ဗီလ်ဒဲသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း ကစားသည့်ပွဲများ၏ ၆၀ ရာခိုင်နှုန်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပါက ဆုကြေးငွေအဖြစ် ပေါင်နှစ်သန်းခံစားခွင့် ရရှိမည်ဖြစ်သည်။ ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီတွင် ဗီလ်ဒဲအနေဖြင့် ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ၅၃ ပွဲ ပါဝင်ကစားခဲ့ခြင်းကြောင့် ဗီလ်ဒဲသည် ၎င်းအနေဖြင့် ဘာစီလိုနာအသင်းထံမှ ဆုကြေးငွေ ပေါင်နှစ်သန်း ရရှိသင့်သည်ဟု ယူဆကာ ယခုကဲ့သို့ တရားစွဲဆိုထားခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းကမူ ဗီလ်ဒဲအနေဖြင့် တစ်ပွဲလျှင် အနည်းဆုံး ပွဲကစားချိန် ၄၅ မိနစ် မရှိခဲ့ခြင်းကြောင့် ဆုကြေးငွေရရှိရန် အရည်အချင်း ပြည့်မီမှုမရှိဟု သုံးသပ်ထားသည်။

**ထက်အောင်**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း


၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **သီရိ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသော **SME-Development Bank ဥက္ကဋ္ဌ ဒေါ်စန်းစန်းရီနှင့် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်နန္ဒာလှိုင်**တို့အား SME-Development Bank မှ အထူးပင် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါကြောင်းနှင့် သာသနာပြုလုပ်ငန်းများကို ယခုထက်ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာဇေယျာညွန့်**
**အမှုဆောင်အရာရှိချုပ်၊ SME-Development Bank**
**အဖွဲ့ဝင်၊ အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊**
**အဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီနှင့်**
**ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၂၀ပြည့်နှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **သီရိ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသော **SME-Development Bank ဥက္ကဋ္ဌ ဒေါ်စန်းစန်းရီနှင့်ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်နန္ဒာလှိုင်**တို့အား SME-Development Bank မှ အထူးပင် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါကြောင်း နှင့် သာသနာပြုလုပ်ငန်းများကို ယခုထက်ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။


**ဒေါက်တာဇေယျာညွန့်**
**အမှုဆောင်အရာရှိချုပ်၊ SME-Development Bank**
**အဖွဲ့ဝင်၊ အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊**
**အဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ၊**
**ဇနီး**
**သီရိသုဓမ္မသိင်္ဂီ ဒေါ်အိသန္တာဘို**
**(MD-Asia Luxury Group Co.,Ltd)**




## Summit of Leader 2019 ဂုဏ်ယူဝမ်းမြောက်ခြင်း

UK Oxford Summit of Leader 2019 မှချီးမြှင့်သော The Socrates Committee မှ ပေးအပ်ချီးမြှင့်သော SME Leadership and Innovatives ဆုအား ၁၇-၁၂-၂၀၁၉ ရက်တွင် UK Oxford Townhall တွင် SME-Development Bank အား ချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်းရှင်များအား အနာဂတ်တွင် အားကိုးအားထားပြုနိုင်သော ဘဏ်တစ်ခုဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါ်စန်းစန်းရီ**
**(C.E.O,Superone Co.,Ltd)**




## Summit of Leader 2019 ဂုဏ်ယူဝမ်းမြောက်ခြင်း

UK Oxford Summit of Leader 2019 မှချီးမြှင့်သော The Socrates Committee မှ ပေးအပ်ချီးမြှင့်သော SME Leadership and Innovatives ဆုအား ၁၇-၁၂-၂၀၁၉ ရက်တွင် UK Oxford Townhall တွင် SME-Development Bank အား ချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်းရှင်များအား အနာဂတ်တွင် အားကိုးအားထားပြုနိုင်သော ဘဏ်တစ်ခုဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**I.Q Vision မိသားစု**

"ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ" နိုင်ငံတော်သမ္မတမှ
ပေးအပ်ချီးမြှင့်သော
ဂုဏ်ထူးဆောင်ဆု
အထူးဂုဏ်ထူးဆောင်ဆု
အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရှည်ဆု
နိုင်ငံ့စွမ်းဆောင်ရှည်ဆု (၃) ထပ်ကွမ်း နှင့်

**"အာဆီယံ ထူးချွန်စံပြ စီးပွားရေးလုပ်ငန်းရှင် (ASEAN The Legacy Award) ဆု" ရ**
**ကမ္ဘောဇဘဏ်လီမိတက် နာယက**
**"ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ၊ ဦးအောင်ကိုဝင်း" အတွက်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇ ဘဏ်သည် နိုင်ငံတော် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂၀၁၂) ခုနှစ်မှ (၂၀၁၉) ခုနှစ်အထိ အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၇) နှစ်ဆက်တိုက် ဝင်ငွေခွန် စုစုပေါင်း ကျပ်ငွေ (၁၃၈.၇၅) ဘီလီယံ ထမ်းဆောင်ခဲ့ခြင်း "**နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုဘာသာ၊ နေရာဒေသမရွေး စုစုပေါင်းကျပ်ငွေ (၁၅၆) ဘီလီယံကျော်**" လှူဒါန်းခဲ့ခြင်း နှင့် နိုင်ငံတော် နှင့် ပြည်သူလူထု ဘဝ တိုးတက်မြှင့်မားရေးအတွက် ထူးခြားစွာ ဆောင်ရွက်ပေးခဲ့ခြင်းများ ကြောင့်

"ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ နိုင်ငံတော် သမ္မတ" မှ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် - (၂/၂၀၂၀) ဖြင့် အရပ်ဘက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင်များတွင် ပထမဆုံး နှင့် အမြင့်ဆုံးဖြစ်သော "**သရေစည်သူဘွဲ့**" ကို "**ကမ္ဘောဇဘဏ် လီမိတက် နာယက ဦးအောင်ကိုဝင်း**" အား ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း "**မြန်မာ အလင်္ကာ အုပ်စုကုမ္ပဏီလီမိတက်**" မှ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်

BOR

Myanmar Alinkar Group Co.,Ltd.

JASMINE PALACE HOTEL
YANGON · MYANMAR

Jasmine Palace Construction

Jasmine Ngapali Resort

Brighter Energy Company Limited

JASMINE PALACE TRAVEL & TOURS

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၄ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံးသာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များဖြစ်ကြသည့် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP) နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION)တို့၏ Chairman & Founder ဦးစိုင်းမျိုးဝင်းနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ကို ဇနီးဒေါ်နန်းခင်မြင့်ရီ Senior Vice Chairman & Co-Founder** တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက်အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့်အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သောသာသနာပြုဇနီးမောင်နှံဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးမောင်မောင်ဦး-ဇနီး ဒေါ်နန်းစောမွန်**

**တူလေး စိုင်းကျော်ဇောထက်ဟိန်း**

**တူမလေး နန်းစုရည်လင်းထက် မိသားစု**

# မြန်မာနိုင်ငံဘဏ်များအသင်း နာယက ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀) ဖြင့်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက ချီးမြှင့်သည့် သရေစည်သူဘွဲ့ကို
မြန်မာနိုင်ငံဘဏ်များအသင်း နာယကနှင့် ကမ္ဘောဇဘဏ်လီမိတက် နာယက
ဦးအောင်ကိုဝင်းက ရရှိသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုးတို့၍
ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်ဘဏ်များ
မြန်မာနိုင်ငံဘဏ်များအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် အစ်ကိုကြီး**ဦးသိန်းဝင်းဇော်၏ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်လတ်မင်း(Director-Shwe Byain Phyu Co.,Ltd)**အား ၂၀၂၀ပြည့်နှစ် (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် **"အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာ အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ညီမ-မနီနီဝင်း၊ မအေးအေးဝင်း**
**တူမ-မကျော့ဟေသီကို**
**ZTH စက်သုံးဆီအရောင်းဆိုင်**
**မိသားစု**

## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၉-၂၀၂၀ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်)တွင် **တစ်နိုင်ငံလုံး သင်္ချာစွမ်းရည် ပထမဆု**ကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့သော **ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မင်းဘူးမြို့**မှ Grade(9)ကျောင်းသူသမီးလေး **မသွန်းနဒီဦး**အား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ထူးချွန်ထက်မြက်အောင်သင်ကြားပေးသော ဆရာကြီး၊ ဆရာမကြီးများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ကျောင်းစီမံခန့်ခွဲမှုကော်မတီ**
**ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း**
**နဂါးနီစီးပွားရေးလုပ်ငန်းစု**
**မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး။**

### အမည်ပြောင်း

တပ်ကုန်းမြို့နယ် ထန်းတောကြီး အထက(ခွဲ) သတ္တမတန်းမှ မောင်ကောင်းမြတ်သူအား ယနေ့မှစ၍ မောင်အာကာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အာကာဖြိုး**

### အမည်မှန်

မိုးမိတ်ခရိုင် မိုးမိတ်မြို့ အထက ညောင်ပင်စောက်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဇင်မင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၃/မမတ(နိုင်)၀၃၂၀၀၆ ဖြစ်ပါကြောင်း။

**ဦးထွန်းဝင်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော်စိုင်းဝင်းကျော် ၁၃/ဆဆန(နိုင်)၀၉၆၃၆၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၇၇၇၅၂၄၅**

### ဖခင်အမည်မှန်

ခါမ်းပါတ်မြို့ အထက(ခွဲ) ဆဋ္ဌမတန်း(B)မှ မောင်ရှန်းလျန်းဘွေ၏ ဖခင်အမည်မှန်မှာ ဦးမစ်စီထန်း ၅/ခပန(နိုင်)၀၀၇၂၃၀ ဖြစ်ပါကြောင်း။

**ဦးမစ်စီထန်း**

### ဖခင်အမည်မှန်

ခါမ်းပါတ်မြို့ အထက(ခွဲ) သတ္တမတန်း(A)မှ မဘွေထာနှမ်းနှင့် ပဥ္စမတန်းမှ မောင်ကီးလ်လျန်ဘိခ်တို့၏ ဖခင်အမည်မှန်မှာ ဦးဇာဘိမ်လျန်း ၄/ဖလန(နိုင်)၀၄၀၉၅၅ ဖြစ်ပါကြောင်း။

**ဦးဇာဘိမ်လျန်း**

### တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အထက နဘက် နဝမတန်းမှ မောင်ဖုန်းခန့်ကျော်၏ဖခင် ဦးကျော်စွာလင်း ၅/ကလထ(နိုင်)၁၈၈၀၂၇နှင့်ဦးဖိုးကျော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျော်စွာလင်း(ခ)ဦးဖိုးကျော်**

### မွေးသက္ကရာဇ်အမှန်

ဦးမြင့်ဇော်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တင်သားကျေးရွာနေ မမေသူဇော် ၅/ကလထ(နိုင်) ၂၂၈၄၂၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၁၉၉၉ ဖြစ်ပါကြောင်း။

# သံအမတ်ကြီးဒေါက်တာလှမောင်+ဒေါ်ခင်မြင့်ရီတို့အတွက်
# (၆၅)နှစ်မြောက် စိန်ရတုမင်္ဂလာနှစ်ပတ်လည် ဆုတောင်း

(၁၀. ၁. ၂၀၂၀)နေ့တွင်ကျရောက်သော စိန်ရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် နဝရတ်ရတုမင်္ဂလာနှစ်ပတ်လည်တိုင် ချစ်သော သား၊ သမီး၊ မြေး၊ မြစ်တို့နှင့်အတူ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာ၊သာသနာအကျိုးနှင့် လူမှုရေးအကျိုးများကို ကျန်းမာ၍ရွှင်လန်းတက်ကြွစွာ ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းဆန္ဒပြုလျက် -

**သားသမီးများ**

ခင်မာနွယ်+ခင်မောင်အေး
ခင်မာသွယ်+တင်ဝင်းဦး
Drစိုးလှအောင် (ခေတ္တ-US)
Drသန်းလှအောင်+Drသွယ်ဦး(ခေတ္တ-UK)
သန်းဇော် (ခေတ္တ-US)
စိန်ဘန်း+ဖြူမီဇော် (ခေတ္တ-စင်္ကာပူ)

**မြေးများ**

Drအောင်နိုင်ထူး+Drမရှိုင်း(နယူးဇီလန်)
အိမ်ရွှေစင်+Drအေးမင်းထွန်း
Drအေးချမ်းသူ (ခေတ္တ-UK)
မြင့်သီရိဝင်း
Drလင်းလက်အောင် (ခေတ္တ-UK)

**မြစ်ဦးလေး**

ထွန့်ဦးမင်း (ခ) အော်စကာ (ဖိုးထူးလေး)

## သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီ ၁၈ရက်မှ ၂၆ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဇဝနတိက္ခ(မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၁၈ရက်(စနေနေ့) ညနေ ၅:၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၄၂၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁ တို့သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တမြို့လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဒေဝီ ၁/ဝမန(နိုင်) ၀၃၄၀၉၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၇၅၁၉၇၈

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဘားနူးဘောက်သား ၁/မကန(နိုင်)၀၀၂၃၈၂ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၅၀၂၂၈

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း ($E_1$)မှ မောင်မုန်ဆန်နော်၏ အမည်မှန်မှာ မောင်ဂွမ်ရှာမုန်ဆန်နော်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၀-၂၀၀၀ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဂွမ်ရှာဘောမ်ဆိုင်း ၁/မကန(နိုင်)၁၇၅၄၇၈ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3008 ယာဉ်၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ဖြင့် (၇၂)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် **ဦးနေထက်သိန်းနိုင် (Chairman) First Yoe Yoe Lay Construction Co.,Ltd.** အား "**သီဟသုဓမ္မမဏိဇောတဓရ**"ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာသာသနာအကျိုးများကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**First Yoe Yoe Lay Construction Co.,Ltd**
**ကုမ္ပဏီဝန်ထမ်းများ(နေပြည်တော်)**

## ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ကယားပြည်နယ်၊လွိုင်ကော်မြို့၊ နက(၃၇၀)၊ရောင်နီဦးလမ်း၊နမ့်ကွတ်ရပ်ကွက်နေ
**ဦးကြည်စိုး(သုဓမ္မမဏိဇောတဓရ)**
**မန်နေးဂျင်းဒါရိုက်တာ - ဧရာမြတ်ပြည်ကုမ္ပဏီလီမိတက်** အား
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၁၇ ခုနှစ်တွင် ပေးအပ်သော
သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ဆိုင်ရာ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ကို
ချီးမြှင့်ခဲ့ပြီး ဆက်လက်၍ ၂၀၂၀ ခုနှစ်တွင် ပေးအပ်သော
**သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော်ကို
ထပ်မံချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက်
ဧရာမြတ်ပြည်ကုမ္ပဏီ ဝန်ထမ်းများမှ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
ထပ်ဆင့်ဘွဲ့တံဆိပ်တော်များလည်း ထပ်မံရရှိပါစေကြောင်းဆုမွန်တောင်းလျက်
မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

ဧရာမြတ်ပြည်ကုမ္ပဏီဝန်ထမ်းများ
(၆. ၁. ၂၀၂၀)၊တနင်္လာနေ့

## ဖခင်အမည်မှန်

မန်စီမြို့နယ်၊ ကောင်ရာရပ်ကွက်နေ မောင်ဆွတ်ရိန်အောင်၏ ဖခင်အမည်မှန်မှာ ဦးဖော်လုချန်လွမ်း ၁/မစန(နိုင်) ၀၃၉၃၆၂ ဖြစ်ကြောင်း။

**ဦးဖော်လုချန်လွမ်း**

## ဖခင်အမည်မှန်

တောင်ကြီးတက္ကသိုလ် အဝေးသင်စတုတ္ထနှစ်(ပထဝီ)ဖြင့် အောင်မြင်သူ မဝင်းနွယ်ဦး၊ အင်တော‌မြို့ အထက သတ္တမတန်း(C) မှ မောင်ကျော်လှိုင်ဝင်းနှင့် ပဉ္စမတန်း (ခ) မှ မောင်နိုင်လင်းထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၁၃/ရစန(နိုင်)၀၆၁၅၉၄ ဖြစ်ပါကြောင်း။

**ဦးဇော်လင်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-SHN/10966 Honda Wave 110 ယာဉ်ပိုင်ရှင် ဒေါ်ခင်စိုး ၁၃/တကန(နိုင်)၂၇၇၆၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ရိုးရာနှစ်သစ်ကူးပွဲတော် ဖိတ်ကြားလွှာ

ရန်ကုန်မြို့ ယူနန်မိသားစုဝင်များ၏ ရိုးရာနှစ်သစ်ကူးပွဲတော်တွင် အသက်(၇၅)နှစ်အထက် အသင်းဝင်သက်ကြီးရွယ်အို မိဘ/ဆရာများအား ကန်တော့ခြင်းနှင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြီး ညနေစာကို ဘူဖေးဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပါ၍ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အသင်းဝင်မိသားစုများနှင့် မိတ်ဆွေသင်္ဂဟများအား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပြီး အသင်းသားများ လိပ်စာပြောင်းခြင်းနှင့် အသင်းမဝင်ရသေးသော ယူနန်မိသားစုများရှိပါက လိပ်စာပါအတိုင်း ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၃ နာရီမှ ည ၉ နာရီအထိ
**ကျင်းပမည့်နေရာ** - လှိုင်မင်္ဂလာခန်းမ၊ အမှတ်(၂၂/က)၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ သမိုင်းဆေးရုံမျက်နှာချင်းဆိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

**မှတ်ချက်**

၂၉-၁-၂၀၂၀ ရက်မတိုင်မီ အသက်(၇၅)နှစ်အထက် အသင်းဝင်များမှ စာရင်းပေးပို့ရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင် ကျောင်းသား/သူများသည် ဂုဏ်ပြုချီးမြှင့်ရန်အတွက် ကာလာလိုင်စင် ဓာတ်ပုံ(၂)ပုံဖြင့် ဘုံကျောင်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးပါရန် အသင်းသူ/သားများအား အကြောင်းကြားအပ်ပါသည်။

**ရန်ကုန်-ယူနန်လူမှုကူညီရေးအသင်း**
**အမှတ်(၂၂/က)၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီး၊ သမိုင်းဆေးရုံမျက်နှာချင်းဆိုင်**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၅၃၂၂၅၊ ၀၁-၆၅၃၂၂၆၊ ၀၁-၆၆၀၂၀၃**
**၀၉-၇၃၀၁၂၂၈၊ ၀၉-၇၃၀၁၂၂၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3K/6555 Mini Coopers ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကိန်ခိုင် ၁၃/တခလ(နိုင်)၀၄၅၈၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ပျောက်ဆုံးကြောင်း

ကျွန်မ အီဒါခမ်း ၁၃/မယတ(နိုင်) ၀၂၅၉၉၉ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၄၇၃၁၃၂၄

## ပျောက်ဆုံးကြောင်း

ကျွန်မ မအီလာ ၁၃/မဖန(နိုင်) ၀၂၃၆၄၅ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၆၆၁၃၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ မြင်သာရပ်ကွက်နေ ဦးဝင်းဗိုလ်မှ ကွင်း/အကွက်အမှတ် ၁၃/မြင်သာအရှေ့၊ ဦးပိုင်အမှတ် ၊၈၄/၊၉၄၊ ဧရိယာ ၀ဒသမ၁၂၀ဧကရှိမြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ စက်မှုစီးပွားမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၉၅)၊ ဒေါ်ခင်မျိုးလွင်အမည်ပေါက်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဆန်းကျီးကူးမာ(ရ်) ၁၂/ပဘတ(နိုင်)၀၁၆၄၅၂ မှ မြေငှားစာချုပ်(ဂရန်)ပြုလုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ(နေပြည်တော်)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းရှဲန်လူ ၁၃/မပလ(နိုင်) ၀၄၈၅၆၈ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၄၈၆၆၇၀၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်ရတနာရပ်ကွက်နေ ဦးသိန်းဝင်းမှ ကွင်း/အကွက်အမှတ် (၄-ရန်ပယ်မြောက်) ဦးပိုင်အမှတ်(၃၉၀)၊ ဧရိယာ ၀ဒသမ၀၆၀ဧကရှိ မြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့်မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် (၄၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ (၄၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၂-၂-၂၀၂၀ ရက် (စနေနေ့) တွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၁-၂-၂၀၂၀ ရက် (သောကြာနေ့)တွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနား၌ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၁။ **တင်ဒါစတင်တင်သွင်းနိုင်သည့်ရက်** - ၁၀-၁-၂၀၂၀ရက် (သောကြာနေ့)
၂။ **တင်ဒါပိတ်မည့်ရက်** - ၂၈-၁-၂၀၂၀ ရက် (အင်္ဂါနေ့)
၃။ **တင်ဒါဖွင့်မည့်ရက်** - ၃၀-၁-၂၀၂၀ ရက် (ကြာသပတေးနေ့)
၄။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၁-၇၅၇၀၈၄၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံနှင့်ဗီဒီယိုတင်ဒါရွေးချယ်ရေးကော်မတီ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)မှ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် Procurement of Consultants Service for RFP No.17 NVFC Pilot Stage 2: Drafting detailed NVFC Mandatory Module Training Materials for Levels 1 to 3 လုပ်ငန်းအတွက် ၇-၁-၂၀၂၀ ရက်မှ ၃၁-၁-၂၀၂၀ ရက်အထိ ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါကြောင်း နှင့် အသေးစိတ်ကြည့်ရှုလိုပါက http://www.moe-st.gov.mm နှင့် http://www.themimu.info တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန်းထွန်း၊ ညွှန်ကြားရေးမှူး ဖုန်း- ၀၆၇-၄၀၇၁၁၂၊ ၀၉-၂၅၀၁၀၁၂၂၉၊ drwinthantun@moe.edu.mm သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

# အိတ်ဖွင့်တင်ဒါပိတ်ရက် ပြောင်းလဲကြောင်းကြော်ငြာခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၁၉-၂၀၂၀)ခု၊ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး (New Yangon Specialist Hospital)အတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါပိတ်သိမ်းမည့်ရက်ပြောင်းလဲကြောင်း ကြော်ငြာအပ်ပါသည်။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ယခင်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၁-၂၀၂၀ရက်၊ မွန်းတည့် ၁၂နာရီ
ပြောင်းလဲပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၆-၂-၂၀၂၀ရက်၊ မွန်းတည့် ၁၂နာရီ
ဆက်သွယ်ရန်ဖုန်း - ၀၆၇-၃၄၁၁၅၁၀၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ (၁၇)ကြိမ်မြောက် B.E ဘွဲ့အတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ (၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၂၂-၂-၂၀၂၀ရက်(စနေနေ့) နံနက် ၉:၀၀နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၂၃-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ ၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - B.E ဘွဲ့အတွက် -၁၅၀၀/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) **အဝေးရောက်ဘွဲ့** - B.Eဘွဲ့အတွက်-၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)
B.Techဘွဲ့အတွက်-၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော(တစ်လမခွဲxနှစ်လက်မ)အရွယ်ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့)မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်(မော်လမြိုင်)ရှိ ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ပြည့်စုံစွာဖြည့်စွက်ပြီး ၃၁-၁-၂၀၂၀ရက်(သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များစုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(မော်လမြိုင်)ရှိကျောင်းသားရေးရာဌာန ဖုန်း-၀၉-၄၅၆၅၅၅၀၃ တွင် စုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**နည်းပညာတက္ကသိုလ်(မော်လမြိုင်)**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၈-၁-၂၀၂၀ မှ ၁၄-၁-၂၀၂၀ ထိ နေ့စဉ်နံနက် ၉:၃၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၄-၁-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊သိမ်ဖြူလမ်း၊ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ အမှတ်စဉ်(၂/၂၀၁၉-၂၀၂၀)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်) နေပြည်တော်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝယ်ယူမည့်ဘေလီနှင့် ဆက်စပ်ပစ္စည်းများအား ဌာနဂိုဒေါင်နှင့် ကွင်းနေရာများအရောက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၉ ရက် (သောကြာနေ့)မှ ၂၄-၁-၂၀၂၀ ရက် (တနင်္လာနေ့)ထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်/အချိန်** - ၂၈-၁-၂၀၂၀ ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း)
၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)
**တင်ဒါလျှောက်လွှာ** - ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊
**တင်သွင်းရမည့်နေရာ** ရန်အောင်(၂)၊ နယ်မြေ(၆)၊ ရှမ်းကန်အနီး၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၄၈၂၈
၅။ **တင်ဒါဖွင့်မည့်ရက်** - ကြေညာပါမည်။
၆။ အသေးစိတ်အချက်အလက်များကို အထက်စာပိုဒ်(၅)ပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၂)ရန်ကုန် ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရန် အိတ်ဖွင့်တင်ဒါကြော်ငြာစာ

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ (၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၅-၂-၂၀၂၀ရက် (စနေနေ့)တွင် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၄-၂-၂၀၂၀ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမတွင်း (အပြင်မပါ) ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးအတွက် ဓာတ်ပုံရိုက်ကူးလိုသူများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါ သည်။

၂။ **တင်ဒါပိတ်ရက်နှင့်ဖွင့်ရက်**
တင်ဒါပိတ်ရက် (၃၀-၁-၂၀၂၀)ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀ နာရီ
တင်ဒါဖွင့်ရက် (၃၀-၁-၂၀၂၀)ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ : ၀၀ နာရီ

၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၁-၉၆၉၂၁၅၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း တင်ဒါအမှတ်စဉ်(၅/၂၀၁၉-၂၀၂၀)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ လမ်းလုပ်ငန်းများဆောင်ရွက်ရန် အတွက် လိုအပ်သည့် လမ်းခင်းကျောက်နှင့် လုပ်ငန်းသုံးပစ္စည်းများကိုလမ်းအလိုက်၊ လမ်းပိုင်းအလိုက် လုပ်ငန်းခွင် အရောက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစားအရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၇-၁-၂၀၂၀ရက်မှစ၍ ဖော်ပြထားပါမည်။

**မှတ်ချက်။** ။ လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီကြောင်း လမ်းဦးစီးဌာနသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ စမ်းသပ်စစ်ဆေးချက်အဖြေလွှာ (Test Result) ပါရှိမှသာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်**- ၃၀-၁-၂၀၂၀ရက်
၂။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၇-၂-၂၀၂၀ရက်(၁၂:၀၀)နာရီ
၃။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၈-၂-၂၀၂၀ရက် ၁၀:၀၀နာရီ
၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အထူးအဖွဲ့(၂၀)ရေကြည်မြို့

တင်ဒါလျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၊ ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁)တွင် ၃၀-၁-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)**
**ရေကြည်မြို့**
**ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးတင်ဒါစိစစ်ရေးကော်မတီ မန္တလေးတိုင်းဒေသကြီး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အောက်ဖော်ပြပါ အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအမည် |
|---|---|
| Lot-1 | တည်ဆောက်ရေးလုပ်ငန်းများ<br>အရာထမ်းနေအိမ်(၂)ခန်းတွဲ(၅၂x၄၀)ပေ RC(၃)ထပ်(၁)လုံး(အမရပူရ)<br>အမှုထမ်းနေအိမ်(၄)ခန်းတွဲ(၁၀၀x၃၂)ပေ RC(၃)ထပ်(၁)လုံး(အမရပူရမြို့) |
| Lot-2 | အရာထမ်းနေအိမ်(၂)ခန်းတွဲ (၅၂x၄၀)ပေ RC(၃)ထပ်(၁)လုံး(အမရပူရ)<br>အမှုထမ်းနေအိမ်(၄)ခန်းတွဲ (၁၀၀x၃၂)ပေ RC(၃)ထပ်(၁)လုံး(အောင်မြေသာစံမြို့နယ်) |
| Lot-3 | ခရိုင်ရုံး RC(၂)ထပ်(၃၀x၈၄)ပေ (၁)လုံး(မိတ္ထီလာ)<br>အမှုထမ်းနေအိမ်(၄)ခန်းတွဲ(၁၀၀x၃၂)ပေ RC(၃)ထပ်(၁)လုံး(မိတ္ထီလာ) မိတ္ထီလာရိပ်သာပြင်ဆင်ခြင်း (၄၁x၃၀)ပေ RC(၁)ထပ်(မိတ္ထီလာ) |
| Lot-4 | မြို့နယ်ရုံးနှင့်အမှုထမ်းနေအိမ်(၄)ခန်းတွဲ<br>(၁၀၀x၃၂)ပေ(၁)လုံး RC(၃)ထပ်(မတ္တရာ) |
| Lot-5 | ခြံစည်းရိုးခတ်ခြင်း(တိုင်းရုံး)(၆၀၆)ပေ(အမရပူရ) |
| Lot-6 | ကွန်ကရစ်လမ်းခင်းခြင်းပေ(၂၀၀၀)(အမရပူရ) |

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးသို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၂၀ရက်(သောကြာနေ့)
**တင်ဒါလျှောက်လွှာနောက်ဆုံးထားတင်သွင်းရမည့်ရက်/အချိန်** - ၄-၂-၂၀၂၀(အင်္ဂါနေ့)ညနေ ၁၆:၃၀နာရီ
**လိပ်စာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး၊ အာရှဘဏ်လမ်း၊ မှန်တန်းရပ်၊ အမရပူရမြို့နယ်၊ ဖုန်း-၀၂-၄၀၅၆၀၂၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၂၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် Ph.D(IT) ဘွဲ့သင်တန်း၊ M.C.Sc./M.C.Tech. ဘွဲ့သင်တန်းနှင့် B.C.Sc./B.C.Tech. ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၂၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေဘွဲ့နှင်းသဘင်ခန်းမတွင် ၆-၂-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီတွင် အစမ်းလေ့ကျင့်ပွဲနှင့် ၉-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီတွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို www.ucsy.edu.mmတွင် download ရယူဖြည့်သွင်း၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ပြန်လည်ပေးပို့ခြင်း (သို့မဟုတ်) http://tiny.cc/convocation-form တွင် online ဖြည့်သွင်းလျှောက်ထားခြင်းတို့ပြုလုပ်ပြီး (၃) လအတွင်း ရိုက်ကူးထားသော 2"x1 1/2" အရွယ်ဓာတ်ပုံ(၃)ပုံနှင့်အတူ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၂ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ ကျပ် (တစ်ထောင့်ငါးရာကျပ်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ ကျပ် (တစ်ထောင်ကျပ်တိတိ) ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် ပေးသွင်းရပါမည်။

၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရပါမည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal money order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်း မရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၉-၄၄၃၄၄၀၄၇၈/၀၉-၄၄၃၄၄၀၄၇၉ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်း)**
**ကျောင်းသားရေးရာဌာန**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

**ဖခင် အမည်မှန်**

နမ့်ခမ်းမြို့၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အထက(၂)နဝမတန်းမှ လွေးအေခိုင်ခိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအိုက်အောင်မြတ် ၁၃/နခန(နိုင်)၀၅၁၈၇၃ ဖြစ်ပါကြောင်း။ **ဦးအိုက်အောင်မြတ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၄၇၉၆ Honda Scoopy M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုရဲ ၉/အမဇ(နိုင်)၀၆၁၂၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/9687 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်း**နှင့် **"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဖေဖေ၊ မေမေ - (ဦးအိုက်ကြူ) + ဒေါ်ရွှေရင်
အစ်မကြီး - ဦးတင်လှိုင်ဦး + ဒေါ်ခင်မေလှ
အစ်မ - ဦးမောင်အုန်း + ဒေါ်နန်းခင်မြသိန်း
အစ်ကို - ဦးစိုင်းကျော်မြင့် + ဒေါ်နန်းဆိုင်ဖောင်
ညီမ - ဦးစိုင်းလှအောင် + ဒေါ်ဆုသက်ပိုင်
မောင် - ဦးစိုင်းသန်းအောင် + ဒေါ်ချိုချိုမြင့်
တူမ - ဦးကျော်သက်အောင် + ဒေါ်ချယ်ရီဦး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်၊မကွေး၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ဆေးတက္ကသိုလ်၊ မကွေး၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း - ၆-၃-၂၀၂၀ရက် (သောကြာနေ့) နံနက်ပိုင်း

ဘွဲ့နှင်းသဘင် - ၇-၃-၂၀၂၀ရက် (စနေနေ့) နံနက်ပိုင်း

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အောက်ဖော်ပြပါ အကျုံးဝင်သူများ လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၉ခုနှစ်၊ ဇွန်လမှစ၍ ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့အောင်မြင်ပြီးသူများ။

(ခ) ၂၀၁၈ခုနှစ်၊ ဇွန်လတွင် နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ) (၆/၂၀၁၇)(၁) နှစ်သင်တန်းနှင့် နောက်ဆုံးအမ်ဘီဘီအက်စ်အပိုင်း(ခ) (၇/၂၀၁၆)သင်တန်း (နောက်ဆက်တွဲ)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး (လျှောက်လွှာပိတ်ရက်)တွင် အလုပ်သင်ဆရာဝန်တာဝန် (၁)နှစ် အပြည့်အဝ ထမ်းဆောင်ပြီးသူများ။

(ဂ) ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၇)သင်တန်း အတန်းတင်(ပုံမှန်)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး (လျှောက်လွှာပိတ်ရက်)တွင် အလုပ်သင်ဆရာဝန်တာဝန်(၁)နှစ် အပြည့်အဝ ထမ်းဆောင်ပြီးသူများ [ထိုကာလမတိုင်မီက အလုပ်သင်ဆရာဝန် တာဝန် (၁)နှစ် ထမ်းဆောင်ပြီးဆုံး၍ ဘွဲ့နှင်းသဘင်မတက်ရောက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထား ခွင့်ရှိသည်။]

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တက်ရောက်ဘွဲ့ - ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်တိတိ)

(ခ) အဝေးရောက်ဘွဲ့ - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

(ဂ) လျှောက်လွှာပိတ်ရက် - ၇-၂-၂၀၂၀ရက် (သောကြာနေ့)

၄။ သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံး ရိုက်ကူးထားသော ၁ ၁/၂ x ၂" ရောင်စုံဓာတ်ပုံ(၆)ပုံ (အမျိုးသားများသည် လည်ကတုံး ရှပ်နှင့် တိုက်ပုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်နှင့် အမျိုးသမီးများသည် မြန်မာအင်္ကျီရင်ဖုံး (သို့မဟုတ်)ရင်စေ့ နားရွက်ပေါ်ပုံဖြစ်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း- ၀၆၃-၂၀၂၃၇၀၁/၀၂၊ လိုင်းခွဲ-၁၁၀)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ လည်ကတုံးရှပ်နှင့် တိုက်ပုံ/ အနောက်တိုင်းဝတ်စုံအပြည့်/ တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊ အင်္ကျီ)/တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်း မရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**စီစီသန်း**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်၊ မကွေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)
## ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၏(၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၏ ၂၀၁၈-၂၀၁၉ပညာသင်နှစ်၊ ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)သင်တန်းနှင့် ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech)သင်တန်း စာမေးပွဲအောင်မြင်သူများအတွက် ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၏(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၊ ရွှေဝါထွန်းခန်းမတွင် ၁၅-၂-၂၀၂၀ ရက် (စနေနေ့) အစမ်းလေ့ကျင့်ပွဲနှင့် ၁၆-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)တွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့်(၃)လအတွင်း ရိုက်ကူးထားသော(၁ ၁/၂"x၂")အရွယ် ဓာတ်ပုံ(၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ) ၏ ငွေစာရင်းဌာနတွင်ပေးသွင်းရမည်။

၄။ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပသည့် အသေးစိတ်အစီအစဉ်ကို ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၉-၇၈၃၅၄၃၉၀၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း လက်အောက်ရှိအထည်စက်ရုံများတွင် ကျောင်းစိမ်းပိတ်များ ရက်လုပ်ရန်အတွက် လိုအပ်သော ၂/၈၀စီချည်ကုံး အနက်ရောင်(ပြည်ပ) (၅၀၁၅၀)ပေါင်နှင့် ၂/၃၂စီလွန်ချည်ကုံးအစိမ်းရောင်( ပြည်ပ)(၈၅၂၀၀) ပေါင်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | ၀၂/ချည်ကုန်ကြမ်း/၂၀၁၉-၂၀၂၀ |
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၀-၁-၂၀၂၀ရက်(သောကြာနေ့) |
| **တင်ဒါပိတ်ရက်** | - | ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့) |

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင်စုံစမ်းနိုင်ပါသည်။

**ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂**

## တောင်ငူတက္ကသိုလ်
## (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ တောင်ငူတက္ကသိုလ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဘွဲ့ရရှိကြပြီးသူများအတွက် တောင်ငူတက္ကသိုလ်၊ (၁၈)ကြိမ်မြောက် ဘွဲ့နှင်း သဘင်ကို တောင်ငူတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) **၁၅-၂-၂၀၂၀ရက်(စနေနေ့) နံနက်ပိုင်း နံနက် ၉:၀၀နာရီ**

မဟာဝိဇ္ဇာဘွဲ့(၂၀၁၈-၂၀၁၉)ပညာသင်နှစ်(အင်္ဂလိပ်စာ)
မဟာသိပ္ပံဘွဲ့(၂၀၁၈-၂၀၁၉)ပညာသင်နှစ်(ဓာတုဗေဒ၊ ဘူမိဗေဒ)
မဟာဥပဒေဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(ဥပဒေပညာ)
ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ် (အင်္ဂလိပ်စာ၊ ပထဝီဝင်)
သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(ဓာတုဗေဒ၊ ဘူမိဗေဒ)
ဥပဒေဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(ဥပဒေပညာ)
ဝိဇ္ဇာဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(အင်္ဂလိပ်စာ၊ သမိုင်း)
သိပ္ပံဘွဲ့(၂၀၁၈-၂၀၁၉)ပညာသင်နှစ်(ဓာတုဗေဒ၊ ဘူမိဗေဒ)
အစမ်းလေ့ကျင့်ရက် ၁၃-၂-၂၀၂၀ရက်(ကြာသပတေးနေ့)
နံနက် ၉:၀၀နာရီ

(ခ) **၁၅-၂-၂၀၂၀ရက် (စနေနေ့) မွန်းလွဲပိုင်း၊ မွန်းလွဲ ၁:၀၀နာရီ**

မဟာဝိဇ္ဇာဘွဲ့ (၂၀၁၈-၂၀၁၉) ပညာသင်နှစ်(ပထဝီဝင်)
မဟာသိပ္ပံဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(ရူပဗေဒ၊ သတ္တဗေဒ)
သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ် (ရူပဗေဒ၊ သတ္တဗေဒ)
ဝိဇ္ဇာဘွဲ့ (၂၀၁၈-၂၀၁၉) ပညာသင်နှစ်(ပထဝီဝင်၊ အရှေ့တိုင်းပညာ)
သိပ္ပံဘွဲ့ (၂၀၁၈-၂၀၁၉) ပညာသင်နှစ် (ရူပဗေဒ၊ သတ္တဗေဒ)
အစမ်းလေ့ကျင့်ရက် (၁၃-၂-၂၀၂၀)ရက် (ကြာသပတေးနေ့)
(မွန်းလွဲ ၁:၀၀နာရီ)
သိပ္ပံဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ် (ရူပဗေဒ၊ သတ္တဗေဒ)
အစမ်းလေ့ကျင့်ရက်(၁၃-၂-၂၀၂၀ရက်) (ကြာသပတေးနေ့)
(နံနက် ၉:၀၀နာရီ)

(ဂ) **၁၆-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း၊ နံနက် ၉:၀၀နာရီ**

မဟာဝိဇ္ဇာဘွဲ့ (၂၀၁၈-၂၀၁၉)ပညာသင်နှစ်(မြန်မာစာ)
မဟာသိပ္ပံဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(သင်္ချာ)
ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(မြန်မာစာ)
သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ်(သင်္ချာ၊ ရုက္ခဗေဒ)
ဝိဇ္ဇာဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ် (မြန်မာစာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ)
သိပ္ပံဘွဲ့(၂၀၁၈-၂၀၁၉) ပညာသင်နှစ် (သင်္ချာ၊ ရုက္ခဗေဒ)
ကွန်ပျူတာဒီပလိုမာဘွဲ့
အစမ်းလေ့ကျင့်ရက် (၁၃-၂-၂၀၂၀ရက်) (ကြာသပတေးနေ့)
မွန်းလွဲ ၁:၀၀နာရီ

၂။ ဘွဲ့နှင်းသဘင် တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို တောင်ငူတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား တင်ပြတောင်းယူ၍ ပတ်စ်ပို့ဓာတ်ပုံ(၂လက်မx ၁ လက်မခွဲ) အရွယ်နှစ်ပုံ ပူးတွဲလျက် လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် ၁၅၀၀၀ကျပ်-(ကျပ်တစ်သောင်းငါးထောင်တိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ၁၀၀၀၀ကျပ်-(ကျပ်တစ်သောင်းတိတိ)ကိုလည်းကောင်း၊ ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၃။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို ငွေလက်ခံဌာန၊ တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီးသို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ပြီး အောက်ခြေတွင် လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့် ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာရပ်၊ စသည်တို့ကို တိကျစွာဖော်ပြရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၃ရက်မှ စတင်ပြီး ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၄ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့ဝတ်စုံများကို ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ရက်မှစပြီး တောင်ငူတက္ကသိုလ် အပန်းဖြေရိပ်သာ(ယာယီဘွဲ့နှင်းသဘင်ဝတ်စုံငှားရမ်းဌာန) တွင်ရုံးချိန်အတွင်း ထောက်ခံစာတင်ပြ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။

၆။ အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည်အခမ်းအနားနှင့် လျော်ညီ၍ ယဉ်ကျေးမှုနှင့်ကိုက်ညီသော ဝတ်စုံကိုသာဝတ်ဆင်၍ တက်ရောက်ကြရမည်။ အခမ်းအနားနှင့်မသင့်လျော်သည့် မည်သည့်ဝတ်စုံကိုမျှ ဝတ်ဆင်၍ အခမ်းအနားတက် ရောက်ခြင်းခွင့်ပြုမည်မဟုတ်ပါ။

၇။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက တောင်ငူတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်လည်းကောင်း၊ ဖုန်း ၀၉-၂၅၅၇၂၀၂၂၃ သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာ**
**တောင်ငူတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ကျုံတုံးကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၄၊ဘနစ် မြောက်ကွင်း)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ ၀ဒသမ၀၈ကေရှိမြေအား ပန်းတနော်မြို့၊ ကျုံတုံးကလေးကျေးရွာအုပ်စု၊ ရွာကြီးဘက်ကျေး ရွာနေ ဦးအောင်မြသိန်း ၁၄/ပတန(နိုင်)၀၄၇၄၀၇မှမြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ လျှောက်ထားမြေသည် ၁၈၈၇-၁၈၈၈ ခုနှစ်ကတည်းက ရွာမြေအဖြစ်တည်ရှိပြီး ဦးအောင်မြသိန်းမှ လွန်ခဲ့သော(၁၀)နှစ်ခန့် ကတည်းက နေထိုင်လာခဲ့ပြီး မြေငှားဂရန်အသစ် ရရှိရေးအတွက် မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ့ကိုမဆို ယခုလျှောက်ထားလာခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ထားဝယ်မြို့

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံများနှင့်ကျန်းမာရေးဌာနများတွင် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် တစ်နှစ်စာအတွက် လိုအပ်သည့်ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၂၀ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၂-၂၀၂၀ရက်၊ ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်ဆေးဝါးအချက်အလက်များကို အသေးစိတ်သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၁၁၄၄၊ ၀၅၉-၂၁၁၄၅တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ထားဝယ်မြို့**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေဘိုမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သော (FDA)အသိ အမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁၀-၁-၂၀၂၀ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၂-၂၀၂၀ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၀၈**

## စိုက်ပျိုးရေးဦးစီးဌာန
## ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲ
## မြေပဒေသာဥယျာဉ်ခြံ(ဗဟန်း)တွင်
## အခြေခံစိုက်ပျိုးနည်းရက်တိုသင်တန်းများဖွင့်လှစ်မည်

| | |
|---|---|
| ၁။ ပရဆေးစိုက်ပျိုးနည်းသင်တန်း | ၂၂-၁-၂၀၂၀ရက်မှ ၂၄-၁-၂၀၂၀ရက် |
| ၂။ စိုက်ပျိုးရေးဆိုင်ရာ အလေ့ကျင့်ကောင်းများ(GAP) | ၂၇-၁-၂၀၂၀ရက်မှ ၂၉-၁-၂၀၂၀ရက် |
| ၃။ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းသင်တန်း | ၃၀-၁-၂၀၂၀ရက်မှ ၁-၂-၂၀၂၀ရက် |
| ၄။ ကိုင်းကူးကိုင်းဆက်သင်တန်း | ၃-၂-၂၀၂၀ရက်မှ ၅-၂-၂၀၂၀ရက် |
| ၅။ သစ်ခွစိုက်ပျိုးနည်းသင်တန်း | ၆-၂-၂၀၂၀ရက်မှ ၈-၂-၂၀၂၀ရက် |
| ၆။ မှိုစိုက်ပျိုးနည်းသင်တန်း | ၁၃-၂-၂၀၂၀ရက်မှ ၁၃-၂-၂၀၂၀ရက် |
| ၇။ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်အသုံးပြုနည်း | ၁၇-၂-၂၀၂၀ရက်မှ ၁၉-၂-၂၀၂၀ရက် |

**ဆက်သွယ်ရန် ခြံဦးစီးမှူးရုံး၊ မြေပဒေသာဥယျာဉ်**
**တယ်လီဖုန်းအမှတ်-၀၉-၂၅၄၀၂၂၃၄၉**

## အမည်မှန်

ရသေ့တောင်မြို့နယ်၊ ရေစိုးချောင်းကျေးရွာနေ (ဘ) ဦးခင်ဝင်းမောင်၏သား မောင်ညီပုချေ ၁၁/ရသတ(နိုင်) ၀၈၉၃၅၀ ၏ အမည်မှန်မှာ မောင်ကျော်မျိုးလင်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မသန်းသန်းဌေး ၁၁/ကတန(နိုင်) ၁၃၉၀၄၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 230505) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၉၀၆၂၉၈**

## အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
## မြင်းခြံခရိုင်တရားရုံး၌
## ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၁နှင့်ဆက်နွှယ်သည့်
## ၂၀၁၉ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၀

| | | |
|---|---|---|
| အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်းကိုယ်စား ဒေါ်စပယ်လွင် ဒုတာဝန်ခံ၊ မြင်းခြံဘဏ်ခွဲ) | **နှင့်** | (၁) ဦးဘစံ (၂) ဒေါ်သိန်းသိန်းရ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ တရားရှုံးများဖြစ်သော(၁) ဦးဘစံ (၂) ဒေါ်သိန်းသိန်းရ (အတူနေလင်မယား)(ယခု နေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်းကိုယ်စား ဒေါ်စပယ်လွင်၊ ဒုတာဝန်ခံ မြင်းခြံဘဏ်ခွဲ) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၄ရက် (၁၃၈၁ခုနှစ် ပြည်သိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော် ရှေ့ လာရောက်စေ။

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဟန်သိန်း)**
**ခရိုင်တရားကြီး**
**မြင်းခြံခရိုင်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၁၁၂၀/က)နေ ဦးမြလှိုင် ၁၂/ လမန(နိုင်)၀၉၄၄၈၆၊ ဒေါ်အေးရီ ၁၂/လမန(နိုင်)၀၉၄၄၈၇တို့၏သမီး မမိုးသူဇာ ၁၂/လမန(နိုင်) ၀၀၈၈၀၆ သည်မိဘနှစ်ဦး၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးမြလှိုင်၊ ဒေါ်အေးရီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ စပါးထားကျေးရွာနေ မောင်နေလင်းကျော်(ဝိဇ္ဇာဘွဲ့ မြန်မာ)၏ဖခင် ဦးမောင်ကျော်ဝင်း ၁၁/ပဏတ(နိုင်) ၀၀၆၁၀၃ နှင့် ဦးမောင်သံဒိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သပိတ်ကျင်းမြို့နယ်၊ ပေါက်တပင်ရွာနေ မောင်ရန်နောင်ထွန်း ၉/သပက(နိုင်)၀၅၇၉၉၅၏ ဖခင် ဦးခင်မောင်ရွှေနှင့် ဦးမောင်ရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်ရွှေ(ခ)ဦးမောင်ရွှေ**

## မိဘအမည်မှန်

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ အလက(ခွဲ)မူလာဒီကျောင်း ဆဋ္ဌမတန်းမှ မောင်ဟိန်းမျိုးဝင်း၏ မိဘအမည်မှန်မှာ ဦးပရင်းဗဟာဒူးနှင့် ဒေါ်ယော်နီးဆီ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ မှတ်တိုင်ကျေးရွာနေ မယုယုဝေလှိုင် ၇/ပတတ(နိုင်)၁၂၄၂၅၉၏ ဖခင်အမည်မှန်မှာ ဦးရွှေဝင်း(ခ)ဦးချိုဝင်း ၇/ပတတ(နိုင်) ၀၄၆၆၄၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရွှေဝင်း(ခ)ဦးချိုဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ အကွက်အမှတ်(၅၂-စီးပွားဇုန်)၊ ဦးပိုင်အမှတ်၊ K-၂၄၊ ဧရိယာ (၀ဒသမ ၀၈၃)ကေ ဧရိယာရှိမြေအား ဦးစိုးအောင်အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပဒေသာဈေး၊ ရုံ/အထပ်အမှတ် (ကပ-၂)၊ ဆိုင်ခန်းအမှတ် ၁၃၆၊ ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်အေးအေးအောင် ၁၂/လရန(နိုင်) ၁၀၄၇၇၇ထံမှ(၃-၁၂-၂၀၁၉)ရက်စွဲပါ အရောင်း/အဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးဇင်ကိုခန့် ၁၂/သဃက(နိုင်)၁၈၇၁၈၈မှ အမည်ပြောင်း လျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် အသစ်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဈေးများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**သက်ဆိုင်ရာဈေးတာဝန်ခံ၏**
**ဖုန်းနံပါတ်-၀၉-၄၃၀၄၁၆၇၂**

## တရားဝင်
## ဇနီးမယားဖြစ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ထန်းပင်ကုန်းရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (ခ/၅၀)နေ ကျွန်တော် ဦးသက်နိုင်ဦး ၁၂/တမန(နိုင်) ၀၂၅၂၄၇နှင့် ကျွန်မ ဒေါ်အေးအေးမြင့် ၁၂/အစန(နိုင်)၀၅၈၁၇၆ တို့သည် ၁၉-၇-၁၉၉၂ခုနှစ်မှစ၍ တရားဝင် ပေါင်းသင်းနေထိုင်ခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပြီး သားသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ မည်သည့် အချိန်ကမျှ ကွာရှင်းပြတ်စဲထားခြင်း မရှိဘဲ ယနေ့ထိတိုင် တရားဝင်ဇနီးမယား ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသက်နိုင်ဦး**
**၁၂/တမန(နိုင်)၀၂၅၂၄၇**

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားရန်အတွက်

အာရှ ဗုဒ္ဓဘာသာအသင်းချုပ်ကို စတင်တည်ထောင်သူ

မဲခေါင်မြစ်ဝှမ်း(၅)နိုင်ငံ ဓမ္မခရီးစဉ်ကို ပူးတွဲစီစဉ်သူ

သုဝဏ္ဏဘူမိမြို့ဟောင်းသည် မြန်မာနိုင်ငံတွင်သာရှိကြောင်း ဖော်ထုတ်သူ

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်

နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ

# အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ

**အား**

## မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို

## ထပ်ဆင့်ချီးမြှင့်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏၂၀၂၀ပြည့်နှစ် ဇန်နဝါရီ၄ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၀ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ထူးကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

- ရွှေတိဂုံမတည်မီ ဆံတော်ကြိုခေတ် စေတီတော်(၉)ဆူကို တစ်ကျော့ပြန်ဖော်ထုတ် ဒါယကာပြုခြင်း။
  ဗုဒ္ဓခေတ် ဆံဦးဆံဖျားဖြစ်သော မြတ်မော်တင်စွန်းစေတီတော်ကို တစ်ကျော့ပြန်ဖွင့်ဖော် ဒါယကာပြုခြင်း။
- ဘုရားရှင်(၄)ဝါမြောက်ကာလက အမွေပေးသနားတော်မူသော သာသနာ(၂၅၀၀)ကျော်မှ ပွင့်ပေါ်တော်မူ လတ္တံ့သော ပျောက်ဆုံးနေသည့် ဆကေသ ဓာတုဝင်ဆံတော်ရှင် (၆)ဆူကို တစ်ကျော့ပြန်ဖွင့်ဖော် ဒါယကာပြုခြင်း။
- ဘုရားရှင်(၈)ဝါမြောက်ကာလ ကိုယ်တော်တိုင်ကြွလာ၍ အမွေပေးသနားတော်မူသောသုဝဏ္ဏဘူမိဆံတော်ရှင်များ သာသနာတော်ကို တစ်ကျော့ပြန်ဖွင့်ဖော်ခြင်း။
- ဘုရားရှင်ဝါတော်(၂၀) ကာလက ရင်ငွေ့သွင်းခဲ့သော ရွှေဘုံသာမုနိစေတီတော်ကို တစ်ကျော့ပြန်ဖွင့်ဖော်ခြင်း။
- ဘုရားရှင်(၂၁)ဝါမြောက် ကာလက ကြွရောက်၍ (၇)ရက်သီတင်းသုံးတော်မူခဲ့သော စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးကို ဘက်စုံပြုပြင်မွမ်းမံ၍ တစ်ကျော့ပြန်ဖွင့်ဖော်ခြင်း။
- မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆံတော်ကြိုစေတီအပါအဝင် တိုင်းနှင့်ပြည်နယ် အသီးသီးရှိစေတီတော်ပေါင်း(၇၇၇)ဆူကို ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်၊ ရွှေထီးတော်များတင်လှူပူဇော် ဘက်စုံပြုပြင်၍ ပဓာန ဒါယကာပြုခဲ့ခြင်း။
- တိုင်းနှင့်ပြည်နယ် အသီးသီးတွင် ရှင်အပါးပေါင်း(၂၅၀၀၀)ကို သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ခြင်း။
- မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။
- ၎င်းအပြင် လမ်းများဖောက်လုပ်ခြင်း၊ သိမ်၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတား တည်ဆောက်ခြင်း၊ ဓမ္မာရုံဆောက်လုပ်ခြင်း တို့အပြင် လူမှုရေး၊ ဘာသာရေး၊ သာသနာရေးတို့ကို တစ်ခေတ်တစ်ယောက်ထွန်းထွန်းပေါက်ပေါက် ဆိုစလောက်အောင် ဦးဦးဖျားဖျား ထူးထူးခြားခြား ဘာသာ၊ သာသနာအကျိုးအတွက် ဆောင်ရွက်ခဲ့ခြင်းများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အာရှ ဗုဒ္ဓဘာသာ အသင်းချုပ်(ABC)နှင့်**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဗဟိုကော်မတီဝင်များ၊**
**ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်**
**အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အသင်းသူ၊ အသင်းသားများ**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀)ဖြင့် **ဦးမောင်မောင်ရင် ဥက္ကဋ္ဌ (ရွှေသိဒ္ဓိကုမ္ပဏီနှင့် Lucky Gold ရတနာဆိုင်)** အား (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် **"သီဟသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း အမျိုးဘာသာ၊သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုလိုက်ရပါသည်။

**ဦးစိန်မင်း-ဒေါ်အေးမွန်မွန် (နှစ်သက်စရာ ရတနာမိသားစု)**
**သမီး- မကြည်သာမင်းမွန်-ကိုချမ်းမြေ့ဟိန်း**
**မရည်မာမင်းမွန်-ဗိုလ်ကြီးလေးမာန်ဟိန်း**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6K/3086, Nissan Civilian MiNi Bus ဦးတင့်ဆွေ ၁၂/ရပသ(နိုင်)၀၈၄၅၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

**ပျောက်ဆုံးကြောင်း**

ဦးသန်းဇော်(ဘ)ဦးမောင်ဦးကျော် ၁၄/ဟကက(နိုင်)၀၂၇၁၆၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၈၈၄၆၂၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (၁)တာမွေမြို့နယ်၊ သစ္စာလမ်း၊ အိမ်အမှတ်(၁၀)၊ (၃)လှိုင်နေ ဒေါ်နှင်းဝေခိုင်(၂)စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ အိမ်အမှတ်(၁၉-B2)နေ ဦးမိုးသဲတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းတရားရုံး တရားရုံး တရားမကြီးအမှုအမှတ်(၁၈/၂၀၁၂)တွင် ဒေါ်နှင်းဝေခိုင် ကငင်းကိုယ်စား တရားလိုအဖြစ်ဆောင်ရွက်ရန် ညီမဖြစ်သူ ဒေါ်ခိုင်ရွှေဝါအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၁/၂၀၁၂)နှင့် ဦးမိုးသဲမှ ၎င်းကိုယ်စားတရားလိုအဖြစ်ဆောင်ရွက်ရန် ညီမဖြစ်သူ ဒေါ်ခိုင်ရွှေဝါအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၀၁၁၈/၂၀၁၂)တို့အား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်လွှဲစာများနှင့် ဒေါ်ခိုင်ရွှေဝါမှ ဆက်လက်ဆောင်ရွက်သည့်ကိစ္စများကို အကျုံးဝင်အတည်မဖြစ်ပါကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီးကျေးရွာအုပ်စု၊ နောင်ခမ်းကြီး ရှမ်းစုကျေးရွာ၊ ရေချိန်ကုန်းပေါ်ရှိ မြေ၂ဒသမ၅ဧကနှင့် မြေပေါ်ရှိနှစ်ထပ်တိုက်နှင့် အဆောက်အအုံများအား ပြင်ဦးလွင်ခရိုင်တရားရုံး တရားမ ဇာရီမှု အမှတ်(၉/၂၀၁၆)အရ (၁)ဒေါ်နှင်းဝေခိုင် (၂)ဦးမိုးသဲတို့ အပါအဝင် ညီမဒေါ်ခိုင်ရွှေဝါတို့က တရားနိုင်အဖြစ် လက်ရောက်ရရှိခဲ့သော မြေဖြစ်ပါသည်။ အထက်ပါမြေအား (၁)ဒေါ်နှင်းဝေခိုင် (၂) ဦးမိုးသဲတို့၏သဘောတူ ခွင့်ပြုမိန့်လျှောက်ထားချက်မရှိဘဲ အခြားသူတစ်ဦး တစ်ယောက်မှ ပုံစံ(၇)လျှောက်ထားခြင်း၊ ဦးပိုင်အမည်ပြောင်းခြင်း၊ ဂရန်လျှောက်ထားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်အမှုသည်များက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝေခိုင်နှင့် ဦးမိုးသဲတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၄၄၉(A1/Z) တည်ရှိရာ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂ဂျီ၊ မြေကွက်အမှတ် ၄၄၉/အေ၁+ဧက် ဗိုလ်မှူးချုပ် သန်းဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် ဗိုလ်မှူးချုပ်သန်းဦးသည် ၈-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်၍ ဒေါ်မြင့်သန်း ၁၂/ဗဟန(နိုင်)၀၁၂၈၃မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံသူအဖြစ် ၎င်းတစ်ဦးတည်းသာကျန်ရှိခဲ့ပြီး အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်း ၁၈-၁၀-၂၀၁၉ ရက် ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်အမှတ်စဉ် ၁၀/၂၂၂၈/၂၀၁၉ ကျမ်းကျိမ်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ယင်းမြေ၏ ဂရန်မူရင်းတို့နှင့်အတူ ဒေါ်မြင့်သန်း၏ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၂၇၂၈၀/၂၀၁၉အရ ဒေါ်သီရိမြင့်ဦး ၁၂/ဗဟန(နိုင်)၀၁၂၂၈၅မှ ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/B)၊မြေကွက်အမှတ်(၂၃၇)၊ဧရိယာ(၀.၁၆)ဧက၊မြေကွက်တည်နေရာအမှတ်(၂၃၇)၊ဂန္ဓာမာလမ်း၊ပုလဲ(၂)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ဦးမြဝင်းအမည်ပေါက်မြေအမျိုးအစား-H(၃)နှစ်လိုင်စင်မြေအားဒေါ်နွဲ့နွဲ့ကြည်(၁၂/ဒဂန(နိုင်)၀၀၀၅၁၃)မှမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှဦးမြဝင်းအမည်ဖြင့်၁၉၈၈ခုနှစ်တွင်ထုတ်ပေးထားသည့်ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မူရင်း၊မြေကွက်အရောင်းအဝယ်အရပ်ကတိစာချုပ်(၂၀-၂-၉၁)၊ပိုင်ဆိုင်မှုပေးအပ်ခြင်းအရပ်ကတိစာချုပ်(၁၅-၅-၁၉)တို့ကိုတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2C/7315 Nissan Diesel CD 45CW ဦးစောမောင်ရာ ၃/ဖပန(နိုင်)၀၁၇၇၄၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

# ဝမ်းမြောက်ဂုဏ်ယူ မုဒိတာပွားခြင်း

ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် ထီးတော်ရိပ်ရှိ ပိဋကတ်ဗျူဟာအဖွဲ့ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြပါသော မေဒိနီဆရာတော် **ဘဒ္ဒန္တကောဝိဒဓဇ**နှင့် ဓမ္မသဟာယသမိတိ ဦးဆောင်ဆရာတော် **ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ** ဆရာတော်ကြီး နှစ်ပါးတို့အား နိုင်ငံတော်မှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအနက် အမြင့်ဆုံး ဘွဲ့တံဆိပ်တော် ဖြစ်သည့် **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်** ဆက်ကပ်ခံရမှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ပိဋကတ်ဗျူဟာအဖွဲ့ကြီး၏ အမှုဆောင်နှင့်စာပေမော်ကွန်း ဥက္ကဋ္ဌ ဆရာကြီးဦးအမ်းယုမောင် (မောင်လူမွေး၊ မြန်မာမှု)အား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ချီးမြှင့်ခံရမှုအတွက် အကြိမ်ကြိမ်အခါခါ မုဒိတာပွားရပါကြောင်း ကမ္ပည်းမော်ကွန်းရေးထိုးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

**ပိဋကတ်ဗျူဟာအဖွဲ့**

---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ(၄)ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၀)ဖြင့် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ပထမဆုံး နှင့် အမြင့်ဆုံးဖြစ်သော ‘ သရေစည်သူဘွဲ့ ’ ကို ‘ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်း ’ အား ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက် ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

သဇင်မြင့်အောင်(အုပ်ချုပ်မှုဒါရိုက်တာ)

POWER PALACE HOTEL, POWER PALACE TRAVELS & TOURS

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

---

## အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၀) ဖြင့် **သုဓမ္မသိင်္ဂီ ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆထူးပန် ကျောက်မျက်ကုမ္ပဏီအား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန်ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာချမ်းသာစွာ ဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာ အကျိုးတို့ကို ဆတက် တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးမင်းသွင်-ဒေါ်ကြည်ထွေး**

**ကြည်ရတနာကုမ္ပဏီလီမိတက်**

---

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ၄ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လမ်းမတော်မြို့နယ်၊ အမှတ် (၄၅)၊ ၁၁လမ်းနေ

**ဦးလှသိန်း**

**(Chairman)**

**(Myanmar Data Center Corporation-Ltd)**

**၏ဇနီး "သုဓမ္မသိင်္ဂီ ဒေါ်တင်လေးကြည်"**

**မန်နေဂျင်းဒါရိုက်တာ**

**(ထူးကဲအောင်မြင် ကုမ္ပဏီလီမိတက်)အား**

**"သီရိသုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်**ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုး များကို ဆတက် ထမ်းပိုးထမ်း ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

၁၉၇၄-၇၈ ခာတုဗေဒ/ကုန်ထုတ်ခာတုဗေဒ သူငယ်ချင်းများ

ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်၊ ရန်ကုန်မြို့

---

## အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၀)ဖြင့် **သုဓမ္မသိင်္ဂီ ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆထူးပန် ကျောက်မျက်ကုမ္ပဏီအား (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာသက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာ အကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဓမ္မသုခသက်နှင်းတိုက်**

**ဦးကိုကိုလတ်-ဒေါ်ရီရီသွယ်**

**(သမီး)မမေသဲချယ် @ Michelle**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂယ/၇၇၂၄၆, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၀/သဖရ(နိုင်)၁၂၂၉၇၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

### ဆေးလှူမည်

တီဘီရောဂါနှင့် ပတ်သက်၍ လိုအပ်သော ဆေးလှူဒါန်းမည်ဖြစ်ပါ၍ ဆက်သွယ်ပါရန်။

ဖုန်း-၀၉-၅၁၅၀၁၆၂

### ကန့်ကွက်နိုင်ပါကြောင်း

